ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ စနေနေ့ (24-10-2015) (၈၃၆၃)

အကြိမ်(၇၀)မြောက် ကုလသမဂ္ဂနေ့
အထိမ်းအမှတ်အခမ်းအနားသို့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သဝဏ်လွှာပေးပို့

စာမျက်နှာ » ၃

# မိတ္ထီလာမြို့နှင့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး အစိမ်းရောင်လွင်ပြင်ဖြစ်ရမည်

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစင်အောင်မြတ်နှင့် ဒေသခံပြည်သူများက ကြိုဆိုကြရာ နိုင်ငံတော်သမ္မတက ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိတ္ထီလာဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်

## အကြိမ်(၇၀)မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ပေးပို့သည့်သဝဏ်လွှာ

၂၄-၁၀-၂၀၁၅

ယခုလို ကုလသမဂ္ဂထူထောင်တဲ့ အကြိမ်(၇၀)မြောက်နှစ်ပတ်လည်နေ့ ထူးမြတ်သောအခါသမယမှာ ပိုမိုကောင်းမွန်လုံခြုံတဲ့ ကမ္ဘာကိုတည်ဆောက်ရေးအတွက် ကုလသမဂ္ဂရဲ့ကူညီထောက်ပံ့မှုများနဲ့ အောင်မြင်မှုများကို မိမိကိုယ်တိုင်နဲ့ မြန်မာပြည်သူလူထုတို့ကိုယ်စား နွေးထွေးစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

လွန်ခဲ့တဲ့ နှစ်(၇၀)က ယနေ့လိုအခါသမယမျိုးမှာ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိန်းသိမ်းဖို့၊ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကိုမြှင့်တင်ဖို့နဲ့ ကမ္ဘာ့ရေးရာ ကိစ္စရပ်များဖြစ်တဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များကို ဖြေရှင်းရာမှာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ရရှိစေဖို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးကို မွေးဖွားပေးခဲ့ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးကိုမြှင့်တင်ခြင်းနှင့် လေးစားလိုက်နာမှုကို မြှင့်တင်အားပေးခြင်းကိစ္စရပ်ဟာလည်း ကုလသမဂ္ဂရဲ့လုပ်ငန်းရပ်များမှာ အစဉ်အမြဲအလေးထားလျက်ရှိတဲ့ ကိစ္စရပ်ပဲဖြစ်ပါတယ်။ ဒီမြင့်မြတ်လှတဲ့ ရည်မှန်းချက်များကို ကုလသမဂ္ဂအနေနဲ့ အကောင်အထည်ဖော်လျက်ရှိရာမှာ ကြီးကြီးမားမားအောင်မြင်မှုများရရှိခဲ့တယ်ဆိုတာ ငြင်းဖွယ်ရာမရှိပါဘူး။

ယနေ့မှာ ကုလသမဂ္ဂအဖွဲ့ကြီးဟာ လူသားအားလုံးအတွက် ကိုယ်စားပြုရပ်တည်နေတာဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ အကြီးဆုံးအစိုးရချင်းဆိုင်ရာ အဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ ကမ္ဘာ့ရေးရာကိစ္စရပ်များမှာ ကုလသမဂ္ဂရဲ့အခန်းကဏ္ဍကို အစားထိုးနိုင်ဖွယ်မရှိပါ။ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိတဲ့ ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များရဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှုအပါအဝင် ကမ္ဘာတစ်ဝန်းလုံးဆင်းရဲနွမ်းပါးမှုကိုတိုက်ဖျက်ရာတွင် အားတက်သရော ကြိုးပမ်းဆောင်ရွက်နေမှုများဟာ မေးခွန်းထုတ်ဖွယ်မရှိပါ။ နောင်လာမယ့် မျိုးဆက်များအတွက် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်တဲ့ အနာဂတ်တစ်ခုဖော်ဆောင်ပေးမယ့် မူဘောင်တစ်ရပ်ပါဝင်တဲ့ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို မြန်မာနိုင်ငံအနေနဲ့ ကြိုဆိုကြောင်းနဲ့ ရှင်းလင်းပြတ်သားစွာထောက်ခံကြောင်း ထုတ်ဖော်ပြောကြားလိုပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယင်းသို့ဆောင်ရွက်လျက်ရှိသော်လည်း သန်းနဲ့ချီတဲ့ ကမ္ဘာပေါ်ရှိ လူသားများဟာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာ နယ်ပယ်တွေမှာ စိန်ခေါ်မှုအချို့ကို ဆက်လက်ရင်ဆိုင်နေရပါတယ်။ **"ကုလသမဂ္ဂရဲ့ နှစ်(၇၀)ပြည့်မြောက်တဲ့ အခါသမယမှာ ကတိကဝတ်အသစ်တစ်ရပ်ကို လက်တွေ့အကောင်အထည်ဖော်ကြစို့"** ဆိုတဲ့ ကုလသမဂ္ဂရဲ့ ယခုနှစ်ဆောင်ပုဒ်ဟာ အလွန်ပဲဆက်နွှယ်ကိုက်ညီနေပါတယ်။ ဒါကြောင့် အနှစ်(၇၀) သက်တမ်းရှိ ကုလသမဂ္ဂအနေနဲ့ ၎င်းရဲ့အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ အကျိုးစီးပွားကို လေးစားလိုက်နာလျက် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ ခိုင်မာတဲ့ကတိကဝတ်ကို ချမှတ်အကောင်အထည်ဖော်သွားသင့်ပါတယ်။ ဒီစိန်ခေါ်မှုများကိုကျော်လွှားနိုင်ဖို့ ကုလသမဂ္ဂအဖွဲ့ကြီးကို အထောက်အကူပြုရာမှာ မြန်မာနိုင်ငံအနေနဲ့ အခြားသောအဖွဲ့ဝင်နိုင်ငံများနဲ့အတူ အတူတကွ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မကြာမီက အတည်ပြုခဲ့တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်သွားနိုင်ကြမယ်လို့ ယုံကြည်ပါတယ်။

ယခုလို ထူးမြတ်တဲ့အခါသမယမှာ ကုလသမဂ္ဂအဖွဲ့ကြီးကို ပိုမိုသန်စွမ်းကြံ့ခိုင်ပြီး ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်စေဖို့ မြန်မာနိုင်ငံနဲ့အတူ အဖွဲ့ဝင်နိုင်ငံများအားလုံး လက်တွဲပါဝင်ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

# ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် ကျွန်ုပ်တို့၏လမ်းပြအဖြစ် မလွဲမသွေဆက်လက်တည်ရှိနေ

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှပေးပို့သည့် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်သဝဏ်လွှာ

၂၄-၁၀-၂၀၁၅

ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံတိုင်း၏ အမျိုးသားအလံများမှာ ၎င်းတို့၏ ဂုဏ်ကျက်သရေနှင့် မျိုးချစ်စိတ်ကို ဖော်ပြထားသောအမှတ်အသားပင်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ လူသားအားလုံးနှင့် သက်ဆိုင်သည့်အလံတစ်ခုတည်းသာရှိပါသည်။

ကုလသမဂ္ဂကြီး၏ အပြာရောင်အလံသည် ကိုရီးယားစစ်ပွဲအတွင်း ကြီးပြင်းခဲ့သည့် ကျွန်ုပ်အတွက်မျှော်လင့်ချက်၏ အောင်လံတစ်ခုပင်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ပြီး ဆယ်စုနှစ် ခုနစ်ခုတိုင်အောင် လူသားအားလုံးအတွက် အချက်ပြမီးတစ်ခုပမာ ဆက်လက်တည်ရှိနေပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် အစားအစာနှင့် ခိုလှုံစရာလိုအပ်နေသူများအတွက် နေ့စဉ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကလေးများသေဆုံးခြင်းမဖြစ်ပွားစေရန် အလို့ငှာ ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် ကလေးများအား ရောဂါကာကွယ်ဆေးထိုးခြင်းများ ပြုလုပ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံသား၊ ကျား/မ(သို့မဟုတ်)လိင်ပိုင်းခွဲခြားမှုမရှိဘဲ အားလုံးအတွက် လူ့အခွင့်အရေးကို ကာကွယ်ပေးလျက်ရှိပါသည်။

ကျွန်ုပ်တို့၏ ငြိမ်းချမ်းရေးထိန်းသိမ်းသူများသည် ပဋိပက္ခဒေသများတွင် ရှေ့တန်းနေရာမှ ပါဝင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ စေ့စပ်ညှိနှိုင်းသူများသည် စစ်မက်ဖြစ်သူများကို ငြိမ်းချမ်းရေးစားပွဲသို့ ခေါ်ဆောင်ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ကယ်ဆယ်ရေးဝန်ထမ်းများသည်လည်း အန္တရာယ်ရှိသည့် ပတ်ဝန်းကျင်ဒေသများသို့ သတ္တိရှိရှိသွားရောက်၍ အသက်ကယ်ဆယ်ရေး အထောက်အပံ့များပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် လူပေါင်းသန်းခုနစ်ထောင်ရှိသော မိသားစုတစ်ရပ်လုံးအတွက် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး ကျွန်ုပ်တို့၏ တစ်ခုတည်းသော အိမ်ဖြစ်သည့် ကမ္ဘာမြေကြီးကိုလည်း စောင့်ရှောက်ပေးလျက်ရှိပါသည်။

ထို့ပြင် ကုလသမဂ္ဂအဖွဲ့ကြီး၏ မတူကွဲပြားခြားနားသည့် ပင်ကိုအရည်အချင်းရှိ ဝန်ထမ်းများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအား သက်ဝင်လာစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

သက်ဆိုင်ရာတာဝန်များအသီးသီးတွင် အဆုံးစွန်ထိ စွန့်လွှတ်အနစ်နာခံ ထမ်းဆောင်ခဲ့သည့် သူများအတွက် ၎င်းတို့၏ လုပ်ငန်းတာဝန်အပေါ် တစိုက်မတ်မတ် ဆောင်ရွက်မှုများကို အကြိမ်(၇၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ဂုဏ်ယူစွာဖြင့် အသိအမှတ်ပြုပါသည်။

ကမ္ဘာကြီးသည် အခက်အခဲများစွာနှင့် ရင်ဆိုင်ရလျက်ရှိပြီး နိုင်ငံတကာ စုပေါင်းလုပ်ဆောင်မှုမှာ အကန့်အသတ်ဖြစ်နေသည်မှာ စိတ်မချမ်းမြေ့စွာ ရှင်းရှင်းလင်းလင်း တွေ့မြင်နေရပါသည်။ မည်သည့်နိုင်ငံ(သို့မဟုတ်)အဖွဲ့အစည်းကမှ ယနေ့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို တစ်ဦးတည်းဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ပါ။

ထာဝရတန်ဖိုးရှိနေသည့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် ကျွန်ုပ်တို့၏ လမ်းပြအဖြစ် မလွဲမသွေဆက်လက် တည်ရှိနေပါသည်။ ကျွန်ုပ်တို့အားလုံး၏ တာဝန်မှာ မိမိတို့ပြည်သူများကို အကျိုးပြုရန်အတွက် အင်အားများစုစည်းရန်ဖြစ်ပါသည်။

ဤနှစ်ပတ်လည်နေ့ကိုဂုဏ်ပြု၍ ကမ္ဘာတစ်ဝန်း အထိမ်းအမှတ်သမိုင်းဝင် ကျောက်တိုင်အဆောက်အအုံများအား ကုလသမဂ္ဂအပြာရောင်မီးထွန်းညှိထားပါသည်။ ယခုမှတ်ကျောက်တင်နှစ်ပတ်လည်နေ့တွင် အလင်းရောင်တောက်ပသကဲ့သို့ ကျွန်ုပ်တို့အားလုံး၏ ပိုမိုတောက်ပကောင်းမွန်သော အနာဂတ်တစ်ခုအတွက် ကျွန်ုပ်တို့ကတိကဝတ်များကို ထပ်လောင်းအတည်ပြုကြပါစို့။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၃**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၌ ၁၃၇၇-၇၈ခု ပညာသင်နှစ်၊ သာသနာ့တက္ကသိုလ်ဓမ္မာစရိယ(ပထမနှစ်) သင်တန်းသို့တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတီယင်္ဂဏ စာသင်တန်း၊ သကျသီဟ စာသင်တန်းတစ်ခုခု အောင်မြင်ပြီးသော အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများလျှောက်ထားနိုင်ကြောင်း သိရသည်။

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် ကျောင်းဝင်ခွင့်စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်း၊ အဘိဓမ္မာဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းလွှာတစ်ခု၊ ပါဠိဘာသာရပ်နှင့် တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာတစ်ခုတို့ကို (၁)ရက်စီ စုစုပေါင်း (၂)ရက်ဖြေဆိုကြရမည်ဖြစ်သည်။

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၇၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၆ ရက် သောကြာနေ့မှစတင်၍ အစိုးရရုံးပိတ်ရက်မှအပ ထုတ်ပေးမည်ဖြစ်ပြီး ၁၃၇၇ခု တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၄ ရက် အင်္ဂါနေ့နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ သာသနာ့တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးများတွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသောအချက်များကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး၊ ဖုန်း-၀၁-၆၆၅၃၆၂၊ ၀၉-၄၃၁၂၅၈၂၃၊ ၀၉-၅၄၀၀၈၂၈၊ ၀၉-၂၅၀၀၃၇၈၉၉၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး ဖုန်း-၀၁-၆၆၄၃၉၅၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း-၀၂-၆၆၉၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲတွင်အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များအား မြင်းမူမြို့၌ စစ်ဆေး

**မြင်းမူ အောက်တိုဘာ ၂၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များအား စုတ်ပြဲမှု ရှိ/မရှိ၊ အစွန်းအထင်း ပါ/မပါ၊ မိမိတို့၏ မဲဆန္ဒနယ် ဟုတ်/မဟုတ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးမှုကို အောက်တိုဘာ ၂၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆန္ဒမဲလက်မှတ်များကို စစ်ဆေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိမိတို့ တာဝန်ယူရသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ထုတ်ပေးပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မဲရုံမှူးများက ဆန္ဒမဲလက်မှတ်များအား တစ်ရွက်ချင်း၊ တစ်အုပ်ချင်း စနစ်တကျ စစ်ဆေးခဲ့ကြသည်။

ဆန္ဒမဲလက်မှတ်များကို စစ်ဆေးပြီးနောက် မဲရုံအလိုက် သံသေတ္တာများတွင် စနစ်တကျထည့်သွင်းပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ထုတ်ပေးရမည့်သတ်မှတ်ရက်တွင် စနစ်တကျလွှဲပြောင်းထုတ်ပေးမည်ဖြစ်သည်။

မြင်းမူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၄၃၃၆၈ ဦး၊ မဲဆန္ဒနယ်အမှတ်(၂)တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၄၂၅၉၈ ဦး စုစုပေါင်း ဆန္ဒမဲပေးခွင့်ရှိသူ ၈၅၉၆၆ ဦးရှိပြီး မဲရုံပေါင်း ၅၈ ရုံ ရှိကြောင်းသိရသည်။ **(ဖိုးခါး)**



# ပြင်သစ်နိုင်ငံတွင် ဘတ်စ်ကားနှင့် ကုန်တင်ကားတစ်စီးတို့ ခေါင်းချင်းဆိုင်တိုက် အနည်းဆုံးလူ ၄၂ ဦး သေဆုံး

**ဘော်ဒိုး အောက်တိုဘာ ၂၃**

ပြင်သစ်နိုင်ငံ ဘော်ဒိုးမြို့အရှေ့ဘက် ၃၅ မိုင်အကွာတွင် အငြိမ်းစားဝန်ထမ်းများအား တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ ဘတ်စ်ကားပေါ်လိုက်ပါစီးနင်းလာသူ အနည်းဆုံး ၄၂ ဦးသေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မိမှုသည် ပြင်သစ်နိုင်ငံတွင် နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးသော ယာဉ်မတော်တဆမှုဖြစ်သည်။ ဘတ်စ်ကားသည် ပင်စင်စား သက်ကြီးရွယ်အို စုစုပေါင်း ၅၀ ခန့်ကို ယင်းတို့နေရပ်ဖြစ်သော ပက်တစ်ပါလိုက်စ်ရွာမှ တောင်ဘက်ပိုင်းရှိ ဘန်းဒေသသို့ တင်ဆောင်မောင်းနှင်လာစဉ် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘတ်စ်ကားပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များမှာ ပြင်သစ်လူမျိုးများဖြစ်ကြကြောင်း ပြည်ထဲရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူကဆိုသည်။



အဆိုပါယာဉ်မတော်တဆတိုက်မှုနှင့်ပတ်သက်ပြီး အလွန်အမင်းစိတ်ထိခိုက်ရကြောင်း ဂရိနိုင်ငံ အေသင်မြို့၌ ရောက်ရှိနေသော သမ္မတ ဖရန်ဆွာဟော်လန်က ဝမ်းနည်းစကားဆိုသည်။ ဝန်ကြီးချုပ် မန်နျူရယ်ဗောစ်နှင့်အခြားသောဝန်ကြီးများမှာ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ခဲ့သည်။

၁၉၈၂ ခုနှစ် ဇူလိုင်လတွင် ဘာဂန်ဒီမြို့၌ဖြစ်ပွားခဲ့သည့် ကလေးငယ်အများစုပါဝင်သော လူ၅၃ ဦးသေဆုံးခဲ့သည့် ယာဉ်မတော်တဆဖြစ်ပွားမှုနောက်ပိုင်း ယခုယာဉ်တိုက်မှုသည် လူအသေအပျောက်အများဆုံးဖြစ်ရပ်ဆိုးတစ်ခုဖြစ်ကြောင်း သိရသည်။

**ရိုက်တာ။**

# ဆူနာမီရေလှိုင်း ကြိုတင်သတိပေးစနစ် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တပ်ဆင်

**နယူးဒေလီ အောက်တိုဘာ ၂၃**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဆူနာမီရေလှိုင်း ကြိုတင်သတိပေးရေးစနစ်ကို တပ်ဆင်ထားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

မွမ်ဘိုင်းမြို့၌ အသစ်တပ်ဆင်ထားသော ဆူနာမီကြိုတင်သတိပေးရေးစနစ်ကို အောက်တိုဘာ ၂၆ ရက်တွင် စမ်းသပ်မည်ဖြစ်ကြောင်း ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ မာဂါးက ပြောကြားသည်။

အိန္ဒိယသမုဒ္ဒရာဒေသ၌ ဆူနာမီရေလှိုင်းဘေးအန္တရာယ် ခြိမ်းခြောက်မှုရှိလာမည်ဆိုပါက ကြိုတင်သတိပေးရေးစနစ်ဖြင့် ပြည်သူများအား အသိပေးနိုင်မည်ဖြစ်ကြောင်း၊ ဆူနာမီရေလှိုင်း အချက်ပေးခြင်းဆိုင်ရာ ဒစ်ဂျစ်တယ် အီလက်ထရွန်နစ်စနစ်နှင့် အရေးပေါ်ဥသြတို့ကို တပ်ဆင်ထားပြီးဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆူနာမီရေလှိုင်းဘေးအန္တရာယ် ကျရောက်ချိန်တွင် အရေးပေါ်ဥသြဆွဲကာ သတိပေးမည်ဖြစ်သည်။ ဥသြတည်ရှိရာနေရာမှ သုံးကီလိုမီတာပတ်လည် အကွာအဝေးအတွင်း ဥသြသံကို တစ်မိနစ်ကြာမျှ ကြားနိုင်မည်ဖြစ်သည်။

အိန္ဒိယအနောက်ပိုင်း ရေတပ်ဌာနချုပ်၏ မိုးလေဝသရုံး၌ ဆူနာမီရေလှိုင်း ကြိုတင်သတိပေးရေးစနစ်ကို အိန္ဒိယပင်လယ်သမုဒ္ဒရာဆိုင်ရာ ပြန်ကြားရေးဌာနက တပ်ဆင်ပေးထားသည်။ အဆိုပါဌာနသည် မြေကမ္ဘာနှင့် သိပ္ပံရေးရာဝန်ကြီးဌာနအောက်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

**ပီတီအိုင်။**




# တင်နက်ဆီကောလိပ် ပရဝဏ်နယ်မြေအတွင်း ပစ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**ဝါရှင်တန်ဒီစီ အောက်တိုဘာ ၂၃**

အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်မြို့တော် နက်ဗီလီရှိ တင်နက်ဆီပြည်နယ်တက္ကသိုလ်ပရဝဏ်နယ်မြေ၌ အောက်တိုဘာ ၂၂ ရက်နှောင်းပိုင်းက ပစ်ခတ်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဒေသစံတော်ချိန် ည ၁၁ နာရီ မတိုင်မီအချိန်တွင် ဖြစ်ပွားခဲ့သော အဆိုပါပစ်ခတ်မှုများမှာ လဟာပြင်ဝင်းအတွင်းရှိ အန်စာတုံးကစားပွဲတစ်ခု၌ အငြင်းပွားမှုတစ်ခုမှ စတင်ဖြစ်ပွားခဲ့ပုံပေါ်ကြောင်း နက်ဗီလီမြို့ပြရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူအမျိုးသားမှာ ကျောင်း၌စာရင်းသွင်းထားသူမဟုတ်ကြောင်း တက္ကသိုလ်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ဆိုသည်။ ပစ်ခတ်မှုတွင် ပါဝင်သူအခြားလူများမှာ တက္ကသိုလ်ကျောင်းသားများ သို့မဟုတ် တက္ကသိုလ်ပရဝဏ်နယ်မြေသို့ လာရောက်လည်ပတ်သူများ ဟုတ်၊ မဟုတ် ရဲတပ်ဖွဲ့က ပြောကြားခြင်းမရှိပေ။ သေနတ်ပစ်ခတ်ခံရသူသုံးဦးကို ဗန်ဒါဘက်တက္ကသိုလ် ဆေးဘက်ဆိုင်ရာဌာနသို့ ပို့ဆောင်ထားကြောင်း နက်ဗီလီမြို့ပြအရေးပေါ်ဆက်သွယ်ရေးဌာနမှ တန်ညာစတုန်းက ပြောကြားသည်။

အသက်ရှင်ကျန်ရစ်သူနှစ်ဦးမှာ အသက်အန္တရာယ်မစိုးရိမ်ရသော ဒဏ်ရာများရရှိခဲ့ကြောင်း တင်နက်ဆီရန်သတင်းစာက ဆိုသည်။ ပြီးခဲ့သောရက်သတ္တပတ်ကလည်း တင်နက်ဆီပြည်နယ် တက္ကသိုလ်ပရဝဏ်အနီးရှိ အိမ်တစ်လုံး၌ ပါတီတစ်ခုအတွင်း လူသုံးဦးသေနတ်ဖြင့် အပစ်ခံရသောကြောင့် ဒဏ်ရာရရှိခဲ့သည်။ မြောက်ပိုင်းအရီဇိုးနားတက္ကသိုလ်နှင့် ဟူစတန်မြို့ရှိ တောင်ပိုင်းတက္ကဆတ်တက္ကသိုလ်တို့၌ ဖြစ်ပွားခဲ့သော လူအများအပြား သေခဲ့ကြသည့် ဖြစ်ရပ်များအပါအဝင် အောက်တိုဘာလအတွင်း အမေရိကန်ပြည်ထောင်စုရှိ ကျောင်းများ၌ သို့မဟုတ် ကျောင်းများအနီး သေနတ်ဖြင့် အကြမ်းဖက်မှုဆက်တိုက်ဖြစ်ပေါ်နေစဉ် အဆိုပါပစ်ခတ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သော အောက်တိုဘာ ၁ ရက်က သေနတ်သမားတစ်ဦးက အော်ရီဂွန်ပြည်နယ်ရှိ ကောလိပ်ဝင်းတစ်ခုအတွင်း လူကိုးဦးအား ပစ်သတ်ခဲ့ရာ ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း အမေရိကန်ပြည်ထောင်စု၌ လူအသေအပျောက်အများဆုံး ပစ်ခတ်မှုများအနက် တစ်ခုအဖြစ်သတ်မှတ်ခြင်းခံခဲ့ရသည်။

**ရိုက်တာ။**

# အမေရိကန်ပြည်ထောင်စုနှင့်ရော တရုတ်နိုင်ငံနှင့်ပါ ဆက်ဆံရေးကောင်းမွန်ရန် ဗီယက်နမ်လိုလား

**ဟနွိုင်း အောက်တိုဘာ ၂၃**

မိမိ၏နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့်ရော တရုတ်နိုင်ငံနှင့်ပါ ရင်းနှီးချစ်ကြည်သော ဆက်ဆံရေးကို တည်ဆောက်ရန် လိုလားသည်ဟု ဗီယက်နမ် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဖွန်ကွမ်သန်းက အမျိုးသားလွှတ်တော်အမတ်များအား ပြောကြားလိုက်ကြောင်း အောက်တိုဘာ ၂၃ ရက်ထုတ် လူငယ်အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။



တောင်တရုတ်ပင်လယ်ဆိုင်ရာ ပိုင်နက်နယ်မြေအငြင်းပွားမှုများနှင့်ပတ်သက်၍ ငြိမ်းချမ်းသော နည်းလမ်းများနှင့်အညီ ဖြေရှင်းလိုကြောင်း ဗိုလ်ချုပ်ကြီးဖွန်ကွမ်သန်းက ဥပဒေပြုအမတ်များအား အောက်တိုဘာ ၂၂ ရက်က တွေ့ဆုံရာတွင် ပြောကြားသည်။

တောင်တရုတ်ပင်လယ်တွင် လွန်ခဲ့သည့်နှစ်က နှစ်နိုင်ငံ ပိုင်နက်အငြင်းပွားနေသည့် ရေပြင်အတွင်း တရုတ်နိုင်ငံက ရေနံတူးစင်တစ်ခုကို ဖြန့်ကြက်ရာမှ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့အကြား တင်းမာမှုများ ပေါ်ပေါက်ခဲ့ပြီး ဆက်ဆံရေး ထိခိုက်ခဲ့ရသည်။

ထိုစဉ်အတွင်း အမေရိကန်ပြည်ထောင်စုက ဗီယက်နမ်နိုင်ငံနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်လာခဲ့သည်။

**ရိုက်တာ။**

# တီကျပ်ပွဲထိန်းဒုံးကျည် အီရန်စမ်းသပ်ပစ်ခတ်မှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ သုံးသပ်လေ့လာမည်

**ကုလသမဂ္ဂ အောက်တိုဘာ ၂၃**

အီရန်နိုင်ငံက တီကျပ်ပွဲထိန်းဒုံးကျည်တစ်လုံးကို စမ်းသပ်ပစ်ခတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များကို သုံးသပ်လေ့လာသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်က တီကျပ်ပွဲထိန်းဒုံးကျည်စမ်းသပ်ပစ်ခတ်ခြင်းသည် ကုလသမဂ္ဂ၏ ဒဏ်ခတ်အရေးယူမှုဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ရာရောက်သည်ဟု အမေရိကန်ပြည်ထောင်စုနှင့် ယင်း၏ ဥရောပမဟာမိတ်နိုင်ငံများက ပြောကြားခဲ့ကြသည်။

ဒုံးကျည်စမ်းသပ်ပစ်ခတ်ခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအောက်ရှိ အီရန်ဆိုင်ရာ ဒဏ်ခတ်အရေးယူရေးကော်မတီက တုံ့ပြန်ဆောင်ရွက်ရန် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က အောက်တိုဘာ ၂၁ ရက်တွင် တိုက်တွန်းခဲ့ကြသည်။

အီရန်ဆိုင်ရာ ဒဏ်ခတ်အရေးယူရေးကော်မတီသည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုဖြင့် အီရန်နိုင်ငံအား အရေးယူအပြစ်ပေးနိုင်ခြင်းရှိ၊ မရှိ ရုရှားသံအမတ်ကြီး ဗိုက်တယ်လီချာကင်အား သတင်းထောက်များက မေးမြန်းခဲ့သည်။

အီရန်နိုင်ငံက ဒုံးကျည်စမ်းသပ်မှုကိစ္စနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များကို မိမိတို့စိစစ်သုံးသပ်သွားမည်ဖြစ်ကြောင်း ရုရှားသံအမတ်ကြီးက ပြောကြားသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

**❖ ဟားခါးမြို့မှ**

သစ်တောရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ဟားခါးမြို့သစ် ပြန်လည်နေရာချထားရေး၊ တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေမှုများအားလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ဟားခါးမြို့၌ မိုးသည်းထန်စွာရွာသွန်းမြေပြိုမှုများကြောင့် ဟားခါးမြို့ပေါ်တွင် လူနေအိမ် ၇၃၂ လုံး၊ ကျေးလက်ဒေသတွင် ၁၃၈ လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။ အဆိုပါ သဘာဝဘေးသင့်မှုအခြေအနေများကြောင့် ဆက်လက်နေထိုင်ရန် မသင့်လျော်သည့်အိမ်ရာများ ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် အန္တရာယ်ကင်းဇုန်အဖြစ် သတ်မှတ်ထုတ်ပြန်ထားသည့် ဟားခါး-ဖလမ်း ကားလမ်းအထက်ရှိ မြေဧက ၅၂၀ တွင် ဟားခါးမြို့သစ်ကို ဖော်ထုတ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလအတွင်း နေရာချထားပေးသွားမည်ဖြစ်သည်။ နေအိမ် အလုံး ၂၀၀ ကျော်အား လာမည့် ဒီဇင်ဘာလအတွင်း သက်ဆိုင်သူများလက်သို့ လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ကွန်ကရစ်ပတ်လမ်းခင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကလေး - ပြင်သာလမ်း (ပေ- ၅၀၀၀) ကွန်ကရစ်လမ်းခင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကလေးမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ပေးရန်ရှိသည့် လုံးချင်းအိမ် ၃၅၈ လုံးအနက် ၁၈၅ လုံး တည်ဆောက်ပြီးစီးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဒီဇင်ဘာလအတွင်းပြီးစီးရေး ဆောင်ရွက်နေမှုများအပေါ် တာဝန်ရှိသူများနှင့် ဆွေးနွေးသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ချင်းပြည်နယ်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ဟားခါးမြို့ သန့်ရှင်းသောသောက်သုံးရေရရှိရေး စီမံကိန်းပြီးစီးမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးထလာဟရဲက ဟားခါးမြို့သန့်ရှင်းသော သောက်သုံးရေရရှိရေးဆိုင်ရာများကိုလည်းကောင်း၊ မြန်မာ့အလှူကုမ္ပဏီစီမံကိန်းတာဝန်ခံက ဟားခါးမြို့သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဟားခါးမြို့အနောက်မြောက်ဘက်ရှိ တီးမစ်ချောင်းပေါ်တွင်တည်ဆောက်လျက်ရှိသည့် တီးမစ်တမံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် ဟားခါးမြို့တွင်း သန့်ရှင်းသည့်သောက်သုံးရေ ဖြန့်ဖြူးပေးဝေမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တမံတည်ဆောက်ရေးလုပ်ငန်းများ၊ သန့်ရှင်းသောသောက်သုံးရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းဆိုင်ရာများ၊ လျှပ်စစ်မီးဖြန့်ဖြူးနိုင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၌ စနစ်တကျစီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဟားခါးမြို့သစ်ရှိ ရေစစ်ကန်တည်ဆောက်နေမှုနှင့် တီးမစ်တမံတည်ဆောက်ရေးလုပ်ငန်းခွင်များအား ကြည့်ရှုစစ်ဆေးသည်။ ဟားခါးမြို့တွင် တစ်နှစ်ပတ်လုံး သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေး၊ စိုက်ပျိုးလယ်ယာမြေများ ရေဖြန့်ဝေပေးနိုင်ရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးတို့အတွက် ဟားခါးမြို့အနောက်မြောက်ဘက် ၆ မိုင်အကွာရှိ တီးမစ်ချောင်းတွင် တမံတည်ဆောက်လျက်ရှိသည်။ အဆိုပါ ကွန်ကရစ်တမံသည် အမြင့် ၅၄ ပေ၊ အလျား ၁၉၆ ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၁၆၈ ဧကပေ ရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■



မိတ္ထီလာကန်အား ဝေဟင်မှ တွေ့ရစဉ်။ *(သတင်း- ရွှေဖုံး)*

(သတင်းစဉ်)

## (NCA) လက်မှတ်ရေးထိုးခြင်းကို ထောက်ခံပွဲ လားရှိုး၌ ကျင်းပ

**လားရှိုး အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက ပြည်ထောင်စုအားကစားကွင်း၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း ထောက်ခံကြိုဆိုပွဲကို လားရှိုးမြို့ပေါ်ရှိ ကျေးရွာ၊ ရပ်ကွက် ၁၂ ရပ်ကွက်အတွင်းရှိ မြို့သူ မြို့သားများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ စုစုပေါင်း အင်အား ၆၅၀၀ ခန့် တက်ရောက်ကြပြီး မြို့မိမြို့ဖ သဘာပတိ ဦးကံမြိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တအာင်း(ပလောင်) စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးမိုင်းဝဏ္ဏက အဆိုတင်သွင်းပြီး ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(အဖွဲ့ဝင်) ဒေါ်နန်းဆိုင်က ထောက်ခံတင်ပြရာ တက်ရောက်လာကြသော ပြည်သူလူထုက တစ်ခဲနက်ထောက်ခံကြကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၄-၁၀-၂၀၁၅)ရက်နေ့တွင် လှိုင်သာယာမြို့နယ်အတွင်းရှိ ကျန်စစ်မင်းအိမ်ရာ ကံလှ၊ ရွှေလင်ဗန်းဇုန်၊ ဇုန်(၅)၊ ကျုံစု၊ အလယ်ရွာ၊ (၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆)ရပ်ကွက်များ၊ ကမာရွတ်မြို့နယ်အတွင်းရှိ (၈၊ ၉၊ ၁၀)ရပ်ကွက်များ၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ဝ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း လည်းကောင်း၊

၃။ ထို့အပြင်(၂၅-၁၀-၂၀၁၅)ရက်နေ့တွင် စမ်းချောင်းမြို့နယ်အတွင်းရှိ စမ်းချောင်း(တ၆မ)၊ ရှင်စောပု၊ အောင်ချမ်းသာ၊ ကြက်တန်း(စခ)၊ အနောက်ရွှေဂုံတိုင်လမ်းများ၊ ဓမ္မစေတီလမ်း၊ အာဇာနည်လမ်း၊ အလယ်ရွှေဂုံတိုင်လမ်းတစ်ခြမ်း၊ မြောက်ဘက်မုခ်(ဗဟ)မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ဝ၀း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း လည်းကောင်း၊

၄။ ၎င်းအပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းတစ်လျှောက်တွင် လမ်းသားတိုးချဲ့ခြင်းလုပ်ငန်းနှင့် မလွတ်ကင်းသော သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဓာတ်အားပိတ်၍လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် သပြေကုန်းရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာဈေး၊ မြယာကုန်းရပ်ကွက်တို့တွင် (၂၄. ၁၀. ၂၀၁၅)ရက်နေ့ ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသည်။

၅။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားစနစ် ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူများသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## NCA လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အခမ်းအနား သီပေါမြို့နယ်တွင် ကျင်းပ

**သီပေါ အောက်တိုဘာ ၂၃**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားအား အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သီပေါမြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုရှိ တိုင်းရင်းသားပြည်သူအင်အား ငါးထောင်ကျော်တို့က သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးကွင်းတွင် စုရုံးကြပြီး မိုင်းပွန်လမ်း၊ အောင်သပြေလမ်းနှင့် လမ်းမတော်လမ်းတစ်လျှောက် NCA စာချုပ်ပါ သဘောတူညီချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ တိုင်းရင်းသားလက်နက်ကိုင်အားလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရေး၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆိုင်းဘုတ်များကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် လှည့်လည်ခဲ့ကြသည်။

ဆက်လက်၍ လူထုထောက်ခံပွဲကို ကျင်းပရာ ပန်စောက်မိန်းကျေးရွာမှ ရှမ်းတိုင်းရင်းသား ဦးစိုင်းကာလိန်ဝမ်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားကာ နမ့်အွန်ကျေးရွာအုပ်စု ကုန်းညကျေးရွာမှ ဦးစိုင်းနွံရွက်လျန်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းကို ထောက်ခံကြောင်း အဆိုနှင့် ပန်းတိမ်တောင်ရပ်ကွက်မှ ဒေါ်နန်းမိုးမိုးထွေးက အဆိုကိုထောက်ခံကြောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး သဘာပတိက တက်ရောက်လာသူ တိုင်းရင်းသားပြည်သူများ၏ သဘောတူညီချက်ကိုရယူရာ တစ်ခဲနက် ထောက်ခံခဲ့ကြပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**စိုင်းထွန်းသိန်း(ပြန်/ဆက်)**

# သူတော်ကောင်းတို့၏ နေထိုင်ခြင်း

## အရှင်မဟာပဏ္ဍာဝံသ

သူတော်ကောင်းဟူသည် လူသူမနီးတောတွင်း၌ တစ်ဦးတည်းနေသော်ငြားလည်း မိမိ၏သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာများကို အလေးဂရုပြု၍ နေတတ်ကြပေသည်။ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးလျှင် "မည်သူ့ကို အလေးဂရုပြုပြီးနေရလျှင် ကောင်းမည်နည်း"ဟု ကြံစည်တော်မူခဲ့ဖူးပါသည်။ မြတ်စွာဘုရားရှင်သည် သူအလေးဂရုပြုနေရမည့်သူ လူ၊နတ်၊ ဗြဟ္မာထဲတွင် ရှာမတွေ့လျှင် သူဟောကြားတော်မူခဲ့သည့် တရားတော်ကို အလေးဂရုပြုပြီးနေရလျှင် ကောင်းမည်ဟု အကြံတော်ဖြစ်ခဲ့ပြီး သူဟောကြားတော်မူခဲ့သော တရားတော်အပေါ် အလေးဂရုပြု၍ လေးဆယ့်ငါးဝါကာလပတ်လုံး နေတော်မူခဲ့ပါသည်။

ယနေ့မြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်းမှာ ဝင်ရောက်သာသနာပြုနေကြသည့် ရဟန်းတော်များနှင့် ရှင်သာမဏေများသည် ဆရာမှကင်းပြီးမနေကြပါ။ ရှင်သာမဏေများသည် မိမိတို့၏ ဥပဇ္ဈာယ်ဆရာကို အလေးဂရုပြု၍နေကြရသည်။ ရဟန်းဝါ ငါးဝါအောက်ရဟန်းငယ်များသည် မိမိရောက်ရှိနေသည့် ကျောင်းတိုက်ရှိ ဆရာတော်ထံ နိဿရည်းယူ ဩဝါဒခံ၍ နေထိုင်ကြရသည်။ ငါးဝါအထက် အသက်နှစ်ဆယ့်ငါးနှစ်ကျော် ရဟန်းတော်များသည် တစ်ပါးကိုတစ်ပါး အလေးဂရုပြု၍ သီတင်းသုံးနေထိုင်ကြရပါသည်။ ငယ်သောရဟန်းတော်သည် မိမိထက် တစ်ဝါတစ်ရက်မျှကြီးသော ရဟန်းတော်အပေါ် ဝယဝုပိဂုဏ်ကြောင့် ရိုသေလေးစား ဂရုဂါရဝထားပြီးနေလေ့ရှိသကဲ့သို့ ထိုတစ်ဝါကြီးတစ်ရက်မျှကြီးသော ရဟန်းတော်သည်လည်း ငယ်သောရဟန်းတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ပရိယတ္တိဂုဏ်တို့အပေါ် အလေးထားလျက်နေထိုင်တတ်ကြသည်။ ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ရဟန်းသာမဏေအချင်းချင်းအပေါ် မလေးမစားမဆက်ဆံတတ်ကြပေ။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ သာသနာတော်သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အပေါ် အလေးဂရုပြုသီတင်းသုံးနေထိုင်ကြသောကြောင့် နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာတိုင် သံဃာတော်များ၏ စည်းလုံးညီညွတ်ခြင်းအားဖြင့် တည်ရှိနေပေသည်။

သီတင်းကျွတ်လပြည့်နေ့သည် 'မဟာပဝါရဏာနေ့'ဖြစ်သည်။ ပဝါရဏာဟူသည် တစ်ပါးကိုတစ်ပါး ဆိုဆုံးမပါရန် မိမိကိုယ်ကိုယ်အပ်နှင်းခြင်းပင်ဖြစ်သည်။ ရဟန်းတော်များသည် ထိုသီတင်းကျွတ်လပြည့်နေ့ ရောက်လျှင် ဝန်းကျင်ရှိကျောင်းတိုက်များမှ သံဃာတော်များသည် သိမ်တစ်ခုတွင် စုဝေးကြပြီး 'သံဃံ ဘန္တေ ပဝါရေမိ' စသည်ဖြင့် မိမိ၏မဂ်တားဖိုလ်တားကိုဖြစ်စေ၍ အပါယ်ဒုဂ္ဂတိသို့ကျရောက်စေတတ်။ မင်းဘေးမင်းဒဏ်ကို ဖြစ်စေတတ်သော အနေအထိုင် အပြောအဆိုတို့အပေါ်မှာ ကိုယ်တိုင်မြင်တွေ့ခဲ့လျှင်ဖြစ်စေ၊ တစ်ဆင့်ကြားခဲ့လို့ သိခဲ့ရလျှင်ဖြစ်စေ၊ သို့မဟုတ် ယုံမှားသံသယမျိုးရှိနေခဲ့လျှင်ဖြစ်စေ တပည့်တော်အပေါ် စာနာထောက်ထားသနားသောအားဖြင့် ဆိုဆုံးမကြပါရန် တပည့်တော်၏ရဟန်းဘဝကို အပ်နှင်းပါသည်ဘုရား" ဟု ပါဠိလို ပြောဆိုအပ်နှင်းကြရပါသည်။

ရှေးယခင်က ထိုသို့သောပဝါရဏာပွဲများကို သီဟိုကျွန်းခေါ် ယခုသီရိလင်္ကာနိုင်ငံ၌ ဘုရင်မင်းမြတ်များ၊ အမတ်ကြီးများ၊ စစ်သူကြီးများ၊ သူဌေးသူကြွယ်များက ဦးဆောင်ပြီး ခြိမ့်ခြိမ့်သဲမျှ စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း အချို့ကျေးရွာ ဆယ်ရွာ၊ ဆယ့်ငါးရွာရှိ သံဃာတော်များပေါင်းစုပြီး ပဝါရဏာပြုလေ့ရှိကြပါသည်။ ထို့ကြောင့် အချို့နေရာများ၌ ယနေ့တိုင် ပဝါရဏာဂိုဏ်းများဟူ၍ ရှိနေကြဆဲဖြစ်သည်။

မြတ်စွာဘုရားရှင်သည် သံဃာကို မလေးမစားမဆက်ဆံ၊ အလေးဂရုပြုဆက်ဆံသည်။ 'ဗုဒ္ဓပမုခဿ သံဃဿ- ဘုရှားရှင်အမှူးပြုသော သံဃာ' ဟူရာ၌ မြတ်စွာဘုရားရှင်သည်ပင် သံဃာတော်အတွင်းတွင် အကျုံးဝင်သည်။ သံဃာကို စော်ကားမိလျှင် ဘုရားရှင်ကိုစော်ကားသည်နှင့် အတူပင်ဖြစ်သည်။ 'သံဃော ဒုဿီလောနာမ နတ္ထိ-သံဃာမှာဒုဿီလပုဂ္ဂိုလ်ဟူ၍မရှိ' ဟု ဟောတော်မူထားရာ သံဃာသည် သီလစင်ကြယ်သည်ဖြစ်၍ သံဃာကို စော်ကားလျှင် ကံကြီးထိုက်ပါသည်။

**မြတ်စွာဘုရားရှင်၏ သာသနာတော်သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အပေါ် အလေးဂရုပြု သီတင်းသုံးနေထိုင်ကြသောကြောင့် နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာတိုင် သံဃာတော်များ၏ စည်းလုံးညီညွတ်ခြင်းအားဖြင့် တည်ရှိနေပေသည်။**

မြတ်စွာဘုရားရှင်သည် သံဃာအား အဆုံးအမပေးထားပြီးဖြစ်သည်။ ဝိနည်းစည်းကမ်းများဖြင့် တားဆီးထားပြီးဖြစ်သည်။ မြတ်စွာဘုရားရှင်သည် အကောင်းဆုံးသော ဆေးဆရာနှင့်တူသည်။ သေးငယ်သော အပြစ်ကိုလည်း အပြစ်ဟုပြောဆိုဆုံးမသည်။ သံဃာတော်များသည်လည်း ငယ်သောအပြစ်ကို အပြစ်ဟု ဝန်ခံတော်မူကြသည်။ ဆေးဆရာသည် သင်ဗိုက်နာနေသလားဟုမေးလျှင် ဗိုက်နာနေသူသည် ဗိုက်နာနေကြောင်းဝန်ခံပေမည်။ ထို့အတူ သံဃာတော်သည် အပြစ်ကိုအပြစ်ဟုဝန်ခံတတ်သည်။ ဗိုက်နာ၊ ခေါင်းကိုက်ဝေဒနာများသည် အသေးစားရောဂါများဖြစ်၍ ဆေးကုရာတွင် လွယ်ကူသလို သံဃာတော်များ၏ အပြစ်များတွင် ငယ်သောအပြစ်များကို ဒေသနာ ပြောကြားရုံဖြင့် ပြေပျောက်စေပါသည်။ ကင်ဆာရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ ချောင်းဆိုးသွေးပါ၊ ဘီပိုး၊ စီပိုးများကို ပျောက်ကင်းအောင်ကုသရာမှာ ခက်ခဲသကဲ့သို့ ကြီးလေးသောအပြစ်များကိုလည်း မြတ်စွာဘုရားရှင်သည် သံဃာတော်တို့၏ ချစ်မြတ်နိုးခြင်းကို ပြန်လည်ရရှိစေခြင်းငှာ ပရိဝတ်ဆောက်တည်စေခြင်း၊ မာနတ်ကျင့်စေခြင်းဖြင့် ဒဏ်ပေး၍ အပြစ်တို့ကို ပြေပျောက်စေပါသည်။ ဦးခေါင်းပြတ်သည့်ရောဂါ၊ နှလုံးကွဲသည့် ရောဂါများ အသက်ပြန်လည်ရှင်သန်ရန် ဆေးဆရာမစွမ်းနိုင်သကဲ့သို့ မြတ်စွာဘုရားရှင်သည် ရဟန်းတော်တို့အား ပါရာဇိကအာပတ်သို့ သက်ဝင်လျှင် လည်စိပြတ်သောထန်းပင် ပြန်လည်ရှင်သန်ရန်မဖြစ်နိုင်သကဲ့သို့ အလည်မှကွဲအက်သော ကျောက်ဖျာပြန်လည်ဆက်ရန်မတတ်နိုင်သကဲ့သို့ ထိုရဟန်းသည်လည်းသေဆုံးသွားပြီဖြစ်ကြောင်းမိန့်တော်မူထားပါသည်။ ပြောဆိုဆုံးမရန် ခက်ခဲသော ဒုဗ္ဗစရဟန်းမျိုးကို ကျောင်းတိုက်မှ နှင်ထုတ်တော်မူစေပါသည်။ သို့မဟုတ် ထိုရဟန်းအား မည်သည့်ရဟန်းကမျှ စကားမပြောမဆိုဘဲ ဗြဟ္မဒဏ်ထားစေပါသည်။

မြတ်စွာဘုရားရှင်သည် သီတင်းဝါလကျွတ်၍ သူ့ထံ ဘုရားဖူးရောက်လာကြသော ရဟန်းတိုင်းကို မိမိတို့နေထိုင်ရာ ကျောင်းသင်္ခမ်းတို့မှာ ရာသီဥတုမျှတမှုရှိကြရဲ့လား၊ အချင်းချင်းပုဂ္ဂလသပ္ပါယမျှကြရဲ့လား၊ ရလွယ်သောဆွမ်းရှိကြရဲ့လားဟု အမြဲမေးတော်မူလေ့ရှိပါသည်။

တစ်ခုသော သီတင်းကျွတ်လပြည့်နေ့ကဖြစ်သည်။ ကောသလတိုင်း ဇနပုဒ်တစ်ခု၌ ဝါဆိုတော်မူကြသော ရဟန်းတော်များ တစ်ပါးနှင့် တစ်ပါး စကားမပြော တုဏှီဘာဝေါနေကြကြောင်းကြားသိတော်မူလျှင် မြတ်စွာဘုရားရှင်သည် ထိုရဟန်းတော်များကို အကြောင်းပြု၍ 'ရဟန်းတို့ ငါဘုရား၏ သာသနာတော်၌ သာသနာ့တာဝန်ကို ထမ်းဆောင်မည်မှန်း ရဟန်းပြုကြသည် ဖြစ်ပါလျက် အချင်းချင်းစကားမပြော နှီးနှောဆုံးမခြင်းမရှိ၊ သတိမေ့လျော့ ပေါ့ပေါ့တန်တန် ရန်သူတမျှသဘောထား၍ နေကြသော အချင်းအရာသည် အရိယာသူတော်ကောင်းတို့၏ နေထိုင်ခြင်းမျိုးမဟုတ် ယုတ်နိမ့်အောက်ကျသော ကျွဲ၊ နွား၊ တိရစ္ဆာန်တို့၏ ပေါင်းဖော်နေထိုင်ခြင်းမျိုးသာဖြစ်သည်'ဟု ကဲ့ရဲ့ရှုတ်ချတော်မူပြီး ထိုကဲ့သို့ အချင်းချင်းစကားမပြောသောရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်စေဟု မိန့်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြု၍ သာသနာ့တာဝန်များကို ထမ်းဆောင်နေကြသော ရှင်ရဟန်းများသည် မိမိ၏ပြစ်မှုကျူးလွန်ခြင်းကို အခြားတစ်ပါး ကြားသိမည်ကို အလွန်ပင်ရှက်နိုးတော်မူကြသည်။ ထို့ကြောင့်လည်း သာသနာတော်မြတ်ကြီး မပျက်စီးဘဲ တည်ရှိနေခြင်းဖြစ်သည်။

ရဟန်းတော်များသည် တစ်ဆယ့်ငါးရက်တစ်ကြိမ် သံဃာတော်တို့ကို သိမ်အတွင်းစည်းဝေးစေပြီး ဝိနည်းစည်းကမ်းများကို ပရိယတ္တိပဋိဘာန်ဉာဏ်ပညာနှင့်ပြည့်စုံသည့် ရဟန်းတော်တစ်ပါးပါးက ရွက်ဖတ်ပြရသည်။ အပြစ်ကျူးလွန်ထားခြင်းရှိ၊ မရှိ သုံးကြိမ်မေးမြန်းရသည်။ တစ်ပါးပါးကမျှ အပြစ်ရှိကြောင်းမပြော တုဏှီဘာဝေါနေခဲ့ကြလျှင် ထိုရဟန်းတော်တို့အား အာပတ်မှစင်ကြယ်ကြောင်း အသိအမှတ်ပြုကာ နောက်ဆုံး အကျဉ်းချုပ်အားဖြင့် 'သူတော်ကောင်းဖြစ်ကုန်သော သင်ရဟန်းတော်တို့သည် အချင်းချင်း စိတ်တူကိုယ်တူညီညွတ်ကြစေလျက်၊ ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုကြလျက်၊ ငြင်းခုံခြင်း ခိုက်ရန်ဒေါသကင်းကြကုန်လျက် သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးဖြာသာသနာ အကျင့်မြတ်တို့ကို ဆက်လက်ကျင့်ကုန်ရာ၏' ဟု ပါဠိဘာသာဖြင့် သတိပေးစကား ပြောဆိုကြရပါသည်။

ထို့ကြောင့် သံဃာတော်အရှင်မြတ်များသည် တစ်ပါးကိုတစ်ပါး အလေးဂရုပြုလျက် သူတော်ကောင်းတို့၏ နေထိုင်ခြင်းဖြင့် နေထိုင်ကျင့်သုံးခဲ့ကြ၍ မြတ်စွာဘုရားရှင်၏သာသနာတော်မြတ်ကြီး နေအရောင်လအရောင် ထွန်းလင်းကာ ယနေ့တိုင် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ ရပ်တည်နိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ။

# ရွှေတိဂုံစေတီတော် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် (ဗုဒ္ဓဟူး)နေ့တွင် စေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အစီအစဉ်အရ သီတင်းကျွတ်လပြည့် နံနက် ၆ နာရီတွင် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းသား အသင်းသူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ပြီး အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ နံနက် ၉ နာရီခွဲတွင် ဝါတွင်းသီလခံယူပွဲ ပိတ်ပွဲအခမ်းအနားကိုကျင်းပပြီး စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအား ရောင်တော်ဖွင့်တန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြမည်ဖြစ်သည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ ဦးဆောင်ကာ ဝတ်အသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာ ပြည်သူများက စေတီတော်ရင်ပြင်နှင့် အရှေ့ဘက်စောင်းတန်းတော်အတွင်းတို့၌ ဗုဒ္ဓရှင်တော်မြတ်အား ရည်မှန်းပူဇော်သောအားဖြင့် ရောင်စုံဆီမီးများ လှည့်လည်ပူဇော်ကာ တာဝတိံသာ မီးမြင့်မိုရ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**(ကိုချစ်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်

**ဒိုက်ဦး အောက်တိုဘာ ၂၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မိုးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် အခြေခံပန်းရန်၊ လက်သမားပညာများကို သင်ကြားပို့ချသွားကာ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် MD-11 တွင် 3D Seismic Survey လုပ်ငန်းများကို MV.SANCO SWORD ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ 3D Marine Seismic Acquistition Survey လုပ်ငန်းများ ဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Location A မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ် ၃၈ ဒသမ ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၅၆ ဒသမ သုည စက္ကန့်၊ Location B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ် ၄၅ ဒသမ ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၃ ဒသမ ၇ စက္ကန့်၊ Location C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၄ မိနစ် ၃၀ ဒသမ ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၄ ဒသမ ၆ စက္ကန့်နှင့် Location D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၄ မိနစ် ၂၇ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် ၄၂ ဒသမ ၄ စက္ကန့်အတွင်းတွင် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ်၊ MD-11 တွင် 3D Seismic Survey လုပ်ငန်းများကို MV.SANCO SWORD ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

ပြည်တွင်းရေးရာ

# ရွေးကောက်ပွဲကာလ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများသည် ၁၉၆၁ ဗီယင်နာကွန်ဗင်းရှင်းပါ အိမ်ရှင်နိုင်ငံ ပြည်တွင်းရေးနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့သည် ရန်ကုန်အခြေစိုက်နှင့် မြန်မာနိုင်ငံ၌ သံတမန် ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိသော သံတမန်အဖွဲ့၊ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတကာမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက် ယခုကျင်းပမည့် ရွေးကောက်ပွဲသည် (၆) ကြိမ်မြောက် ဖြစ်ကြောင်း၊ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရန်အတွက် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ဘက်လိုက်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲအတွက် မဲစာရင်းကို စက်တင်ဘာ ၁၄ ရက် မှ ၁၇ ရက်ထိ ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ပြည်တွင်းရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ သတင်းထုတ်ပြန်ချက်အရ လာရောက်ကြည့်သူနည်းကြောင်း၊ မဲစာရင်းသည် အရေးကြီးပြီး မဲစာရင်းတွင်ပါဝင်မှသာ မဲပေးနိုင်မှာဖြစ်သကဲ့သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိမှာဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ကို မြို့နယ် ၃၃၀ အား တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီအဖြစ် သတ်မှတ်ပါကြောင်း၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီတွင် မဲဆန္ဒနယ်(၁၂)နယ်စီ သတ်မှတ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်ကို မြို့နယ်တစ်မြို့နယ်စီတွင် မဲဆန္ဒနယ် နှစ်နယ်စီ သတ်မှတ်ပါကြောင်း၊ မဲဆန္ဒနယ်မြေသတ်မှတ်ရာတွင် မဲဆန္ဒရှင်ဦးရေကို အခြေခံ၍သတ်မှတ်ခြင်းမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးတန်းတူညီမျှစွာရရှိစေရန် မြို့နယ်ကိုအခြေခံ၍ သတ်မှတ်ခြင်းဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းသူပေါင်း ၆၁၈၅ ဦးရှိပြီး အတည်ပြုသူ ၆၀၆၅ ဦးရှိကြောင်း၊ အမျိုးသားကိုယ်စားလှယ်လောင်း ၅၂၇၄ ဦး (၈၆ ဒသမ ၈ ရာခိုင်နှုန်း)နှင့် အမျိုးသမီးကိုယ်စားလှယ်လောင်း ၈၀၀ ဦး (၁၃ ဒသမ ၂ ရာခိုင်နှုန်း) ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းစိစစ်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ကျင်းပခြင်းမပြုနိုင်သည့် နယ်မြေများမှာ မြို့နယ် ငါးမြို့နယ်၊ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈၈ အုပ်စု ဖြစ်ပါကြောင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မှန်ကန်မျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ အကောင်အထည်ဖော်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာမှမိတ်ဆွေအဖွဲ့အစည်းများကလည်း အားပေးကူညီကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပွင့်လင်းမြင်သာသော၊ လွတ်လပ်သော၊ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအခြေစိုက်နှင့် ပူးတွဲထမ်းဆောင်သည့်သံတမန်များအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ဖိတ်ခေါ်လေ့လာစေသည့် လုပ်ငန်းလည်းပါရှိကြောင်း၊ သံတမန်များအနေဖြင့် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုများကို မြန်မာနိုင်ငံအနှံ့သွားရောက် လေ့လာလျက်ရှိပါကြောင်း၊ထိုသို့လေ့လာရာတွင် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်ရုံးခွဲများ၊ မဲဆန္ဒရှင်များနှင့်လည်း တွေ့ဆုံလျက်ရှိကြောင်း၊ ရွေးကောက်ပွဲ ကာလတွင်လည်း နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအဖြစ် ပါဝင်ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်ထားသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ လိုက်နာရမည့်ကျင့်ဝတ်များအပြင် သံတမန်ဆက်ဆံရေးဆိုင်ရာ ၁၉၆၁ ခုနှစ် ဗီယင်နာကွန်ဗင်းရှင်းပါ အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန် တာဝန်ဝတ္တရားများရှိကြောင်း၊ တရားမျှတပြီး လွတ်လပ်သည့်၊ ထင်သာမြင်သာရှိသည့်၊ ယုံကြည်ရသည့် ရွေးကောက်ပွဲများကို အေးအေးချမ်းချမ်းအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သံတမန်များ အပါအဝင် အားလုံး၏ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ သံတမန်များ၏လှုပ်ရှားမှုများသည် ရွေးကောက်ပွဲ၏တရားမျှတမှုကိုမထိခိုက်စေရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

**(သတင်းစဉ်)**

## အမျိုးသားရေး မဲပေးစို့ညီညီ

☆ တို့နိုင်ငံ တို့အနာဂတ်
တို့ဆုံးဖြတ် တို့ရွေးချယ်၊
ပါတီစုံ ရွေးကောက်ပွဲ
မဲပေးကြမယ်။
တို့ပြည်ကျိုး တို့မြှင့်မယ်
တို့ဝင့်ထည် နိုင်စေဖို့
တို့လူမျိုး တို့မြှင့်မယ်
တို့တင့်တယ် နိုင်စေဖို့၊
အမျိုးဘာသာနဲ့
အစဉ်အလာကို လေးမြတ်ကိန်း
ထိန်းသိမ်းကြစို့။
☆ နိုင်ငံနဲ့လူမျိုးအကျိုး
သယ်ပိုးသူ ဖြစ်စေရန်၊
ယခင်၊ ယခု ဆင်ခြင်ရှု
"သင်" မြင်မှုချင့်မြော်တွေး
ရွေးမှ မှန်ကန်၊
အနာဂတ် တို့နိုင်ငံ
ပြို့င်စံမမီ ပြည်ထောင်စု၊
တိုင်းရင်းညီ
ရိုင်းပင်းစည်လို့
ဝိုင်းဝန်းတည်ပြု။
☆ အသည်းကြား မဲတစ်ပြား
တန်ဖိုးထား ရင်ထဲမှာ၊
တိုင်းပြည်အတွက်အုတ်တစ်ချပ်
လုပ်ရပ်မှန်စွာ၊
ဆန္ဒမဲသည်သာ
တို့ပြည်မြန်မာ အနာဂတ်၊
အမျိုးသားရေး တစ်ပါးမို့
နီးကြားအတွေးများနဲ့
(ချစ်ဆွေတို့ရေ. . . )
အလေးထား ဆုံးဖြတ်။ ။

မျိုးမြတ်မြတ်မြင့်မောင်

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ (၁၃-က) ဖြင့် လျှောက်ထားလာမှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအား မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရေးအတွက် **၁၀-၁၀-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး** သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပုံစံ (၁၃-က)ဖြင့် လျှောက်ထားသွားကြရန် **၁၀-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၃၄/၂၀၁၅)** ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ နိုင်ငံတစ်ဝန်းလုံးတွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပုံစံ (၁၃-က) ဖြင့် လျှောက်ထားလာသူ စုစုပေါင်း ၁၀၃၁၅၅၉ ဦးရှိပါသည်။ ပုံစံ (၁၃-က) ဖြင့် အများဆုံးလျှောက်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၀၄၉၆၂ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၀၁၀၅ ဦး၊ ကချင်ပြည်နယ်တွင် ၇၁၉၇၀ ဦး၊ ရှမ်းပြည်နယ်တွင် ၅၈၈၈၄ ဦး၊ ပြည်ထောင်စုနယ်မြေတွင် ၄၅၇၈၄ ဦး ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မဲရုံမှူးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မှော်ဘီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုမဲရုံမှူး၊ အဖွဲ့ဝင်များသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီက မှော်ဘီမြို့နယ် အမှတ် (၂)ရပ်ကွက် ဓမ္မာရုံကျောင်းတိုက်တွင် ကျင်းပသည်။

မှော်ဘီမြို့နယ်တွင် ကျေးရွာအုပ်စု ၃၉ အုပ်စု၊ ကျေးရွာပေါင်း ၂၀၄ ရွာရှိပြီး မဲရုံပေါင်း ၁၄၅ ရုံ ရှိကာ သင်တန်းသို့ သင်တန်းသားဦးရေ ၃၃၃ ဦး တက်ရောက်ကြောင်း သိရသည်။

**(ဌေးကြိုင်)**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အထောက်အကူပြု သင်တန်းများဆင်း

**ရန်ကုန် အောက်တိုဘာ ၂၃**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အထောက်အကူပြု သင်တန်းများဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟို လေ့ကျင့်ရေးကျောင်း၌ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းများအနက် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၆၁)သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား ၃၀၊ အမှတ်စဉ်(၆၂) သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များမှ သင်တန်းသား ၃၀၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၉၁)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင်တန်းသား ၃၀၊ အမှတ်စဉ် (၉၂) သို့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနများမှ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်း အောင်လက်မှတ်နှင့် ထူးချွန်ဆုများကို ခေတ္တညွှန်ကြားရေးမှူးချုပ်က ချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံတွင် ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မြို့ကြီးရေလှောင်တမံအတွင်း ၃၀ မဂ္ဂါဝပ်ဓာတ်အားထွက်ရှိမည့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မှုနှင့် ဂျင်နရေတာ တာဘိုင်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြို့ကြီးပင်မရေလှောင်တမံအပေါ်သို့ ရောက်ရှိကြပြီး ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ရေဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် တမံရှင်းလင်းဆောင်ရှုရပ်သို့ ရောက်ရှိပြီး ပင်မတမံတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းဆောင်ရွက်ပြီးစီးနေမှုနှင့် စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် ၃၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ထားသည့်အခြေအနေ၊ ဇော်ဂျီဆည်ရေသောက်ဧရိယာဧက ၈၂၀၀၀ အား ရေပိုမိုပေးဝေနိုင်မည့်အခြေအနေ၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေတို့ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းအတွက် အဓိကဆောင်ရွက်ရမည့် ရေစိမ့်တံတား ကွန်ကရစ်နံရံ၊ ရေလွှဲဥမင်၊ ပင်မတမံ၊ ရေလွှဲဆည်၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်စက်ရုံနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူရန် ရေယူတူးမြောင်းများ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းရှိ ပင်မရေလှောင်တမံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်ခဲ့သော်လည်း စီမံကိန်းကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရသည့်နှစ်များရှိခဲ့သည့်အတွက် မိမိတို့အစိုးရတာဝန်ယူချိန်တွင် ဤစီမံကိန်းကို ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြို့ကြီးရေလှောင်တမံစီမံကိန်းသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေဖြည့်ဆည်းပေးရန် ရည်ရွယ်၍ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိတ္ထီလာမြို့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်အတွက် မိတ္ထီလာကန်တော်ကိုလည်း မိမိတို့ပြုပြင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် မြို့ကြီးရေလှောင်တမံစီမံကိန်းနှင့်အတူ ရှိပြီးရေလှောင်တမံများ၊ ကန်များပေါင်းစပ်ခြင်းဖြင့် မိတ္ထီလာမြို့နှင့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး အစိမ်းရောင်လွင်ပြင်ဖြစ်ကာ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မြို့ကြီးရေလှောင်တမံစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်သည့်အတွက် လက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကွန်ရက်များမှတစ်ဆင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်လိုကြောင်း။

ဒေသခံပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို သာမန်အိမ်သုံးအတွက်သာ သုံးစွဲခြင်းမပြုဘဲ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ တည်ထောင်သုံးစွဲရန်လိုကြောင်း၊ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ကလည်း ဒေသနှင့်ကိုက်ညီသည့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အကူအညီပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် ကျောက်ဆည်စက်မှုဇုန်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် ဟံမြင့်မိုရ်-ရွာငံကားလမ်း မိုင်တိုင်(၁၄)ရှိ မြို့ကြီးရွာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ တည်ရှိသည်။ တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံတို့မှ ထုတ်လွှတ်ရေနှင့် ဇော်ဂျီတမံနှင့် မြို့ကြီးတမံကြားအတွင်းရှိ ရေဆင်းဧရိယာမှ စီးဆင်းရေများကို သိုလှောင်ပြီး လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်တပ်ဆင်ကာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၁၃၅ ဒသမ ၇၀ ကီလိုဝပ်နာရီသန်း ထုတ်လုပ်ရန်နှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

မြို့ကြီးရေလှောင်တမံသည် ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၅၉၅၁၀ နှင့် ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၉၇၇၀ သိုလှောင်နိုင်မည်ဖြစ်သည်။

မြို့ကြီးရေလှောင်တမံစီမံကိန်းသည် ယခုအခါ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ယင်းစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မိတ္ထီလာ(မြောက်)ကန်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မိတ္ထီလာ(မြောက်)ကန်တွင် ရေဝင်ရောက်မှုအခြေအနေနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မိတ္ထီလာမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ (၂၁-၁၀-၂၀၁၅)မှ (၂၃-၁၀-၂၀၁၅)



အောက်တိုဘာ ၂၂ ရက်က ကျင်းပသော ထီးချိုင့်တံတားဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



အောက်တိုဘာ ၂၁ ရက်က ကောလင်းမြို့သို့ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



အောက်တိုဘာ ၂၁ ရက်က မုံရွာမြို့သို့ ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



အောက်တိုဘာ ၂၃ ရက်က မိတ္ထီလာမြို့သို့ ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်စဉ်။ (YHT)



မိုးကုတ်မြို့လယ်အင်း(မုံကွင်း)အား အောက်တိုဘာ ၂၂ ရက်က လှပရှုမောဖွယ် တွေ့မြင်ရစဉ်။ (YHT)



အောက်တိုဘာ ၂၃ ရက်က မိတ္ထီလာမြို့သို့ ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်စဉ်။ (YHT)



ရွှေဘိုမြို့ မဟာနန္ဒာကန်အား အောက်တိုဘာ ၂၂ ရက်က ဝေဟင်မှ တွေ့ရစဉ်။ (YHT)



## လူကုန်ကူးမှုနှင့် လူမှောင်ခိုတိုက်ဖျက်ရေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးကျင်းပသည့် လူကုန်ကူးမှုနှင့် လူမှောင်ခိုတိုက်ဖျက်ရေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်ထားတင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မိနီဦးနှင့် ဒုတိယရဲမှူးမင်းနိုင်တို့က "မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် လူကုန်ကူး၊ လူမှောင်ခိုနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာအကြောင်း"တို့အား ပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

## ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(နေပြည်တော်)၏ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

လေးစားအပ်ပါသော မိဘပြည်သူများ သိရှိစေရန်

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ယခုအခါ မိဘပြည်သူများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာလည်းကောင်း၊ ပြည်သူများ ဘေးကင်းလုံခြုံစိတ်ချရသော အစားအသောက်များ၊ ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲနိုင်စေရန်အလို့ငှာလည်းကောင်း နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဖြင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လျက် ဆောင်ရွက်နေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် အစားအသောက်၊ ဆေးဝါးနှင့်အလှကုန်ပစ္စည်းများဆိုင်ရာ ကိစ္စရပ်များအတွက် မေးမြန်းစုံစမ်းလိုသည့်အခါတွင်လည်းကောင်း၊ မိမိတို့ ပတ်ဝန်းကျင်၌ သံသယရှိသော ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ပြည်သူများအကြားတွင် ဝယ်ယူသုံးစွဲရန် နည်းမျိုးစုံဖြင့် လိုက်လံစည်းရုံးခြင်း၊ ကြော်ငြာခြင်းစသည့် သတင်းအချက်အလက်များ ပေးပို့လိုသည့်အခါတွင်လည်းကောင်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များနှင့် အီးမေးလ်လိပ်စာသို့ ဆက်သွယ်၍ သတင်းပေးတိုင်ကြားနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**နေပြည်တော်**

(၁) ဒေါက်တာထွန်းဇော်(ညွှန်ကြားရေးမှူး/အစားအသောက်ဌာနခွဲ) - ၀၆၇-၄၀၃၁၆၇
(၂) ဒေါက်တာသိဂီဇင် (ညွှန်ကြားရေးမှူး/ ဆေးဝါးဌာနခွဲ) - ၀၆၇-၄၀၃၀၉၁
(၃) ဒေါက်တာဒေါ်ခင်ချစ်(ညွှန်ကြားရေးမှူး/ဓာတ်ခွဲဌာနခွဲ) - ၀၆၇-၄၀၃၂၄၂
(၄) ဒေါက်တာသဇင်ရီလှိုင်(ညွှန်ကြားရေးမှူး/အလှကုန်၊ဆေးပစ္စည်းဌာနခွဲ) - ၀၆၇-၄၀၃၄၈၉၊ ၀၆၇-၄၀၃၂၄၂
(၅) ဒေါက်တာဇင်ဇင်နွယ် (ညွှန်ကြားရေးမှူး/ရန်ကုန်တိုင်းဒေသကြီး) - ၀၁-၃၇၇၀၂၉
(၆) ဒေါက်တာဒေါ်ခင်စောလှ(ညွှန်ကြားရေးမှူး/မန္တလေးတိုင်းဒေသကြီး) - ၀၂-၆၂၁၁၈၊ ၀၉-၆၅၀၀၂၈၅
(၇) စီမံရေးဌာနခွဲ၊ နေပြည်တော် - ၀၆၇-၄၀၃၆၀၉
ဒေါက်တာထွန်းလင်းအောင်(လက်ထောက်ညွှန်ကြားရေးမှူး/စီမံ) fdanpt1@gmail.com
ဒေါက်တာဥက္ကာဖြိုး၊ ဒေါက်တာရန်လင်းမောင်၊ ဒေါက်တာမိုးမြင့်ဟိန်း(ဦးစီးအရာရှိ/စီမံ)

## ဟိုပုံးမြို့၌ အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဖွင့်လှစ်

**ဟိုပုံး အောက်တိုဘာ ၂၃**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တာဝန်ပေးအပ်မည့် အထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပကြောင်း သိရသည်။

အထူးရဲတပ်ဖွဲ့ကို ရပ်မိရပ်ဖများပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ခဲ့ပြီး ရဲအက်ဥပဒေပုဒ်မ ၂၇၊ ရဲလက်စွဲ ဒုတိယအပိုဒ် ၁၀၅၈ နှင့်အညီရွေးချယ်၍ အလုပ်သမားညွှန်ကြားရေးမှူးရုံး၏ အလုပ်သမားရှာဖွေရေးကတ်များဖြင့် လျှောက်ထားရာ အောက်တိုဘာ ၁၅ ရက်တွင် ခန့်အပ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကာလတွင် လုံခြုံရေးဆောင်ရွက်ရန် လက်ရှိရဲတပ်ဖွဲ့ဝင်အင်အားဖြင့် မလုံလောက်သည့်အတွက် မဲရုံတစ်ရုံတွင် အထူးရဲတစ်ဦးစီ ခန့်အပ်တာဝန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထူးရဲတပ်ဖွဲ့ဝင်သင်တန်းတွင် အထူးရဲတပ်ဖွဲ့ဝင်အင်အား ၇၀ တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၀ ရက်အထိ ၁၀ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(နန်းဦးခမ်း)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ အဘိဓမ္မာအခါတော်နေ့ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် စေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်း ၂၁ သင်းမှအသင်းသား အသင်းသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

**○ MNL ပြိုင်ပွဲမှ**

ပွဲစဉ်(၂၁)အဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ပေါင်းလောင်းကွင်း၌ နေပြည်တော်အသင်းနှင့် မကွေးအသင်း၊ တောင်ကြီးကွင်း၌ ကမ္ဘောဇအသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ရတနာပုံအသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဧယျာရွှေမြေအသင်း၊ အောက်တိုဘာ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရန်ကုန်အသင်း၊ အောင်ဆန်းကွင်း၌ မနော်မြေအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် ၂၀ အပြီးတွင် ရန်ကုန်အသင်းက ၂၀ ပွဲကစား ၅၀ မှတ်၊ ရတနာပုံအသင်းက ၂၀ ပွဲကစား ၄၀ မှတ်၊ မကွေးအသင်းက ၁၉ ပွဲကစား ၃၅ မှတ်၊ ဧရာဝတီအသင်းက ၁၉ ပွဲကစား ၃၄ မှတ်၊ ကမ္ဘောဇအသင်းက ၂၀ ပွဲကစား ၃၂ မှတ်၊ ဇွဲကပင်အသင်းက ၂၀ ပွဲကစား ၂၃ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၂၀ ပွဲကစား ၂၂ မှတ်၊ ဟံသာဝတီအသင်းနှင့် ဧယျာရွှေမြေအသင်းတို့က၂၀ ပွဲကစား ၂၁ မှတ်စီ၊ ရခိုင်အသင်းက ၂၀ ပွဲကစား ၁၈ မှတ်၊ နေပြည်တော်အသင်းက ၂၀ ပွဲကစား ၁၇ မှတ်၊ မနော်မြေအသင်းက ၂၀ ပွဲကစား ၁၆ မှတ်တို့ရရှိထားသည်။

လက်ရှိအနေအထားအရ တန်းဆင်းဇုန်ထဲတွင် အသင်းခုနစ်သင်း အပြိုင်ဖြစ်နေသော်လည်း အခြားအသင်းများထက်စာလျှင် ရခိုင်၊ နေပြည်တော်နှင့် မနော်မြေအသင်းတို့က အခွင့်အရေးနည်းနေသည်။ ယင်းသုံးသင်းမှာ ယခုတစ်ပတ်တွင် အနိုင်ရရှိမှသာ တန်းဆင်းဇုန်မှလွတ်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်ပြီး နိုင်ပွဲပျောက်ဆုံးခဲ့လျှင် ရှုံးကန်ရတော့မည်ဖြစ်သည်။ **(ချစ်ကိုကို)**

**✱ ကျော့ဖုံးမှ**

အမေရိကန် ဒေါ်လာ ၂၇ သန်းဖြင့် အဆင့်(၄)၊ ဒိုနီသည် အမေရိကန်ဒေါ်လာ ၂၁ သန်းဖြင့် အဆင့်(၅)၊ ဟူစိန်ဘိုဲ့စ်သည် အမေရိကန်ဒေါ်လာ ၁၈ သန်းဖြင့် အဆင့်(၆)၊ ကီဗင်ဒူးရန့်သည် အမေရိကန်ဒေါ်လာ ၁၈ သန်းဖြင့် အဆင့်(၇)၊ စီရိုနယ်လ်ဒိုသည် အမေရိကန်ဒေါ်လာ ၁၆ သန်းဖြင့် အဆင့်(၈)၊ မက်ကာရွိုင်းသည် အမေရိကန်ဒေါ်လာ ၁၂ သန်းဖြင့် အဆင့်(၉)၊ မေဝယ်သာသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်းဖြင့် အဆင့်(၁၀)အသီးသီးရပ်တည်လျက်ရှိပြီး အဆိုပါအားကစားသမား ၁၀ ဦးစာရင်းတွင် ဘောလုံးလောကတွင် တန်ဖိုးအမြင့်ဆုံးအားကစားသမားအဖြစ် စီရိုနယ်လ်ဒိုတစ်ဦးသာရှိခဲ့ကြောင်း သိရသည်။ **(ငွေကြယ်)**

## ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

၂၀၁၅ ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို မြန်မာလူငယ်အသင်းဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ နိုဝင်ဘာလအတွင်းကျင်းပမည့် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၂၁ အသင်းကို ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာယူ-၂၁ အသင်းကို ယူ-၂၃၊ ယူ-၂၀ နှင့် ယူ-၁၉ အသင်းတို့မှ ကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး MNL နှင့် MNL လူငယ်ပြိုင်ပွဲတို့မှ ခြေစွမ်းပြခဲ့သည့် ကစားသမားအချို့လည်း ပါဝင်လာခဲ့သည်။ ယင်းအသင်းကို ယခင်က ဂျာမန်လူမျိုးနည်းပြ ဂတ်ဖရိုင်းဒရစ်ကို ကိုင်တွယ်ရန် စီစဉ်ခဲ့သော်လည်း ၎င်းမှာ မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဖြစ်သွားသောကြောင့် ယခင်မြန်မာယူ-၁၆ အသင်း နည်းပြချုပ် ဩစတြေးလျလူမျိုး အဲရစ်ဝီလျံက ကိုင်တွယ်သွားမည်ဖြစ်သည်။ အဲရစ်ဝီလျံနှင့်အတူ မြန်မာယူ-၂၀ အသင်း လက်ထောက်နည်းပြ ဦးညီညီလတ်၊ ရန်ကုန်အသင်းလက်ထောက်နည်းပြ ဦးမျိုးမင်းထွန်းတို့လည်း ကိုင်တွယ်မည်ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် ယူ-၂၁ အသင်းတွင် ဆီးဂိမ်းငွေဆုရ ယူ-၂၃အသင်းမှ ကောင်းဆက်နိုင်၊ ကိုကိုဟိန်းနှင့် အောင်ကျော်နိုင်၊ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ယူ-၂၀ အသင်းမှ သီဟထက်အောင်၊ ရန်နိုင်ဦး၊ မျိုးကိုထွန်း၊ မောင်မောင်လွင်၊ နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ ၂၀၁၆ အာရှယူ-၁၉ခြေစစ်ပွဲဝင်ခဲ့သည့် ယူ - ၁၉ အသင်းမှ ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ရဲရင့်အောင်၊ စိုးမိုးထွန်း၊ ဇင်ဖြိုးအောင်၊ အောင်မိုးသူနှင့် အောင်ဇင်ဖြိုးတို့ ပါဝင်နေသည်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ တောင်ကိုရီးယား၊ ထိုင်းနှင့် စင်ကာပူလူငယ်အသင်းများ၊ ဗီယက်နမ်မှ ဟောင်အန်ဂယ်လန်လူငယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။



ယူ-၂၁ အသင်း၌ ပါဝင်လာသည့် ယူ-၂၀ ကွင်းလယ်လူ ရန်နိုင်ဦး။

မြန်မာ ယူ-၂၁ အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် - အဲရစ်ဝီလျံ(ဩစတြေးလျ)၊ လက်ထောက်နည်းပြ-ဦးညီညီလတ် (MFF)၊ ဦးမျိုးမင်းထွန်း(ရန်ကုန်)၊ ဂိုးနည်းပြ-ဦးအောင်သက် (ဟံသာဝတီ)၊ ကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ဝေလင်းအောင် (MFF Youth)၊ ထွန်းအောင်ကျော် (Horizon)၊ နောက်တန်း-ကိုကိုဟိန်း(ဇွဲကပင်)၊ ရဲရင့်အောင်(ရတနာပုံ)၊ စိုးမိုးထွန်း (MFF Youth)၊ နိုင်လင်းထွန်း (မကွေး)၊ သီဟထက်အောင်၊ နန်းဝေမင်း(ရန်ကုန်)၊ ထိုက်ထိုက်အောင် (ဧရာဝတီ)၊ အလယ်တန်း-မျိုးကိုထွန်း(ရတနာပုံ)၊ ရန်နိုင်ဦး၊ သက်ပိုင်ဦး (ဧယျာရွှေမြေ)၊ မောင်မောင်လွင်၊ ကျော်ဇေယျ (ဟံသာဝတီ)၊ အောင်ကျော်နိုင် (ဧရာဝတီ)၊ လှိုင်မျိုးအောင်(ကမ္ဘောဇ)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ အောင်မိုးသူ (MFF Youth)၊ စွမ်းထက်နိုင်၊ ထူးခန့်လွင် (ရန်ကုန်လူငယ်)၊ ရှေ့တန်း-ကောင်းဆက်နိုင်(ရန်ကုန်)၊ ပြည်မိုး(ရခိုင်)၊ သန်းဇော်ဟိန်း (မကွေး)နှင့် အောင်ဇင်ဖြိုး(Horizon) တို့ ပါဝင်ကြသည်။

**(ရှိုင်းထက်ဇော်)**

# အဆင့်မြင့်နည်းပညာများသုံးကာ မြေလျှင်ကြိုတင်သတိပေးရေး၊ ရေသယံဇာတအသုံးချမှုစီမံခန့်ခွဲသွားမည်

**(၁၅)ကြိမ်မြောက် အမျိုးသားမုတ်သုံလေဖိုရမ် (15th National Monsoon Forum) ကို နေပြည်တော်ရှိ Royal ACE ဟိုတယ်တွင် အာရှ-ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် (Economic and Social Commission for Asia and Pacific)၊ ဘက်စုံသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဌာန Regional Integrated Multi-Hazard Early Warning System (RIMES)၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက အောက်ပါအတိုင်းဖြေကြားခဲ့သည် -**

**ဒေါက်တာဟာရင်နိုင်တီယမ်း (ညွှန်ကြားရေးမှူးချုပ် -မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**

မေး။ ။ ဒီနေ့ ကျင်းပရတဲ့ မုတ်သုံဖိုရမ်နဲ့ပတ်သက်ပြီး ပြောပြပေးပါ။

ဖြေ။ ။ အခုလိုဖိုရမ်ကို ကျင်းပတာ (၁၅)ကြိမ်မြောက် ဖြစ်ပါတယ်။ တစ်နှစ်မှာ (၂)ကြိမ် ကျင်းပလေ့ရှိပါတယ်။

မုတ်သုံကာလမတိုင်မီ မေလမှာ တစ်ကြိမ်၊ မုတ်သုံကာလပြီးချိန် အောက်တိုဘာလမှာ တစ်ကြိမ်။ မုတ်သုံကာလအတွင်းမှာ ဖြစ်နိုင်တဲ့ မိုးလေဝသအခြေအနေ၊ ရာသီဥတုအခြေအနေတွေကို သတ်မှတ်ချက်ပေးပြီး မြစ်ရေအခြေအနေတွေကို ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ စိုက်ပျိုးရေးဌာန၊ ရေအရင်းအမြစ်၊ ကျန်းမာရေး၊ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဌာနတို့ကို ဖိတ်ကြားပြီး ဒီသတင်းအချက်အလက်တွေကို တစ်ဆင့်ဖြန့်ဝေပေးပါတယ်။

မုတ်သုံအလွန်ပွဲမှာ ပြီးခဲ့တဲ့ မုတ်သုံကာလအတွင်း ခန့်မှန်းချက်၊ သတ်မှတ်ချက်တွေကို ဘယ်လောက်မှန်လဲ၊ မှားသလဲဆိုတာကို Verification ပြန်ပြီး အတည်ပြုသုံးသပ်ပါတယ်။ နောက် ဆောင်းကာလ ရာသီဥတုအခြေအနေ ဘယ်လိုဖြစ်နိုင်မလဲ၊ မြစ်ရေအခြေအနေ၊ အခုဆိုရင် Low Flow အချိန်ပေါ့။ မြစ်ရေကျဆင်းတဲ့အချိန်ဆိုတော့ ဘယ်လောက်အထိ မြစ်ရေကျဆင်းနိုင်မလဲဆိုတာကို focus မှတ်ချက်ပြန်ပေးတယ်။ ပြန်ပြီးတော့ ဖြန့်ဝေတယ်။ သက်ဆိုင်ရာကဏ္ဍတွေမှာ ဘယ်လိုသုံးမလဲဆိုတာ ပြန်သုံးသပ်တယ်။ နောက်တစ်ခါ မေလပြန်ရောက်ရင် ဆောင်းကာလမှာ ပြီးခဲ့တဲ့ focusတွေ ဘယ်လောက်မှန်ကန်မှုရှိလဲ၊ sector အသီးသီးမှာ သူတို့ဘယ်လိုအသုံးပြုခဲ့လဲဆိုတာ ကဏ္ဍအသီးသီးကလည်း ပြန်ပြီးတင်ပြပေးတယ်။ သူတို့ တင်ပြချက်တွေ အားနည်းချက် အားသာချက်တွေကိုလည်း ပြန်ပြီးတော့ သုံးသပ်ပါတယ်။ ဆောင်းကာလမှာ ဖြစ်နိုင်တဲ့ ရာသီဥတုအပြင်



ဒေါက်တာဟာရင်နိုင်တီယမ်း။

မြစ်ရေအခြေအနေ၊ မြေလျှင်နဲ့ပတ်သက်တဲ့ Information တွေ တင်ပြပေးမှာဖြစ်ပါတယ်။ သူတို့ဆီက ကဏ္ဍအသီးသီးက အကြံပြုချက်တွေ ဥပမာ focus မှတ်ချက်ပေးတဲ့အခါ ဘယ်တိုင်းဒေသကြီး၊ ဘယ်ပြည်နယ်ကတော့ သူတို့ဆီမှာ ပုံမှန်ထက် ဘယ်လောက် မိုးရွာသွန်းနိုင်တယ်၊ မိုးရွာရက်တွေပါထည့်ပေးပါလို့ တောင်းဆိုတာရှိပါတယ်။ ဒီတောင်းဆိုချက်တွေ၊ ခန့်မှန်းချက်တွေကို ကျွန်မတို့ ထည့်ပေးပါတယ်။

ဆောင်းရာသီမှာဖြစ်နိုင်တဲ့ မြူကျရက်တွေပါထည့်ပေးဖို့ တောင်းဆိုတဲ့အခါ ကျွန်မတို့ဘက်က တတ်နိုင်သလောက် ကြိုးစားပြီးတော့ လုပ်ပေးပါတယ်။ ဒီသတင်းကို ပေးတဲ့အခါမှာ ကျွန်မတို့ အင်တာနက် website ရှိပါတယ်။ ပြီးခဲ့တဲ့ဖိုရမ်မှာ အကြံပြုတဲ့ မိုး/ဇလ facebook ကနေလည်း ဖြန့်ဝေတဲ့အခါမှာ တော်တော်ထိရောက်တာကိုတွေ့ရပါတယ်။ ဒါလည်း ဒီ Monsoon forum က အကြံပြုချက်အရ ဖြစ်လာတာဖြစ်ပါတယ်။ အခုလည်း အကြံပြုချက်ရှိရင်



Ms. Nina Karla Alparce ။

တတ်နိုင်သလောက် ဖြည့်ဆည်းနိုင်တဲ့အရာကို ဖြည့်ဆည်းပေးပါတယ်။

ကျွန်မတို့မသိတဲ့၊ မတတ်နိုင်တဲ့အရာတွေကိုလည်း RIMES လို့ခေါ်တဲ့ ထိုင်းနိုင်ငံအခြေစိုက် Regional Integrated Multi-Hazard Early Warning System ဘက်စုံ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဌာနနဲ့ ပူးပေါင်းလုပ်တဲ့အခါမှာ သူတို့ကလည်း အကူအညီတွေ အများကြီးပေးတယ်။

မေး ။ ။ RIMES က သဘာဝဘေးနဲ့ပတ်သက်ပြီး အထူးသဖြင့် ဘာတွေကူညီနေပါလဲ။

ဖြေ။ ။ Regional Integrated Multi-Hazard Early Warning System က Regional ဆိုတော့ အာရှဒေသတွေမှာ အဖွဲ့ဝင် ၁၄ နိုင်ငံမှာ ပါပါတယ်။ မြန်မာနဲ့ ပူးပေါင်းဆောင်ရွက်တာကတော့ ၂၀၀၅ ကတည်းက ဖြစ်ပါတယ်။ အခုမှာတော့ Cooperation Agreement လက်မှတ်ရေးထိုးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကြိုတင်သတိပေးတဲ့ Earling Warning System စနစ်ကောင်းမွန်



ဒေါက်တာအောင်သန်းဦး။

အောင်၊ ပိုမိုထိရောက်အောင် Technology ပိုင်းဆိုင်ရာကို ပံ့ပိုးမှုလုပ်ပေးပါတယ်။ သူတို့နဲ့ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် စိုက်ပျိုးရေး၊ မိုးလေဝသဌာနမှာဆိုရင် သာမန်တိုင်းတာတဲ့ ကိရိယာတွေ၊ အလိုအလျောက်မိုးလေဝသတိုင်းတာရေး အဆင့်မြင့်ကိရိယာတွေတပ်နိုင်ပါတယ်။ အဲဒီကနေတစ်ဆင့် မှတ်တမ်းတွေရယူပြီး လယ်သမားတွေအတွက် မိုးလေဝသသတင်းတွေ ရယူပေးပါတယ်။

အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်တဲ့ဒေသဖြစ်တဲ့ ညောင်ဦးနဲ့၊ မုံရွာမြို့နယ်တွေမှာလည်း pilot စိုက်ခင်းတွေကိုရွေးပြီး လယ်သမားတွေကိုအထူးပြုပေါ့။ မိုးလေဝသနဲ့ပတ်သက်ပြီး ပညာပေးဖို့ ဆောင်ရွက်နေတာရှိပါတယ်။ RIMES နဲ့ ဦးစီးဌာနတွေပေါင်းပြီး ဆောင်ရွက်နေတာရှိပါတယ်။ ဒီဒေသအတွင်း မိုးလေဝသခန့်မှန်းချက် သုံးရက်တာအတွင်း ဖြစ်နိုင်တဲ့ ခန့်မှန်းချက်ပေးပါလို့ ပြောတဲ့အခါမှာ ဒီဟာမျိုးလည်း ကျွန်မတို့ ဖြစ်နိုင်အောင် ကြိုးစားပြီးတော့ လုပ်ပေးရတာရှိပါတယ်။ ဒီ RIMES နဲ့ဆောင်ရွက်တာက ငလျင်နဲ့ပတ်သက်ပြီး ဆူနာမီဖြစ်နိုင်တဲ့ ခန့်မှန်းချက်တွေ၊ ထုတ်ပြန်ချက်တွေနဲ့ ဒေသမှာရှိတဲ့လူတွေနဲ့ Drill လို့ခေါ်တဲ့ ကြိုတင်လေ့ကျင့်မှုတွေ ဆောင်ရွက်နိုင်တာရှိပါတယ်။ မိုးလေဝသ၊ မြေလျှင်နဲ့ပတ်သက်ပြီးတော့ အဆင့်မြင့်တဲ့ ဆော့ဖ်ဝဲလ်တွေလည်း ပံ့ပိုးပေးပါတယ်။ RIMES နဲ့ပူးပေါင်းပြီးတော့ ဒီထက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။ လာမယ့်နှစ်တွေမှာလည်း RIMES ဆော့ဖ်ဝဲလ်ကနေ ဆုံးဖြတ်တဲ့အတိုင်း ဆက်ပြီး ပူးပေါင်းဆောင်ရွက်ပြီးတော့ ကြိုတင်လျှင်ခန့်မှန်းမှုတွေ၊ မိုးလေဝသ ခန့်မှန်းမှုတွေ လုပ်သွားမှာဖြစ်ပါတယ်။

မေး။ ။ ဒီနှစ်မုတ်သုံလေ ဝင်ချိန်နဲ့ ထွက်ချိန်သိပါရစေ။

ဖြေ။ ။ မုတ်သုံကတော့ အဝင်မှာ ကျွန်မတို့ ခန့်မှန်းတဲ့အတိုင်း ဝင်ရောက်တာကို တွေ့ရပါတယ်။ အထွက်မှာဆိုရင် အဓိကအားဖြင့် မြန်မာနိုင်ငံ တောင်ပိုင်းမှာတော့ အောက်တိုဘာ ၁ ရက်နေ့မှာ ထွက်မယ်လို့ ခန့်မှန်းထားတာပါ။ ဒါပေမယ့် အောက်တိုဘာ ၁၂ ရက်မှပဲ မုတ်သုံလေ တစ်ပြည်လုံးကနေ ထွက်သွားတာတွေ့ရပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းဧရိယာတွေဖြစ်ပေါ်ပြီး တော်တော်နဲ့ ပြန်မထွက်နိုင်ဘဲ ဆယ်ရက်ကျော်လောက်နောက်ကျပြီး ထွက်သွားတာ တွေ့ရပါတယ်။

**Ms. Nina Karla Alparce (RIMES- Project Officer)**

မေး။ ။ ဘာတွေ အကူအညီပေးသွားမှာလဲ သိပါရစေ။

ဖြေ။ ။ မိုး/ဇလ (DMH)ဌာနက မိုးလေဝသ၊ မြေလျှင်ကြိုတင်သတိပေးခြင်းနဲ့ ပင်လယ်မျက်နှာပြင် ရေအမြင့်ပေ တိုင်းတာမှုဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ကူညီပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းဦး**
**လက်ထောက်ညွှန်ကြားရေးမှူး (ဆည်မြောင်းဦးစီးဌာန)**

မေး။ ။ဆည်မြောင်းဌာနက ဒီနှစ် မိုးရေသိုလှောင်မှု၊ အသုံးချမှုနဲ့ ပတ်သက်ပြီး ပြောပြပေးပါ။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ကတော့ focus လုပ်လို့မရဘူးလေ။ ဆည်တမံထဲကို ရေဘယ်လောက်ဝင်မလဲဆိုတာ ဒီမိုးလေဝသကနေရရှိတဲ့ သတင်းအချက်အလက်တွေပေါ် မူတည်ပြီး ကျွန်တော်တို့ ဆည်တမံတွေထဲ ဒီနှစ် ရေဘယ်လောက်ဝင်မလဲဆိုတာ ခန့်မှန်းတွက်ချက်တဲ့ဟာဖြစ်ပါတယ်။ ဒီနှစ်က တသွင်သွင်စီးဝင်ရေလည်း ရှိသေးတယ်။ နောက် မိုးတစ်မ၊ နှစ်မလောက်ရွာရင်လည်း ရွာဦးမှာပေါ့။ မိုး/ဇလနဲ့ ကမ္ဘာ့မိုးလေဝသအဖွဲ့တို့ဆီက ခန့်မှန်းထုတ်ပြန်ထားတဲ့ သတင်းအချက်အလက်တွေကို အသုံးချပြီးတော့ ရေသယံဇာတ အသုံးချမှုကဏ္ဍတွေ၊ စိုက်ပျိုးရေးကဏ္ဍတွေမှာ ဘယ်လို စီမံခန့်ခွဲကြမလဲဆိုတာ လုပ်ကြရတာဖြစ်ပါတယ်။

**အမေး၊ အရေး - သန့်ဇင်ဝင်း**
**ဓာတ်ပုံ - တင်ထွန်းအောင်**

# တီးတိန်မြို့ သဘာဝဘေးသင့်ပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ ကွင်းဆင်းဆောင်ရွက်

**တီးတိန် အောက်တိုဘာ ၂၃**

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ဇူလိုင်နှင့် ဩဂုတ်လ ပထမပတ်များအတွင်း ထူးကဲစွာမိုးရွာသွန်းမှုကြောင့် ကငင်၊ ဝုန်မွှောလ်၊ ထင်ဇန်၊ လိုင်ဘုံ၊ တွီးဆား၊ တွီးဗျဲလ်နှင့် ဆွောင်းဒေါ့ကျေးရွာများတွင် မြေပြိုကျကာ လူနေအိမ်ခြေများ ပြိုကျပျက်စီးမှုများ ခံခဲ့ရသဖြင့် အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်ခဲ့ရသည်။ သုံးလခန့်ကြာမြင့်ပြီဖြစ်သော်လည်း ကငင်၊ ဝုန်မွှောလ်နှင့် ထင်ဇန်ကျေးရွာများမှ သဘာဝဘေးသင့်ပြည်သူ အိမ်ထောင်စု ၇၁ စုမှ လူဦးရေ ၂၆၁ ဦးသည် တီးတိန်မြို့ရှိ ယာယီတဲထဲမှာပင် ဆက်လက်နေထိုင်ဆဲပင်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးကက်သလစ်သာသနာမှ ဂိုဏ်းအုပ်ဆရာတော် Dr. Philip Lian Khen Thang ဦးဆောင်သည့် ဘုန်းတော်ကြီးများနှင့်အတူ သားဖွားနှင့် မီးယပ်ဆရာဝန်ကြီး ဒေါက်တာ ဇမ်ဂိုညန်၊ သွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာထွမ်ခန့်ဆွမ်၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာ အောင်နိုင်ထွန်း၊ အဖွဲ့ခေါင်းဆောင်ဆရာဝန် Malaria, STD, HIV/AIDS ဒေါက်တာဂိုခန့်နွမ်းနှင့် လက်ထောက်ဆရာဝန် သုံးဦးလိုက်ပါလျက် ကလေးမြို့မှ ချင်းပြည်နယ် တီးတိန်မြို့သို့ သွားရောက်ကာ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် တီးတိန်မြို့ စကော့လမ်းရပ်ကွက် ရိုမန်ကက်သလစ်ဘုရားရှိခိုးကျောင်းတွင် သဘာဝဘေးသင့်ပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမဲ့ဆေးကုသမှုတွင် မျက်စိလူနာ ၁၉၀၊ သွားနှင့် ခံတွင်းလူနာ ၈၂ ဦး၊ သားဖွားမီးယပ် လူနာ ၄၂ ဦး၊ အထွေထွေလူနာ ၂၆၂ ဦး စုစုပေါင်းသဘာဝဘေးသင့်လူနာ ၅၇၆ ဦးတို့အား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးကက်သလစ်သာသနာ သဘာဝဘေးအန္တရာယ်သင့်ပြည်သူများ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာထွမ်ခန့်ဆွမ် (သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး) “ကျွန်တော်တို့အဖွဲ့က ပြီးခဲ့တဲ့ စက်တင်ဘာ ၂၉ ရက်မှာ တွန်းဇံမြို့နယ် ခိုမ်နွဲကျေးရွာမှာ လူနာပေါင်း ၂၃၈ ဦးကို အခမဲ့ကုသနိုင်ခဲ့ပါတယ်။ ကလေးမြို့နယ်မှာလည်း ကံဦးနဲ့ သာစီကျေးရွာကို သွားရောက်ပြီးတော့ လူနာပေါင်း ၄၀၄ ဦးကို အခမဲ့ကုသပေးနိုင်ခဲ့တယ်။ ဆက်လက်ပြီးတော့ အောက်တိုဘာနဲ့



နိုဝင်ဘာလအတွင်းမှာ ကလေးမြို့နယ်က နန်းချောင်း၊ ချမ်းသာကြီးနှင့် နန်းစောင်းပုကျေးရွာ၊ ချင်းပြည်နယ် တွီးခိန်ဇန်နှင့် ပတ်ဝန်းကျင်ကျေးရွာတွေကို သွားရောက်ဖို့စီစဉ်ထားပါတယ်။ အမှန်တော့ ကျွန်တော်တို့က ရေဘေးသင့်၊ သဘာဝဘေးသင့်ပြည်သူတွေကို ဦးတည်တာပါ။ ဒါပေမယ့် ရွာရောက်တဲ့အခါမှာတော့ တခြားပြည်သူတွေကိုပါ ကုသပေးပါတယ်”ဟု ပြောသည်။

**(ဇိုဟောဆာ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄ - ၁၀ -၂၀၁၅ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၀ "ဖောင်တော်ဦး ဘုရားပွဲတော်"
၈း၃၅ The Farmer
၁း၀၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၁း၃၅ ချစ်စရာ့အရွယ် ကစားကြမယ်
၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၁၀)
၂း၁၅ Channel'0'(အပိုင်း-၉)
၂း၄၅ မြို့မငြိမ်း (၁၀၅)နှစ်ပြည့် အထိမ်းအမှတ် မြို့မတူရိယာအသင်းနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်(အပိုင်း-၉)
၃း၃၅ Hyper Sports
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၁၅ "Blast the ball"
၅း၃၅ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၃)
၇း၁၅ Channel'0' (အပိုင်း-၁၀) (ပထမပိုင်း)
၈း၃၅ ဆန္ဒတူညီမဲပေးကြမည် ဂီတခါးလေးဖွင့်ပါဦး "ချစ်သောဘာဘီ"

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -သီချင်းကြီးပဒေသာ
၆း၁၀ ဝတ်စားဆင်ယင်မှုပြပွဲ (မင်္ဂလာဝတ်စုံ)
၆း၂၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျွန်မတို့မင်္ဂလာဦး" (ဖူးချစ်၊ အေးအေးအောင်၊ ဒေါ်အေးမြင့်) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၆း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
၇း၁၅ ပျော်ရွှင်စေစေသောနေ့ရက်များ "မလွဲမှုဟုတ်ရော" (အပိုင်း-၁၀) (မြင့်မြတ်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ဟိန်းစိုး)
၇း၄၀ "ကျားခင်စိန်နှင့် တွေ့ဆုံခြင်း"
၈း၀၀ "Channel Zero"(အပိုင်း-၅+၆) (ဦးအောင်လွင်၊ အရိုင်း၊ ညောင်ညောင်၊ ဂေါ်ဇီလာ၊ စိန်သီး၊ ဇီးသီး၊ ကြယ်သီး၊ ပိုးလေး၊ ဦးပြုံးချို၊ ဂေါက်သီး၊ အောင်ချစ်၊ ပေါ်ဦး၊ ရန်ပိုင်စိုး၊ ကြက်ဖ၊ တိုးကျော်၊ ဝိုင်းကျော်၊ မိုးမြင့်ကျော်၊ ဆောင်းရတီ) (ဒါရိုက်တာ-ဟိန်းစိုး၊ မောင်သူရ၊ ညီညီဘမောင်၊ ဂေါ်ဇီလာ)
၉း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "သံယောဇဉ်နဲ့အချစ် ၂၀၂၈" (ပြေတီဦး၊ ရဲအောင်၊ ရန်အောင်၊ ဝတ်မှုံရွှေရည်) [(ဒါရိုက်တာကိုဇော်(အရုဏ်ဦး)]


### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်၊ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်းရပါတယ်" တရားတော် (ဆရာတော် ဒေါက်တာဘဒ္ဒန္တအရှင်ဆေကိန္ဒ)
၈း၅၅ Drive It
၁၁း၀၀ Star တို့ရဲ့ လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၂၅+၂၆)
၁း၀၀ "ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်းရပါတယ်"တရားတော် (ဆရာတော်ဒေါက်တာ ဘဒ္ဒန္တအရှင်ဆေကိန္ဒ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" စိတ်ဆိုသည်မှာ(အပိုင်း-၂)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၉၂)
၃း၄၅ Fashion Week (Thet Hnin Aye)
၆း၀၅ Cartoon Series (English Playground)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၃)
၇း၃၅ Let's Talk
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၁၄)
၁၀း၁၅ Music Diary "အောင်ထက်နှင့် ပြိုင်ပွဲဝင်သီချင်းများ" [Music Documentary (အပိုင်း-၂)]
၁၀း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၂၇+၂၈)
၁၂း၂၅ Forever Music Tribute Hip Hop Show Time(အပိုင်း-၅)
၁း၀၅ MRTV-4 Stage

### မြဝတီ

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၅၅ မြဝတီနေ့စဉ်သတင်း
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "ညို့" မြင့်မြတ်၊စိုးမြတ်သူဇာနှင့် သရုပ်ဆောင်များ ဒါရိုက်တာ ဝင်းထွန်းထွန်း
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာသင်္ချေ အပိုင်း(၂)
၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၇၂)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ စားဖို့ဆောင်ချစ်သ
၆း၃၅ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၂၇)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -လူ့ရှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၁၁)

## သမီးငယ်၏နာမည်ကို လည်ပင်းမှာ တက်တူးထိုးခဲ့တဲ့ ဘက်ခမ်း



ဘောလုံးလောကက အနားယူခဲ့ပေမယ့် နာမည်အရှိန်အဝါကို ထိန်းနိုင်ဆဲဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းက သူ့ရဲ့လည်ပင်းမှာ အငယ်ဆုံးသမီးဖြစ်သူ ဟာပါဆဲဗင်းရဲ့အမည်ကို တက်တူးထိုးထားပြီး နေရောင်အောက်မှာ အနားယူနေတဲ့ပုံကို အင်စတာဂရမ်မှာ တင်ခဲ့ပါတယ်။ နှင်းဆီပွင့်တစ်ပွင့်နဲ့အတူ ရေးထိုးထားတဲ့ စာသားက "လှပတဲ့ အမျိုးကောင်းသမီးလေး ဟာပါ"ဖြစ်ပြီး ဒီပုံကိုတင်လျှင်တင်ချင်းမှာ Like လုပ်သူ ၈၀၀၀၀ ကျော်အထိရှိခဲ့တဲ့အတွက် ဘက်ခမ်းဟာ အခုထိအောင်မြင်မှုကို ထိန်းထားနိုင်ဆဲဆိုတာ သံသယရှိစရာမလိုတော့ပါဘူး။

လွန်ခဲ့တဲ့ တစ်လလောက်က အမျိုးသမီးငယ်တစ်ဦးနဲ့ နာမည်ထွက်ခဲ့တဲ့အတွက် ဇနီးဖြစ်သူဗစ်တိုးရီးယားဘက်ခမ်းနဲ့ အဆင်မပြေမှုတွေရှိခဲ့ပေမယ့် ဒီကိစ္စရပ်က ကောလာဟလသက်သက်သာဖြစ်တယ်လို့ ဘက်ခမ်းက ချက်ချင်းပဲဖြေရှင်းခဲ့ပါတယ်။ ဘက်ခမ်းမှာ သားသမီးလေးဦးရှိပြီး အားလုံးက အားကစားကို ဝါသနာပါကြပေမယ့် ဒုတိယမြောက်သား ရိုမီရိုနဲ့ သမီးငယ် ဟာပါတို့က ပိုပြီး ဝါသနာကြီးတယ်လို့ ဘက်ခမ်းကမှတ်ချက်ပြုခဲ့ပါတယ်။





## အယ်လ်တန်ဂျွန်နဲ့ One Direction တို့ပူးပေါင်းတင်ဆက်ခဲ့တဲ့ ရော့ခ်တော်ဝင်ပဒေသာ ဖျော်ဖြေပွဲ

ဂီတလောက၏ အထင်ရှားဆုံးသော ကြယ်ပွင့်များဖြစ်ကြသည့် အယ်လ်တန်ဂျွန်နှင့် One Direction အဖွဲ့တို့၏ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် ၂၀၁၅ရော့ခ်တော်ဝင်ပဒေသာ ဖျော်ဖြေပွဲကို ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။ ဗြိတိန်တော်ဝင်မင်းသားဟယ်ရီ တက်ရောက်သော အဆိုပါဖျော်ဖြေပွဲကို လန်ဒန်မြို့ရှိ တော်ဝင်အယ်လ်ဘာ့ခန်းမ၌ ကျင်းပခဲ့ပြီး အသက်(၆၈)နှစ်ရှိပြီဖြစ်သည့် အယ်လ်တန်ဂျွန်၏ ဖျော်ဖြေမှုမှာ ပရိသတ်များကို ယခုထိ ဆွဲဆောင်နိုင်ဆဲဖြစ်သည်။

One Direction အဖွဲ့ဝင်များ၏ဖျော်ဖြေမှုမှာ ပရိသတ်တောင်းဆိုမှုအင်အားများပြားသဖြင့် လာမည့် ၂၀၁၆ တော်ဝင်ပဒေသာဖျော်ဖြေပွဲတွင်လည်း ထပ်မံပါဝင်ခွင့်ရရန် အလားအလာများနေသည်။ ယင်းဖျော်ဖြေပွဲကို ယမန်နှစ်က တော်ဝင်မင်းသား ချားလ်၊ မင်းသားဝီလျံတို့ တက်ရောက်ခဲ့သလို ယခုနှစ်တွင် မင်းသားဟယ်ရီကိုယ်တိုင်တက်ရောက်သည့်အတွက်လည်း ဂုဏ်ယူမိကြောင်း အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သော ဟာသသရုပ်ဆောင် ဂျက်ဝိုက်ဟောလ်က ဆိုခဲ့သည်။




## ပိုစတာကြောင့် ပရိသတ်စိတ်ဝင်စားမှု ပိုမိုမြင့်တက်ခဲ့သည့် Star Wars : The Force Awakens

Star Wars ဇာတ်ကားသစ်ကို လာမည့် ဒီဇင်ဘာ ၁၃ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်ပြီး ဇာတ်ကားနမူနာပြသခြင်းမရှိသေးခင်မှာဘဲ ရုပ်ရှင်ပိုစတာကို အရင်ပြသခဲ့တာကြောင့် ပရိသတ်တွေရဲ့ အာရုံစိုက်မှုကို ပိုမိုရယူနိုင်ခဲ့သည်ဟု အီးအွန်လိုင်းက ဖော်ပြခဲ့သည်။ ယခုပိုစတာမှာ ယခင် Star Wars ဇာတ်ကားများတွင် အဓိကသရုပ်ဆောင်များဖြစ်ခဲ့သော ဟာရစ်ဆန်ဖို့ဒ်၊ မာ့ခ်ဟာမေးလ်နဲ့ ကယ်ရီဖစ်ရှာတို့၏ ပုံရိပ်က သိပ်ပြီးထင်သာမြင်သာနေရာမှာ မရှိဘဲ သရုပ်ဆောင်အသစ်တွေဖြစ်တဲ့ ဒေစီရစ်ဒလေ၊ ဘွိုင်ယက်ဂါနှင့် အဒမ်ဒ္ဒိုက်ဘာတို့၏ ပုံရိပ်ကသာ ပိုမိုနေရာယူနေသည့်အနေအထားကြောင့် ယခင်ဇာတ်ကားများနှင့် ဇာတ်အိမ်တည်ပုံပြောင်းလဲနိုင်တယ်ဆိုသော ယူဆချက်များလည်း ထွက်ပေါ်လာခဲ့သည်။

ဇာတ်ကားနမူနာကို အောက်တိုဘာ ၂၂ ရက်တွင် ဒစ္စနေကပိုင်ဆိုင်သော အီးအက်စ်ပီအမ်ရုပ်သံလိုင်းမှ ဘောလုံးပွဲစဉ်များ ထုတ်လွှင့်နေစဉ် ပထမပိုင်းနဲ့ ဒုတိယပိုင်းကြား ၁၅မိနစ် အားလပ်ချိန်မှာ ပြသသွားခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သည့်နှစ် ၂၀၁၄နိုဝင်ဘာ၊ ၂၀၁၅ ဧပြီနှင့် ဩဂုတ်လတွေမှာ ဖို့ဒ်၊ ရစ်ဒလေနဲ့ ဘွိုင်ယက်ဂါတို့၏ ဇာတ်ဝင်ခန်းများကို ဇာတ်ကောင်အလိုက် သီးခြားစီနမူနာ ထုတ်လွှင့်ပြသခဲ့သော်လည်း ဇာတ်ကားတစ်ကားလုံးရဲ့ ဇာတ်လမ်းကျောရိုးကိုတော့ ယခုထိ ထဲထဲဝင်ဝင်ချပြခြင်းမရှိသေးပေ။ ထို့ကြောင့်လည်း ယခုကဲ့သို့ ပိုစတာကို အရင်ချပြလိုက်ခြင်းက ဘယ်သူကအဓိကဇာတ်ကောင်နေရာမှာ သရုပ်ဆောင်ခွင့်ရရှိခဲ့သလဲဟူသော ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုတွေ ပိုမိုမြင့်တက်လာစေခဲ့ခြင်းဖြစ်သည်။

ရှိုင်ယန်ဟေဒင်
ရေးသားသည်




## Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက်ပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် **Myanmar Wave Rider Cup & KTA Race Open 2015** ပြိုင်ပွဲအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ ပင်လယ်ပြင်ရွက်လှေအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/အဖွဲ့အစည်းရှစ်ခု၏ ပံ့ပိုးကူညီမှု(Sponsor) ဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မော်ရင်ဟိုပေးတဲ့ ဖိအားကို အပြုံးမပျက် ဖြတ်ကျော်နိုင်တဲ့ ဟာဇက်




ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ကလပ်အသင်းရဲ့ ရလဒ်မကောင်းတာကို ချေဖျက်ဖို့ဆိုရင် အစ၊အလယ်၊အဆုံးအားလုံးကို ပြောင်းပစ်ဖို့လည်းဝန်လေးမှာမဟုတ်ဘူးလို့ ဆိုခဲ့တဲ့အတိုင်း ချယ်လ်ဆီးကြယ်ပွင့် ဟာဇက်ကို ဗီလာနဲ့ ရင်ဆိုင်တဲ့ပွဲမှာ ထည့်သွင်းခဲ့ခြင်းမရှိတဲ့အတွက် ပရိသတ်တွေအားလုံးအံ့အားသင့်ခဲ့ရပါတယ်။ ဟာဇက်က အင်္ဂလန်ဘောလုံးလောကမှာ ဘာသံမှ မထွက်အောင်နေနိုင်တဲ့လူမျိုးဖြစ်ပြီး အဝတ်လဲခန်းမှာလည်းမော်ရင်ဟိုနဲ့ ပြဿနာမရှိအောင်ရှောင်လွှဲနိုင်သူဖြစ်ပါတယ်။

ဟာဇက်က လေ့ကျင့်ရေးကွင်းကို လာရောက်ဖို့ ပျက်ကွက်တာမျိုး ဘယ်တုန်းကမှမရှိသလို ဝင်ရောက်ကစားခွင့်ရတဲ့အချိန်တိုင်းမှာလည်း မျက်နှာပေါ်မှာ အပြုံးမပျက်အောင် ဖန်တီးနိုင်သူဖြစ်ပါတယ်။ မော်ရင်ဟိုပေးတဲ့ ဖိအားအပြင် ဝေဖန်မှုများတဲ့ အင်္ဂလန်ဘောလုံးလောကထဲမှာ ကျင်လည်နေရတာ ခက်ခဲပေမယ့် နေရာပျောက်မှာစိုးနေတဲ့ ဟာဇက်ကတော့ ဒီအခက်အခဲတွေကို စိတ်ဓာတ်ကြံ့ခိုင်မှုနဲ့သာကျော်လွှားနေသူပါ။

ချယ်လ်ဆီးမှာ ခြေစွမ်းပျောက်ကာနေရာမရဖြစ်နေခဲ့တဲ့ ဘယ်လ်ဂျီယံကွင်းလယ်လူ ဟာဇက်က သူ့အနေနဲ့ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ ရီးယဲလ်ကိုပြောင်းရွှေ့နိုင်တယ်ဆိုတာကို အရိပ်လက္ခဏာပြခဲ့ပါတယ်။ ဟာဇက်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာထက်ကနေပြီး သူ့ကိုပြီးခဲ့တဲ့နွေဈေးကွက်က ရီးယဲလ်မှ ကမ်းလှမ်းမှုပြုခဲ့ပေမယ့် အချိန်မတန်သေးဘူးလို့ထင်လို့ ချယ်လ်ဆီးမှာဆက်နေဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ ရေးသားထားပါတယ်။

ကစားသမားနဲ့ နီးစပ်သူများကတော့ ဟာဇက်က ဒီနှစ်ဆောင်းရာသီဈေးကွက်ဖွင့်ချိန်မှာ ဘယ်အသင်းကိုမှပြောင်းရွှေ့ဖို့ ဆန္ဒမရှိပေမယ့် လာမယ့် ၂၀၁၆ နွေဈေးကွက်မှာတော့ ရီးယဲလ်ကိုပြောင်းရွှေ့ဖို့ စိတ်ကူးရှိနေတယ်လို့ သတင်းပေးခဲ့ပါတယ်။ ဒါ့အပြင် ဟာဇက်က အခုမှ အသက်(၂၄)နှစ်သာရှိသေးတဲ့အတွက် နောက်ထက်ခြေစွမ်းတက်ရိပ်ရှိနေသေးတာကြောင့် ရီးယဲလ်က သူ့ကို ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ ဟာဇက်ကို ရီးယဲလ်က ပြောင်းရွှေ့ကြေး ဘယ်ရွှေ့ဘယ်မျှနဲ့ ကမ်းလှမ်းခဲ့တယ်ဆိုတာ ကစားသမားက ထုတ်ဖော်မပြောခဲ့ပေမယ့် ပေါင်သန်း၆၀နဲ့ ကမ်းလှမ်းခဲ့တာဖြစ်တယ်လို့ စပိန်သတင်းစာ မာကာက ဖော်ပြခဲ့ဖူးပါတယ်။ ဒါပေမယ့် မော်ရင်ဟိုက ဟာဇက်ဟာ ပေါင်သန်း၁၀၀ကျော်တန်ကြေးရှိတဲ့ကစားသမားဖြစ်တယ်လို့ တုံ့ပြန်ခဲ့သလို ကမ်းလှမ်းခဲ့မှုကို ချယ်လ်ဆီးတာဝန်ရှိသူတွေက ချက်ချင်းပယ်ချခဲ့တာကြောင့် အပြောင်းအရွှေ့ဟာ ပျက်ပြယ်ခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး တစ်နွေလုံးနှုတ်ဆိတ်နေခဲ့တဲ့ ဟာဇက်က အခုလို ချယ်လ်ဆီးမှာနေရာပျောက်နေကာမှ ရီးယဲလ်ကသူ့ကိုကမ်းလှမ်းခဲ့တယ်ဆိုတာ အင်စတာဂရမ်မှာ တင်ခဲ့တာကြောင့် ဒါက ရီးယဲလ်ကိုပြောင်းရွှေ့မယ့်အရိပ်လက္ခဏာကိုပြလိုက်တာလို့ အားကစားကျွမ်းကျင်သူတွေက သုံးသပ်ခဲ့ပါတယ်။ဒါ့ကြောင့် ဟာဇက်ကမော်ရင်ဟိုပေးတဲ့ ဖိအားဒဏ်ကို အပြုံးမပျက်ကျော်လွှားနေပေမယ့် တစ်ဖက်မှာ ရီးယဲလ်ကို ပြောင်းဖို့ တိတ်တဆိတ်ပြင်ဆင်နေပြီဆိုတာ. . ။

မေလှဲ့သဇင်း –ရေးသားသည်

# လာဗက်ဇီအားခေါ်ယူရန် အာဆင်နယ် ချိတ်ဆက်နေ




ပီအက်စ်ဂျီတိုက်စစ်မှူး လာဗက်ဇီအား ယခုလာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူခွင့်ရရန် အာဆင်နယ်ဘက်မှ ချိတ်ဆက်ကမ်းလှမ်းနေကြောင်း သိရသည်။ လာဗက်ဇီနှင့်ပီအက်စ်ဂျီအသင်းတို့ ချုပ်ဆိုထားသောစာချုပ်မှာ လာမည့်နွေရာသီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ခေါ်ယူမည့်အသင်းမှာ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရရှိမည်ဖြစ်သောကြောင့် အာဆင်နယ်နည်းပြဝင်းဂါးက ယခင်က ကာဗာနီအားခေါ်ယူရန်စိတ်ဝင်စားနေရာမှ လာဗက်ဇီကိုသာ ပြောင်းလဲပစ်မှတ်ထားလာခြင်းဖြစ်သည်။ လာဗက်ဇီကိုယ်တိုင်ကလည်း အတွေ့အကြုံသစ်များရှာဖွေလိုသည့်အတွက် လာလီဂါ(သို့မဟုတ်) ပရီမီယာလိဂ်သို့ပြောင်းရွှေ့မည်ဟု ယခင်ကတည်းက ပြောကြားထားရာ အာဆင်နယ်သို့ ယခုနှစ်ဆောင်းရာသီတွင် ပြောင်းရွှေ့ရန်နီးစပ်နေပြီဟုလည်း အာဂျင်တီးနား အားကစားသုံးသပ်သူများက ရေးသားကြသည်။

အာဆင်နယ်နည်းပြ ဝင်းဂါးသည် အသင်းရှိတိုက်စစ်မှူးများ၏ခြေစွမ်းအပေါ် စိတ်ကျေနပ်မှုအပြည့်အဝမရှိသည့် အတွက် ထိပ်တန်းအရည်အသွေးရှိတိုက်စစ်မှူးတစ်ဦးကို ခေါ်ယူရန်ကြိုးပမ်းနေသည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်သည်။သို့သော်လိုချင်သည့် တိုက်စစ်မှူးများမှာ အာဆင်နယ်သို့လာရောက်ကစားရန် စိတ်မဝင်စားဘဲ လက်ရှိကလပ်များတွင်သာ ဆက်နေရန်ဆုံးဖြတ်ခဲ့ခြင်းကြောင့် ပြီးပြည့်စုံသည့် အပြောင်းအရွှေ့ကို မဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂိုးသမားပီတာဆက်ခ်ျတစ်ဦးတည်းကိုသာခေါ်ယူနိုင်ခဲ့သော အာဆင်နယ်၏ အပြောင်းအရွှေ့ မူဝါဒအပေါ် ပရိသတ်များကပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြသေးသည်။ အာဆင်နယ်သည် လက်ရှိတွင် တိုက်စစ်အင်အားစုဖွဲ့မှုပုံစံ ကောင်းမွန်သော်လည်း အကျပ်အတည်းအချိန်တွင် အသင်း၏ရလဒ်ကိုပြောင်းလဲနိုင်သည့် ထိပ်တန်းအရည်အသွေးရှိတိုက်စစ်မှူးရှားပါးသည့် ပြဿနာနှင့်ရင်ဆိုင်နေရဆဲဖြစ်သည်။ လာဗက်ဇီမှာ ထိပ်တန်းခြေစွမ်းရှိသူဖြစ်သော်လည်း လက်ရှိတွင် အသက်(၃၀)အရွယ်သို့ရောက်ရှိနေပြီဖြစ်သဖြင့် ပရီမီယာလိဂ်ကဲ့သို့ ကြံ့ခိုင်မှုဦးစားပေးသော လိဂ်တွင် အံ့ဝင်အောင်ကစားနိုင်မည်လားဆိုသည်ကိုမူ ဝင်းဂါးအနေဖြင့် စဉ်းစားဆုံးဖြတ်ရန်လိုအပ်သည်ဟု အင်္ဂလန်မီဒီယာများက ထောက်ပြကြသည်။

# ဒိုင်ဘာလာအား နေရာမပေးသည့် အယ်လီဂရီအား ဇမ်ပရီနီ ဝေဖန်



ပါလာမိုဥက္ကဋ္ဌ ဇမ်ပရီနီက တိုက်စစ်မှူး ဒိုင်ဘာလာအား နေရာမပေးသည့် ဂျူဗင်တပ်နည်းပြ အယ်လီဂရီ၏ ဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း ပြစ်တင် ဝေဖန်လိုက်သည်။ ဒိုင်ဘာလာသည် ပါလာမိုအသင်းတွင် ခြေစွမ်းကောင်းပြသနိုင်ခဲ့သည့်အတွက် ဂျူဗင်တပ်အသင်းမှ မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ရာ တိုက်စစ်ကို လိုက်ပါဖြည့်စွမ်းနိုင်မှုနည်းပါးသည့်အတွက် ဂျူဗင်တပ်တွင် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေခဲ့သူဖြစ်သည်။

ဇမ်ပရီနီက ဒိုင်ဘာလာမှာ ပင်ကိုပါရမီရှိသည့် ကစားသမားဖြစ်သော်လည်း အယ်လီဂရီ၏ယုံကြည်မှုမခံရသောကြောင့် ပုံမှန်ခြေစွမ်းအောက် ကျရောက်သွားခဲ့ရခြင်းဖြစ်ကြောင်း၊ အယ်လီဂရီမှာ ကွန်တီ၏အသင်းလိုက်ကောင်းမွန်အောင်တည်ဆောက်ထားမှုကိုလည်း ဖျက်ဆီးပစ်သည့်သူဖြစ်ကြောင်း၊ ဒိုင်ဘာလာမှာ မိုချန်ဂလာဘတ်အားရင်ဆိုင်ရသည့်ပွဲတွင် ခုနစ်မိနစ်သာ ဝင်ရောက်ကစားခွင့်ရခဲ့သော်လည်း ခြေစွမ်းကောင်းတစ်ရပ် ပြသနိုင်သည့်သူဖြစ်ကြောင်း၊ ပါလာမိုတွင် ခြေစွမ်းပြသနိုင်သလို ဂျူဗင်တပ်တွင်လည်း အကောင်းဆုံးပေးဆပ်နေကြောင်း ဆိုခဲ့သည်။

ဒိုင်ဘာလာသည် ပြီးခဲ့သည့် နွေဈေးကွက်တွင် ပါလာမိုမှ ဂျူဗင်တပ်သို့ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး စုစုပေါင်း ၁၁ ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုးလေးဂိုး အထိသွင်းယူနိုင်သော်လည်း နည်းပြ အယ်လီဂရီနီစိတ်ကြိုက်ကစားသမားမဖြစ်ခဲ့ဘဲ တိုက်စစ်တွင် မန်ဇူကစ်ကိုသာဦးစားပေးကစားသမားအဖြစ် သုံးစွဲနေသည်။

## အောက်တိုဘာ ၂၄ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် (၁၀)** | | |
| ဝက်စ်ဟမ်း - ချယ်လ်ဆီး | | ည-၈း၃၀ |
| လက်စတာ - ခရစ္စတယ်ပဲလေ့စ် | | ည-၈း၃၀ |
| ဗီလာ - ဆွမ်ဆီး | | ည-၈း၃၀ |
| စတုတ် - ဝက်ဖို့ဒ် | | ည-၈း၃၀ |
| နော့ဝှစ်ချ် - ဝက်စ်ဘရွန်း | | ည-၈း၃၀ |
| အာဆင်နယ် - အဲဗာတန် | | ည-၁၁း၀၀ |
| **လာလီဂါ ပွဲစဉ် (၉)** | | |
| ဆဲလ်တာဗီဂို - ရီးယဲလ်မက်ဒရစ် | | ည-၈း၃၀ |
| ဂရန်နာဒါ - ဘက်တစ် | | ည-၁၀း၄၅ |
| **စီးရီးအေ ပွဲစဉ် (၉)** | | |
| အမ်ပိုလီ - ဂျီနိုအာ | | ည-၇း၃၀ |
| ကာပီ - ဘိုလော့နာ | | ည-၁၀း၃၀ |
| **ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀)** | | |
| ဘိုင်ယန်မြူးနစ် - ကိုလုံး | | ည- ၈း၀၀ |
| ဟန်နိုဗာ - ဖရန့်ဖတ် | | ည- ၈း၀၀ |
| မိန့်ဇ် - ဝါဒါဘရီမင် | | ည- ၈း၀၀ |
| ဒမ်စတက် - ဝုဖ်ဘတ် | | ည- ၈း၀၀ |
| အင်ဂေါ့စတက် - ဟာသာဘာလင် | | ည- ၁၁း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ် (၁၀)** | | |
| လိုရီယန့် - ရင်းနစ်စ် | | နံနက်- ၁း၃၀ |



# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

မူးယစ်တပ်ဖွဲ့စု(၁၀၄)နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက်က သာစည်မြို့နယ် ကျွဲတက်ဆုံကျေးရွာ - ကျွဲတက်ဆုံတိုးလ်ဂိတ်အနီးတွင် တောင်ကြီးမြို့မှ ဘုရားငါးဆူကျေးရွာသို့ ယာဉ်မောင်း စိုင်းပန် မောင်းနှင်၍ ထွန်းဝင်း(ခ)အိုက်ထွန်း လိုက်ပါလာသောယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် မြန်မာငွေကျပ် နှစ်သိန်း တို့ကို သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၂၀ ရက်က ဇန်းမော်မြို့ (၃)မိုင်ကွက်သစ်နှင့် ဟန်းတဲရပ်ကွက်သွားလမ်းရှိ ရော်ဘာစိုက်ခင်းအနီးတွင် တွေ့ရှိသူ မန္တယ်အား ရှာဖွေရာ ဘိန်းဖြူ အလေးချိန် သုည ဒသမ ၅၆၀၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မထုဆိုင်နှင့် မကိုင်ဆန်(ခ) ညိုချောတို့ ငှားရမ်းနေထိုင်သည့် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်နေအိမ်သို့ သွားရောက်ရှာဖွေရာ ဘိန်းဖြူ အလေးချိန် သုည ဒသမ ၅၇၁၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၃၅၈၀ တို့ကို ထပ်မံသိမ်းဆည်းရမိသည်။

ထို့အတူ အောက်တိုဘာ ၂၁ ရက်က တမူးမှ ကလေးသို့ စိုးလင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၃၁၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ယာဉ်ကျော်တက်စဉ် တိမ်းမှောက်၊ နောက်ယာဉ်နှင့် တိုက်

**အမရပူရ အောက်တိုဘာ ၂၃**

အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့ ရန်ကုန်-မန္တလေးကားလမ်းတွင် အောက်တိုဘာ ၂၁ရက် ညနေ ၅နာရီ ၄၅မိနစ်က တောင်မှမြောက်သို့ ဦးမောင်နု ဥပုသ်တော်ရပ်ကွက် အောင်မြေသာစံမြို့နယ်နေသူ မောင်းနှင်သော ၅ယ/---စူပါကပ်ဆိုင်ကယ်သည် ၎င်းရှေ့ရှိ လမ်းယာဘက်ဘေးတွင်ရပ်ထားသော 4F/---Canterယာဉ်အား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။

ထိုသို့ တိမ်းမှောက်စဉ် ယာဉ်ကြောတူနောက်မှ ယာဉ်မောင်း ဦးမောင်ဦး (ယ)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူ မောင်းနှင်သော ရွှေမန်းသူယာဉ်လိုင်းမှ ၃ယ/---မှန်လုံယာဉ်နှင့်တိုက်မိ၍ ဦးမောင်နုတွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သဖြင့် ၎င်းအား မြစ်ငယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ဒုတိယရဲမှူးသိန်းကျော်၊ ရဲအုပ်တင်မောင်ရွှေနှင့်အဖွဲ့သည် အောက်တိုဘာ ၂၂ရက်က မြင်းမူမြို့ အနောက်ခြမ်းနှင့် ပျော့ရွာကျေးရွာတို့၌ စက်သုံးဆီရောင်းဝယ်နေမှုများအား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၆၂၄)**

# တရားမဝင်သစ်သယ်ဆောင်လာသူအား ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက် နံနက် ၄ နာရီခွဲခန့်က တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ မုံရွာမြို့နယ် မုံရွာ-မန္တလေးကားလမ်း မြေနဲကျေးရွာလမ်းဆုံတွင် သွားရောက်စောင့်ဆိုင်းခဲ့သည်။

ထိုသို့စောင့်ဆိုင်းနေစဉ် မုံရွာဘက်မှ မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက်နေ ထွန်းမင်းဌေး(ခ) ဖိုးငယ် (၃၆)နှစ် မောင်းနှင်လာသော ၈ဆ/...... TOYOTA CANTER ခြောက်ဘီး ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ခွဲသားဆိုဒ်စုံ ၂၆တုံး(၃ ဒသမ ၁၉၀၂ တန်) သိမ်းဆည်းရမိခဲ့သဖြင့် ထွန်းမင်းဌေး(ခ)ဖိုးငယ်အား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

**ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း စက်ရုံဝန်ထမ်းဟောင်းများနှင့် လုပ်ဖော်ကိုင်ဖက်များအား ဖိတ်ကြားခြင်း**

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ ဝန်ထမ်းဟောင်းများအသင်းကို ဖွဲ့စည်းမည်ဖြစ်ပါ၍ စက်ရုံတွင်လုပ်ကိုင်ခဲ့ဖူးသော ဝန်ထမ်းများ၊ လုပ်သားကိုယ်စားလှယ်များနှင့် ပစ္စည်းပေးသွင်းသူများအား ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီတွင် အလုံလမ်းရှိ My Garden စားသောက်ဆိုင်၌ ကျင်းပမည့်တွေ့ဆုံပွဲသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဖြစ်မြောက်ရေးကော်မတီ**

HAPPY BIRTHDAY "Ko"

'စု' ချစ်ရသော ကို ၏ ၂၄-၁၀-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပြီး ပျော်ရွှင်ဖွယ် မွေးနေ့များစွာကို မိသားစုနှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

ရင်ထဲမှာကို့ကို ချစ်တဲ့မေတ္တာကို
ဘယ်တော့မှ မပြောင်းလဲတဲ့
ထာဝရချစ်ခြင်းများစွာဖြင့် "စု"

တရုတ်
Sayar Yang
စကားပြောရုံပဲဆိုရင်
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH
Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

The VOICE weekly



အပတ်စဉ်
စနေနေ့တိုင်း
ထွက်ပြီ
သတင်း : 01 - 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327.
website : http//www.thevoicemyanmar.com



Copyright & Distribution
CHO KYI THA Music Production
Tel: 01-536728, 09-421092503
သီချင်း(၁၅)ပုဒ် အားပါးတရ ခံစားရမည်
သူငယ်ချင်းသုံးယောက်
LIVE SHOW
PART:ONE
ကိုကြာ မေဆွိ မေခလာ
CD & DVD KARAOKE ထွက်ပြီ
Success PRO Music Studio
Harmony: Everglades
Sponsored by:
MILKY WAY Outdoor Advertising
MYAN TOUR

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း(မြို့လှ)တွင် ပညာသင်ကြားနေကြသော ဒသမတန်းမှ မငြိမ်းငြိမ်းဇော်၊ အဋ္ဌမတန်းမှ မောင်ငြိမ်းထက်အောင်နှင့် စတုတ္ထတန်းမှ မဝင်းဝင်းဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျင်ဆန်း[၁၂/သဃက(နိုင်)၁၁၇၁၅၄]ဖြစ်ပါကြောင်း။

**ဦးကျင်ဆန်း[၁၂/သဃက(နိုင်)၁၁၇၁၅၄]**

**ဖခင်အမည်မှန်**

သဃ်န်းကျွန်းမြို့နယ်၊ အ. ထ. က (၃) ဒသမတန်း(C)မှမောင်ဇေလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်(ခ)ဦးဂျမား [၁၂/သဃက(နိုင်)၀၃၃၄၂၅] ဖြစ်ပါကြောင်း။

ဦးသန့်ဇင်(ခ)ဦးဂျမား

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**လူတွေ ရှိနေလေသမျှ ဘယ်တော့မှ မရိုးနိုင်တဲ့အကြောင်းအရာ**

အစကတော့ ၂၀၀၂ ခုနှစ် ဇန်နဝါရီလ၊ လွန်ခဲ့တဲ့ ၁၃ နှစ်ကျော် ၁၄ နီးပါးတုန်းက ရေးခဲ့တဲ့ "ပါးစပ်နဲ့လူ နားရွက်နဲ့လူ"ဆိုတဲ့ စာမူလေးကို ကြေးမုံပရိသတ်အတွက် အစအဆုံး ပြန်ဖော်ပြဖို့ စိတ်ကူးလိုက်မိသေးတယ်။ ပြန်ဖတ်ကြည့်တော့လည်း ၁၄ နှစ် နီးပါးကြာသွားခဲ့ပေမယ့် ယနေ့ခေတ်ကာလနဲ့ကိုက်ညီနေဆဲပါပဲ။ ဒါပေမယ့် အဲလို အဟောင်းကို အသစ်ပြန်လုပ်ရမှာ စိတ်က မပါချင်တော့ဘူး။ ဒါနဲ့ အသစ်ပဲရေးတော့မယ်လို့ စိတ်ကူးမိရပါတယ်။

အမှန်တော့ သည်အကြောင်းကို အဲဒီ့တစ်ပုဒ်သာ မကပါဘူး။ နောက်ထပ် ၄ နှစ်အကြာ ၂၀၀၆ ခုနှစ် ဧပြီလမှာ အတွေးသစ် ဂျာနယ်မှာ လေးပတ်စာ အရှည်ကြီးတစ်ပုဒ်လည်း ရေးဖြစ်ခဲ့ပါသေးတယ်။ "အဝေဖန်ခံနည်း နိဿရည်း" ဆိုတဲ့ ခေါင်းစဉ်နဲ့ပါ။ အဲဒါကတော့ ၁၉၆၄ ခုနှစ် ဇွန်လထုတ် ဖတ်သူ့အနှစ် (Reader's Digest) မဂ္ဂဇင်းထဲက ဆောင်းပါးတစ်ပုဒ်ကို အစအဆုံး ဘာသာပြန်ပြီး နောက်ပိုင်းမှာ ကျွန်တော့်ရဲ့ အတွေ့အကြုံများနဲ့ ဆက်လက်ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

သည်နေရာမှာ အထက်က ဖော်ပြခဲ့တဲ့ ခုနှစ်သက္ကရာဇ်တွေကို အရင်ဆုံး ပြန်ကြည့်ကြရအောင်လားခင်ဗျာ။ အဲလို ကြည့်လိုက်တဲ့အခါ ၁၉၆၄ (သူများရေးထားတာ)ရယ်၊ ကျွန်တော်ရေးတာက ၂၀၀၂ နဲ့ ၂၀၀၆ ရယ်ဆိုပြီး တွေ့ရပါလိမ့်မယ်။ ဟော. . . အခု ၂၀၁၅ ခုနှစ်မှာ သည်အကြောင်းကို ရေးချင်လာရပြန်ပါပြီကော။

**လူတိုင်း လက်ခံစေချင်တာ အတော်ကြောင်သဗျာ**

ပြောချင်တာက သည်အကြောင်းအရာဟာ လူတွေရဲ့ဘဝမှာ ဘယ်တော့မှ ရိုးအီမသွားနိုင်တဲ့ အကြောင်းအရာဆိုတာပါပဲ။

အမှန်ပါပဲ။ လူ့သမိုင်းအစကတည်းက ဝေဖန်ခြင်း၊ သရော်ခြင်း၊ ကဲ့ရဲ့ခြင်း၊ လှောင်ပြောင်ခြင်း၊ အမနာပ ပြောခြင်း၊ အပုပ်ချခြင်းတွေနဲ့ ကင်းအောင်နေနိုင်တဲ့လူသားရယ်လို့ တစ်ယောက်မှ မရှိခဲ့ပါဘူး။ သည်အချက်က ထင်ရှားလွန်းလို့လားတော့ မသိဘူးခင်ဗျ၊ လူအတော်များများက မျက်စိလျှမ်းနေကြပါတယ်။ သတိလစ်နေကြပါတယ်။ ကိုယ့်ထိရင် မချိအောင် နာပြနေတတ်ကြပါတယ်။

နာတတ်သူတွေ ဆင်ခြင်နှလုံးသွင်းဖို့က မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးတောင် ဒါတွေကို ရှောင်လွှဲလို့ မရနိုင်ခဲ့ပါဘူး။ သည်နေရာမှာ "အဝေဖန်ခံနည်း နိဿရည်း"တုန်းက ကျွန်တော်ရေးဖြစ်ခဲ့တာလေးကို ပြန်ကိုးကားချင်ပါတယ်။

တစ်ကမ္ဘာလုံး အကြိုက်ခံရတဲ့သူဆိုတာ မရှိပါဘူး။ မင်းသား၊ မင်းသမီး၊ စာရေးဆရာ၊ ခေါင်းဆောင်၊ သိပ္ပံပညာရှင်၊ အဆိုတော်. . . နှစ်သက်ရာကို စဉ်းစားကြည့်တော်မူကြစေချင်ပါတယ်။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လို့ တင်စားပြောဆိုကြပေမယ့် အဲဒီ့နှင်းဆီခိုင်ကိုမှ မကြိုက်တဲ့ "ပျို"တွေလည်း တစ်ပုံတစ်ပင်ကြီးရှိတာ ထင်ရှားပါတယ်။ ယုတ်စွအဆုံး၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုပဲဖြစ်ဖြစ်၊ ယေရှုခရစ်တော်ပဲဖြစ်ဖြစ်၊ တမန်တော် မိုဟာမက်ပဲဖြစ်ဖြစ်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူတိုင်းလက်ခံထား၊ သဘောတူထား၊ ကြိုက်ထား၊ ကြည်ညိုထား၊ ကိုးကွယ်ထားတာမှ မဟုတ်ပေကပဲဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လိုသူလို ငါလို ပုထုဇဉ်များအတွက်ကတော့ ဟား. . . လူတိုင်းကြိုက်ဖို့များတော့ ဝေးပါသေးရဲ့။ နည်းနည်းပါးပါး ကြိုက်တဲ့သူရှိတာကိုက ကျေးဇူးတင်စရာကောင်းလှပြီ မဟုတ်လားဗျာ။

**ဝေဖန်ပုတ်ခတ် ကဲ့ရဲ့လှောင်ပြောင်ခံရတဲ့အခါ ဘယ်လိုစိတ်ထားကြမလဲ**

"သူများပါးစပ်လှုပ်တိုင်းသာ ကိုယ်က လိုက်လှုပ်နေမယ်ဆိုရင် ကိုယ့်ဘဝဟာ သူများပါးစပ်ထဲမှာပဲ နစ်မွန်းသွားလိမ့်မယ်"လို့ ပျဉ်းမနား မဟာမြိုင်တောရ ဆရာတော် ဦးဇောတိက မိန့်ကြားတော်မူခဲ့ဖူးပါတယ်။

သို့ပေမယ့် သည်အဆိုအမိန့်တွေ အားလုံးကို အာဂုံဆောင်ထားဦးတောင် ကျွန်တော်အပါအဝင် လူအတော်များများဟာ ကိုယ့်ကိုအပြောခံရရင် ဆွေ့ဆွေ့တွေထထခုန်မိတတ်တာလည်း အမှန်ပါပဲ။ တချို့ကျတော့လည်း ငါ့မှ အပြောခံရလေခြင်းဆိုပြီး ရင်ကွဲပက်လက်လည်း ဖြစ်တတ်ပါတယ်။ ဖြစ်ဆို အဲလို ဝေဖန်ပုတ်ခတ်တာ၊ အမနာပပြောတာ၊ သရော်ကဲ့ရဲ့တာတွေ ခံရတဲ့အခါ ထိသွားတာက ကိုယ့်အတ္တကိုးဗျာ။ အတ္တကိုထိတော့ မချိအောင် နာတော့တာပေါ့။

နာတာ နာကြပါဗျာ။ လူပဲ၊ ခံစားချက်တော့ ရှိတာပေါ့။ နာတာ တရားပါတယ်။ နာပြီး စိတ်လိုက်မာန်ပါ တုံ့ပြန်တော့မှသာ အလွဲတွေ ဖြစ်ကုန်တတ်တာလေးကိုပဲ သတိထားဖို့ လိုပါတယ်။

**ခံစားမှုပိုင်း အတိုင်းအချင့်**

ခုကာလမှာ လူတွေရဲ့ အောင်မြင် ထွန်းပေါက်ရေးမှာ Emotional Quotient (EQ) လို့ ခေါ်တဲ့ "ခံစားမှုပိုင်း အတိုင်းအချင့်" ဆိုတာကို အတော် ပြောလာကြပါပြီ။ (ကျွန်တော့် စာတွေထဲမှာ လွဲသာသမျှ အင်္ဂလိပ်စာလုံးတွေ ညှပ်မသုံးချင်လို့ "ခံချင့်" လို့ အတိုကောက် ဆက်လက်သုံးစွဲသွားပါ့မယ်။)

**အလွတ်မဲ့ ခံစားပြီး အလွတ်မဲ့ တုံ့ပြန်တတ်တဲ့သူဟာ "ခံချင့်" နိမ့်ပါးသူပါ။**

သည်နေရာမှာ "ခံချင့်"ရဲ့ အခြေခံကို နားလည်ဖို့လိုမယ် ထင်ပါတယ်။ (၁) ကိုယ့်ခံစားမှုရဲ့ အတိုင်းအချင့် (၂) ကိုယ့်အပြုအမူကြောင့် တစ်ဖက်သား ခံစားသွားရမယ့် အတိုင်းအချင့် (၃) ဘေးလူ ခံစားသွားရမယ့် အတိုင်းအချင့် ဆိုတဲ့ သုံးရပ်စလုံးကို တွက်ဆပြီး ပြုမူဆောင်ရွက်တတ်ပါမှ ခံချင့်မြင့်မားသူ ဖြစ်လာမှာပါ။

နမူနာလေးနဲ့ ပြောပါရစေ။ ကိုယ့်ကို လှောင်လိုက်တယ်။ ဒေါသပေါက်ကွဲသွားတယ်။ သည်မှာတင် တစ်ဖက်သားကို ပျစ်ပျစ်နှစ်နှစ် ဆဲထည့်လိုက်တယ်ဆိုပါစို့။ (၁) ကိုယ့်ဒေါသရဲ့ အတိုင်းအဆကို မသိလိုက်ဘူး။ (၂) ကိုယ်ဆဲလိုက်တဲ့အတွက် တစ်ဖက်သားမှာ ဘယ်လောက်အထိ ပြန်ခံစားသွားရမလဲဆိုတာကို မတွက်ဘူး။

သည်အထိက ဟုတ်သလိုလိုပဲဗျ။ ကိုယ့်ပါးအကိုက်ခံရရင် သူ့ပါးပြန်ကိုက်တာလည်း တရားတာပေါ့ဆိုတဲ့ သတ္တဝါတို့ရဲ့ အငုပ်စိတ်နဲ့ဆို ဟုတ်တုတ်တုတ်ပဲလေ။ ဒါပေမယ့် သတိမထားမိတာက ကိုယ်က အဟိတ်တိရစ္ဆာန်မဟုတ်ဘဲ အသိဉာဏ်ရှိတဲ့ လူသားဆိုတာပါ။ ဘာလို့ တိရစ္ဆာန်စိတ်မွေးဖြစ်သွားတာလဲ။ ကိုယ့်ဒေါသရဲ့ အတိုင်းအချင့်ကို သတိလစ်သွားလို့ပါ။

ကိုယ်က ဒေါသ ပေါက်ကွဲတယ်၊ ကိုယ့်ကို လှောင်သူကို ဆဲထည့်လိုက်တယ်။ လူကြားထဲမှာဆိုရင် ဘေးလူရှိနေပြီ။ ဘေးလူက သည်လူဟာ အတော်ရိုင်းတာပဲဆိုတဲ့ စိတ်နဲ့ကိုယ်ကို စက်ဆုပ်သွားနိုင်တယ်။ အဲဒါကို ထည့်တွက်ဖို့လည်း လိုတယ်။ ဒါဟာ (၃) အချက်ဖြစ်တဲ့ ဘေးလူခံစားသွားရမယ့် အတိုင်းအချင့်ကို တွက်ချက်နိုင်စွမ်းပါပဲ။

သည်သုံးချက်ကို ဟန်ချက်ညီညီထိန်းပြီး ပြုမူဆောင်ရွက်တတ်သူ၊ ပြောဆိုတုံ့ပြန်တတ်သူတွေဟာ ဘဝမှာ အောင်မြင်မှု ရကြစမြဲပါ။ အဲဒါကို မထိန်းနိုင်တဲ့သူတွေကတော့ အောင်မြင်လည်း ခဏပဲ၊ ကျဆုံးတဲ့အခါကျရင်တော့ ဘယ်သူကမှ လှည့်မကြည့်ချင်တော့အောင် အရှုံးမုန်းခံတွေ ဖြစ်သွားတတ်တာကို လူလုပ်နေသူအားလုံး သတိချပ်ဖို့လိုမယ်ထင်ပါတယ် ခင်ဗျ။

**လူမှုကွန်ရက် ဖြန့်ကြက်ချိန်ခါ**

အခုကာလမှာ နည်းပညာတိုးတက်မှု အရှိန်အဟုန်ကြောင့် လူမှုကွန်ရက်ကြီးက အတော်ကျယ်ပြန့်နေပါပြီ။ ကျွန်တော်တို့ဆီမှာလည်းပဲ အင်တာနက်သုံးသူ ဦးရေတွေ တစ်နေ့တခြား တိုးပွားနေသလို "စာအုပ်မျက်နှာစာ"လို လူမှုကွန်ရက်ကို သုံးနေသူတွေကလည်း မနည်းမနောပါ။

တစ်နည်းပြောရရင် မတစ်ရာသားတွေ ထင်ရာ ထပြောနိုင်နေကြတဲ့ ကာလကြီးပါပဲ။ ဒါ တစ်ကမ္ဘာလုံးပါ။ အဲသလို ထင်ရာ ထပြောတဲ့သူတွေထဲမှာ အနောက်တိုင်းသားတွေလည်း ပါပါတယ်။ တစ်ခါကဆိုရင် အနောက်တိုင်းသား တစ်ဦးက ကျွန်တော်တို့ နိုင်ငံကို "မူစလင် အာဏာရှင်နိုင်ငံရယ်"လို့ ခပ်တည်တည်နဲ့ ရေးသွားတာ ဖတ်လိုက်ရဖူးတယ်။ သူ့အသိ ပညာနည်းပါးမှုကို သူ့ဘာသာ ဖော်ထုတ်လိုက်တာမို့ ဒါကိုဆန်စင်ရာ ကျည်ပွေ့လိုက်နေစရာ မလိုပါဘူး။ အသာလေး လွှတ်ပေးထားလိုက်ရုံနဲ့ ပြီးပါတယ်။ ငါတို့ နိုင်ငံကို မဟုတ်တာပြောရကောင်းလား၊ ဘာလား၊ ညာလား၊ တော်တော်တုံးတဲ့ကောင် စသဖြင့် ဒေါတွေ ထဖောင်းပြီး တုံ့ပြန်လိုက်ရင်သာ လူရယ်စရာ ဖြစ်နေမှာပါ။

မတစ်ရာသားတွေ ထင်ရာပြောနိုင်တဲ့ ကာလကြီးမှာ လူအများရှေ့ထွက်ရပ်နေကြသူတွေအနေနဲ့က အတော့်ကို အနေအထိုင်တတ်မှ၊ "ခံချင့်" မြင့်မားမှ ဖြစ်ပါလိမ့်မယ်။ လူရှေ့ထွက်ရပ်၊ လူလုံးထွက်ပြပြီးခါမှ လူပြောသူပြောမခံရဲရင် သဘောထားသေးသိမ် ယုတ်ညံ့ရာ ကျပါတယ်။ ချီးကျူးတာချည်းပဲ ခံချင်ပြီး ကဲ့ရဲ့ခံရတိုင်းဆွေ့ဆွေ့ခုန်ပြနေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ပရိသတ်ကပါ အမြင်စောင်းလာတော့မှာအထိ ထည့်တွက်တတ်ပါမှ "ခံချင့်" မြင့်မားလာမှာပါ။

**ဒါဖြင့် ဘယ်လို တုံ့ပြန်ကြမလဲ**

(၁) အပြောခံရတဲ့အခါ အဲဒီ့အပြောတွေထဲမှာ မှန်တာတွေများပါနေသလားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးယူရမှာပါ။ သတိထားရမှာက ကိုယ့်အတွက်ဆို တစ်ကွက်ချန်ချင်တဲ့စိတ်၊ ဆင်ခြေကန်ချင်တဲ့ စိတ်တွေနဲ့ ကိုယ်မှန်တယ်၊ တရားတယ် လို့ချည်းပဲ ကိုယ့်ဘာသာကိုယ် ဇွတ်အတင်း တွေးယူတတ်တဲ့ ဉာဉ်တွေကိုပါပဲ။ အဲသလို ဉာဉ်နဲ့ကတော့ မူလကိုယ့်အမှားကို ထပ်ဆင့်မှားအောင်လုပ်ရာ ရောက်သွားပါလိမ့်မယ်။ ကိုယ့်ကို ဝေဖန်လာသူဘက်က မှန်နေတယ်ဆိုတာကို အောင့်သည်းအောင့်သက်နဲ့ ကောက်ချက်ချဖြစ်သွားတဲ့အခါမှာ အလုပ်သင့်ဆုံး အလုပ်ကတော့ ဝန်ခံလိုက်တာပါပဲ။ အဲသလို ဝန်ခံလိုက်တာနဲ့တစ်ပြိုင်နက် ဟိုတစ်ဖက်က အလိုလို ပါးစပ်ပိတ်သွားတော့မှာ သေချာလှပါတယ်။ ဟုတ်တယ်လေ။ သူနဲ့ သဘောတူပါတယ်ဆိုမှတော့ ဟိုတစ်ဖက်မှာ ဘာပြောစရာ ကျန်တော့မှာတဲ့တုံး။ နောက်တစ်ချက်က သတ္တိကောင်းသူ၊ ကိုယ့်တာဝန် ကိုယ်ယူတတ်သူမှ ဖြောင့်ဖြောင့်မှန်မှန် ဝန်ခံတတ်တာကိုလည်း မမေ့သင့်ပါဘူး။

(၂) ဆင်ခြင်တုံတရားရှိရှိ ဒုတိယတုံ့ပြန်နည်းကတော့ ကိုယ့်ကိုဝေဖန်လာသူရဲ့ အရည်အချင်းတွေကို ဆန်းစစ်ဖို့ပါ။ သူဟာ နာမည်ကောင်း ရှိသူလား၊ ရိုးသားဖြောင့်မတ်သူလား။ နာမည်ကောင်းလည်း ရှိတယ်၊ ရိုးလည်းရိုးသားတယ်ဆိုရင်တော့ သူပြောလာ ဆိုလာတာကို အလွယ်တကူ ပယ်မချသင့်ပါဘူး။ သေချာဆင်ခြင်စဉ်းစားသင့်ပါတယ်။

(၃) ပြောသူဟာ မလိုတမာစိတ်နဲ့ ပြောတတ်သူဖြစ်နေမယ်၊ သူ့မှာ ကိုယ့်ကို မနာလိုတိုရှည်ဖြစ်နေစရာ အကြောင်းတွေ ရှိမယ်ဆိုရင်တော့ သူပြောသမျှကို လျစ်လျူရှုထားလိုက်ရုံပါပဲ။ သိက္ခာရှိရှိ ဣန္ဒြေရရနဲ့ ခပ်မဆိတ်နေလိုက်ခြင်းဟာ မဟုတ်မမှန် လုပ်ကြံပြောဆိုတာ မှန်သမျှကို တုံ့ပြန်တဲ့နေရာမှာ အကောင်းဆုံး နည်းလမ်းပါပဲ။

(၄) ဝေဖန်ချက်က မှားယွင်းနေတဲ့အပြင် အကျိုးပျက်စီးရာ ပျက်စီးကြောင်းအထိ ဖြစ်နေရင်တော့ မလွှဲမသွေတုံ့ပြန်ရ၊ ရှင်းလင်းရတော့မှာပါ။ ဒါပေမယ့် အဲသလို တုံ့ပြန်တဲ့အခါ၊ ရှင်းလင်းတဲ့အခါမှာ အကျိုးအကြောင်းကိုသာ ခိုင်ခိုင်မာမာပြောပြီး လက်တုံ့မပြန်မိအောင်၊ ပြန်လည်မထိုးနှက်မိအောင် ကြိုးစားခြင်းက မိကောင်းဖခင် သားသမီး ပီသပါတယ်။ ခံချင့်မြင့်မားမှုကို ပြသရာလည်း ရောက်ပါတယ်။

(၅) ဥပဒေရဲ့ အကာအကွယ်ကို ရယူတဲ့နည်းကိုတော့ ကျွန်တော့်ဆောင်းပါးမှာ ထည့်မဆွေးနွေးလိုပါဘူး။ ရှေးစကားနဲ့ပြောရင် ကြားထဲက ရှေ့နေတွေသာ စားသာသွားမယ့် အပေါက်ဖြစ်နေလို့ပါပဲ။

**နိဂုံး**

နိဂုံးအနေနဲ့ကတော့ဗျာ လူတွေမှာ ပါးစပ်တွေပါတယ်။ အဲတော့ပြောတာလူ့အလုပ်ဖြစ်သလို ပါးစပ်နဲ့ထပ်တူ နားရွက်တွေလည်း ပါတာမို့ နားထောင်ဖို့ကလည်း လူ့အလုပ်ပါပဲ။ သည်တော့ ဘယ်သူဘာပြောပြော ပြောသမျှကို အသာနားထောင် နေလိုက်မယ်ဆိုရင် ကိုယ့်အတွက် တစ်စက်မှ အကျိုးမယုတ်နိုင်ပါဘူး။ နားမထောင်ဘဲ နားပိတ်ထားမယ်၊ ပြောသူကိုလိုက်ပြသနာရှာနေမယ်ဆိုရင်သာ ကိုယ့်အတွက် အကျိုးပျက်နိုင်တဲ့အကြောင်း လှုပ်ခတ်လွယ်လှသူအပေါင်းကို ပြောကလည်း သိပ်ပြောချင်နေ၊ ပြောလို့လည်း သိပ်မရဲတဲ့ကြားကပဲ ဇွတ်မှိတ်ပြီးပြောလိုက်ရပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

**ရည်ညွှန်း**

http://atkbooks.com/2009/10/81/on-crificism-2002/
http://atkbooks.com/2009/11/19/how-to-cope-with-criticism/

"ကိုယ့်ကို ဝေဖန်လာသူဘက်က မှန်နေတယ်ဆိုတာကို အောင့်သည်းအောင့်သက်နဲ့ ကောက်ချက်ချဖြစ်သွားတဲ့အခါမှာ အလုပ်သင့်ဆုံးအလုပ်ကတော့ ဝန်ခံလိုက်တာပါပဲ။ အဲသလို ဝန်ခံလိုက်တာနဲ့တစ်ပြိုင်နက် ဟိုတစ်ဖက်က အလိုလိုပါးစပ်ပိတ်သွားတော့မှာ သေချာလှပါတယ်။ ဟုတ်တယ်လေ။ သူနဲ့သဘောတူပါတယ်ဆိုမှတော့ ဟိုတစ်ဖက်မှာ ဘာပြောစရာ ကျန်တော့မှာတဲ့တုံး။ နောက်တစ်ချက်က သတ္တိကောင်းသူ၊ ကိုယ့်တာဝန် ကိုယ်ယူတတ်သူမှ ဖြောင့်ဖြောင့်မှန်မှန် ဝန်ခံတတ်တာကိုလည်း မမေ့သင့်ပါဘူး။"



# ယင်းမာပင်မြို့နယ်အတွင်း ခရမ်းချဉ်သီးပင်များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိ

**ယင်းမာပင် အောက်တိုဘာ ၂၃**

လက်ရှိကာလတွင် ခရမ်းချဉ်သီးများ ဈေးကောင်းရလျက်ရှိပြီး ယင်းမာပင်မြို့နယ်တွင် ခရမ်းချဉ်သီးပင်များ စိုက်ပျိုးအောင်မြင်နေ၍ ခရမ်းချဉ်ပင်စိုက်ပျိုးသူ တောင်သူများက အသီးပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်နေကြောင်း အဆိုပါ စိုက်ပျိုးသူများက ပြောသည်။

"လက်ရှိအချိန်မှာ ခရမ်းချဉ်သီး ဈေးကောင်းရနေတယ်။ နောက်တစ်ခုက တချို့ဒေသတွေမှာ ရေဝင်ရောက်မှုတွေရှိနေတော့ ဒီနှစ် ခရမ်းချဉ်သီး ဈေးကောင်းတယ်လို့ထင်တယ်။ ပင်ထောင်သီးလောက် အရင်းမများပေမယ့် အသီးပေါ်ချိန်ဈေးကောင်းရဖို့ မျှော်လင့်ပါတယ်"ဟု စိုက်ပျိုးသူတစ်ဦးက ပြောသည်။

မြန်မာလူမျိုးတို့၏ နေ့စဉ် မီးဖိုချောင်သုံး သီးနှံတစ်မျိုးဖြစ်သည့် ခရမ်းချဉ်သီးသည် ဟင်းချက်ရာတွင် မပါမဖြစ် သီးနှံတစ်မျိုးဖြစ်ပြီး ခရမ်းချဉ်သီးအမျိုးမျိုးရှိသည်။

အဆိုပါ ခရမ်းချဉ်သီးပင် စိုက်ပျိုးထားသည့် ယင်းမာပင်မြို့နယ် ညောင်ကိုင်း အရှေ့ရွာမှ တောင်သူ ဦးကြည်ထွန်းက ကိုယ့်ဝင်းထဲ၌ပင် စိုက်ပျိုးနိုင်ကြောင်း ပြောသည်။

"ကျွန်တော် ခရမ်းချဉ်သီးလေးဘူး စိုက်ပျိုးထားတာပါ။ ကိုယ့်အိမ်မှာတင် ပျိုးပေါင်နဲ့ပျိုးပြီး လယ်ထဲမှာ စိုက်ပျိုးထားတာပါ။ ခန့်မှန်းအပင် တစ်ထောင်ကျော်လောက်တော့ရှိမယ်။ ခရမ်းချဉ်သီး စိုက်တော့မယ်ဆိုရင် ယာထဲမှာ နွားချေးတို့ မြေဆီတို့အရင်ကြိုချထားပြီး မိုးအစိုဓာတ်လေးနဲ့ ထွန်ထားရတာပေါ့၊ ပျိုးပင်လေးတွေ တစ်လခွဲသားလောက်ဆိုယာထဲကို ရွှေ့ပြီး စိုက်တာပါ။ တိုင်ထောင်နဲ့ စာရင်ဒီခရမ်းချဉ်သီးက နည်းနည်းအလုပ်သက်သာတယ်လို့ ပြောရမယ်။ အပင်လေးတွေ ထောင်လာပြီဆိုတာနဲ့ ထွန်သုံးသွားကို အလယ်တစ်ချောင်းလုပ်ပြီး ခရမ်းချဉ်ပင်ကိုခွပြီး ထွန်ပေးရတယ် အဲလို ထွန်လိုက်ခြင်းအားဖြင့် ခရမ်းချဉ်ပင်အောက်ခြေ မြေဆွပြီး ပေါင်တင်ပေးပြီးသားဖြစ်သွားတယ်။

ဒီခရမ်းချဉ်ပင်က ပေါင်းနိုင်နိုင်နုတ်အပင်အရင်း မြေနိုင်နိုင်ဆွပေးနိုင်ရင်ပိုပြီး အဖြစ်မြန်တယ်။ ဆေးလည်း ပင်ထောင်သီးလောက် သိပ်မသုံးရဘူး။ ပျိုးပင် ပျိုးထောင်တာ အခုတစ်ကြိမ်နဲ့ဆို နှစ်ကြိမ်ရှိပြီ၊ ပထမတစ်ကြိမ်က မိုးများတော့ ပျိုးပင်လေးတွေထွင့်ပြီး ပျက်စီးသွားတယ်၊ ဒုတိယအကြိမ်ပျိုးထောင်ထားတဲ့ ပျိုးပင်လေးတွေနဲ့ ထပ်စိုက်တာပါ"ဟု တောင်သူ ဦးကြည်ထွန်းက ဆက်လက်ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

# မိတ္ထီလာမြို့နယ်တွင်လမ်းများ ကတ္တရာခင်းခြင်း လမ်းတိုးချဲ့ခြင်းများဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၂၃**

မိတ္ထီလာမြို့သည် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိပြီး ရပ်ကွက်နေပြည်သူများ သွားလာရအဆင်ပြေစေရန် ပြန်လည်၍ ကတ္တရာခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများအား နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ရန်ပုံငွေအား တင်ဒါစနစ်ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကော်မတီများမှ ကြီးကြပ်၍ မိုးပြည့်ထွန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသောကြောင့် ရပ်ကွက်နေပြည်သူများ သွားလာရအဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေအား တင်ဒါစနစ်ဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့်ကော်မတီမှ ကြီးကြပ်၍ မိုးပြည့်ထွန်းကုမ္ပဏီက တာဝန်ယူပြီး မင်္ဂလာဇေယျာလမ်း၊ မြို့သစ်(မြောက်) ရပ်ကွက်၌ အရှေ့အနောက်ဆက်သွယ်သွားလာသည့်လမ်း၊ ပြည်သာယာမြောက်(၄) လမ်းနှင့်(၂)လမ်းမှ ပြည်ထောင်စုလမ်းမကြီးအထိ အကျယ် ၁၂ပေ အမြင့် ကိုးလက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ကျန်ရှိသည့် ဝမ်းတော်ပြည့်တိုးချဲ့ပညာဘဏ်(၅) လမ်းနှင့် ဝန်ဇင်းကန်ပေါင်မှ ရန်မျိုးအောင်(၁၁၃/ပန်းသပြေ)လမ်း များကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် နန်းတော်ကုန်းရပ်ကွက် မကျီးကုန်းလမ်းမှ ချမ်းအေးသာယာအဝင်လမ်းအထိ ကတ္တရာထပ်ပိုးခြင်းနှင့် တစ်ဖက် သုံးပေစီတိုးချဲ့ခြင်းလုပ်ငန်းများ၊ ရတနာမာရ်အောင်ဘုရားမှ ရွှေပြည်စိုးအထိ ကတ္တရာထပ်ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အပြင် ရန်မျိုးအောင်ရပ်ကွက်မှ ယုဇနလမ်း၊ နန်းတော်ကုန်းရပ်ကွက်မှ အနော်ရထာလမ်း၊ အာသာဝတီလမ်းမှ ပေါက်ချောင်းဓမ္မာရုံထိပ်အထိနှင့်ကန်လေးကုန်းလမ်း (မန္တလေးလမ်းမှ ဘူတာဟောင်းလမ်း)များအား ကတ္တရာ ထပ်ပိုးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြို့ပေါ်ရပ်ကွက်အတွင်းရှိ လမ်းများ၌ ကားများ၊ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့်သွားလာကြသည့် ရပ်ကွက်နေ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများမှာ ချိုင့်ခွက်များ၊ အပေါက်များကို ရှောင်ကွင်း၍ သွားလာရာရာမှ အဆင်ပြေစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသူရက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၈/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရန်ပစ္စည်းများ-Octane Analyzer(1 Unit), Low Sulphur Detector 1 Set, Tyre (2 Items) & Battery (3 Items)

(ခ) ဓာတုဗေဒပစ္စည်းများ- Caustic Soda 300 MT, Aluminium Trichloride (PAC) 100MT, Standard Gas (7 cyls)

(ဂ) ကုန်ကြမ်းပစ္စည်းများ-WPP-Bags(400000 Bags),

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) စက်နှင့်စက်အရန်ပစ္စည်းများ-Spare Parts of CO2 Compressor(1 Lot), Spare parts for Syn.gas Compressor (1 Lot), Raw Materials (9 Items), Spare parts for NG Compressor K-1201 (10 Items), Liquid Ammonia Pump (P-8101) with Motor Complete Set (1 Set), Instrument Air Compressor (K 6001) With Motor (Complete Set) and Process Air Condensate Pump (P 1301) (Without Motor) (2 Items), River Water Pump (Horizontal Centrifugal) without Motor (1 Set), Upgrading Of Existing Demineralization Unit (1 Lot), Naphtha Circulation Pump (PU-602)with Motor (1 No), Metallic Carbon Brush for C3 Ref Compressor Motor (60 PCS)

(ခ) ဓာတုဗေဒပစ္စည်းများ- Resin(2 Items)

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် -၂၃-၁၀-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်/အချိန် -၂၃-၁၁-၂၀၁၅ရက်(၁၂း၀၀)နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**Ph: 067-411123, 067-411193**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V DREAM ANGEL V.31 သင်္ဘောသည် ၂၅-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

Nice Work
Construction & Interior Decoration Co.,Ltd.
Aluminium, Glass, Composite & Interior Design
အမှတ်(၇၇)၊ ပါရမီလမ်း၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
အီးမေးလ် - nicework.myanmar@gmail.com ဖုန်း - ၀၉ ၂၅၀၈ ၄၁၆၈၈၊
၀၉ ၂၅၀၈ ၄၁၅၈၈၊ ၀၉ ၄၅၀၀ ၃၈၇၃၀၊ ၀၉ ၂၅၄၉ ၆၉၀၀၄

## ဝန်ထမ်းအမြန်အလိုရှိသည်

(1) Sales & Marketing Coordinator မ(၁)ဦး၊ ကျား(၁)ဦး
(2) Senior Accountant (LCCI Level 3 & above, MYOB) - ကျား/မ(၁)ဦး
(3) Office Manager (2years & above work-experience) - ကျား/မ(၁)ဦး

ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုတတ်သူ၊ အင်္ဂလိပ်စကားပြောနိုင်သူနှင့် ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းနေထိုင်သူ ဦးစားပေးပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၆၆၆၄၈၈၈**

ကား မျိုးစုံ
(Alphard/Crown/MarkII/အနိစတဲ့/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ဈေးသာသာဖြင့် ငှားရမ်းခြင်းအငှားလိုက်ပါသည်။
Ph: 09795549249, 095418126

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

## ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## "တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်"

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ သုံးစွဲကာလအတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် ပြည်နယ်/တိုင်းဒေသကြီး | တယ်လီဖုန်း အမျိုးအစား | နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက် |
|---|---|---|
| ၁။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်) | Autoနှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | (၃၀-၁၀-၂၀၁၅) |
| ၂။ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ တရသာရီ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) | Autoနှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | (၃၀-၁၀-၂၀၁၅) |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# သီတာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် အမှတ်(၁)အဆင့်မြင့်စံပြဈေးသစ်ဖွင့်

**ဘားအံ အောက်တိုဘာ ၂၃**

နိုဝင်ဘာလ(၇)ရက်နေ့တွင်ကျရောက်မည့် နှစ်( ၆၀ )ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် သီတာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းသစ်မုခ်ဦးနေရာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

အဆိုပါသီတာလမ်းသည် အမှတ်(၁)အဆင့်မြင့်စံပြဈေးမျက်နှာစာတွင် တည်ရှိပြီး မြို့ဂုဏ်ဆောင်ရွှေယဉ်မျှော် ဘုရား၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ဆယ်အိမ်စုရွာများသို့ ဆက်သွယ်သွားလာနိုင်သောလမ်းဖြစ်ကာ ယာဉ်အသွားအလာများသည့်လမ်းလည်းဖြစ်ကြောင်း သိရသည်။

ယခင်က ၂၂ ပေ အကျယ်ရှိသည့် ကတ္တရာလမ်းဖြစ်ကာ နှစ်စဉ် ရေကြီးနစ်မြုပ်မှုကြောင့် လမ်းပျက်စီးမှုအများဆုံးလမ်းဖြစ်၍ တည်ဆောက်ပြီးစီးသည့် အမှတ်(၁)အဆင့်မြင့် စံပြဈေးနှင့် လိုက်လျောညီထွေမှုရှိစေရန် ရေနစ်မြုပ်မှုကြောင့် ပျက်စီးမှုလျော့နည်းစေရန်အတွက် စည်ပင်သာယာရန်ပုံငွေ ၈ ဒသမ ၃၂ သန်းဖြင့် လမ်းအရှည်ပေ ၁၈၀၀၊ အကျယ် ၂၂ ပေ၊ ဒုရှစ်လက်မရှိ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သီတာကွန်ကရစ်လမ်းသစ်ကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဘူဒီမန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းဖွင့်ပွဲသို့ တက်ရောက်လာသူများနှင့်အတူ ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုစစ်ဆေးခဲ့သည်။

အမှတ်(၁)စံပြဈေးသစ်ဖွင့်ပွဲတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ဈေးသစ်တည်ဆောက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အမှတ်(၁)အဆင့်မြင့်စံပြဈေးသစ်ကြီးသည် အကျယ်အဝန်းအားဖြင့် ဧကအားဖြင့် ၇ဒသမ ၀၄ ဧကရှိကာ လက်လီရုံ ၁၅ ရုံ၊ ကုန်စိမ်းရုံခြောက်ရုံ၊ သားငါးရုံလေးရုံဖြင့် ဆိုင်ခန်းစုစုပေါင်း ၁၆၅၀ ရှိကာ ကုန်ကျငွေကျပ်သန်းပေါင်း ၂၁၇၀ ဒသမ ၄၄၀၅၆ ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဓာတ်တိုင်ဟောင်းများနေရာ၌ ကွန်ကရစ်တိုင်သစ်များအစားထိုး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်နှင့်ဓာတ်အား ပြတ်တောက်မှုမရှိစေရန်အတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အင်ဂျင်နီယာ ဦးသူရဇော်နှင့်ဝန်ထမ်းများသည်မြို့ ပေါ်ရပ်ကွက်လမ်းများရှိ သစ်သားဓာတ်တိုင်အဟောင်းများနေရာတွင် ကိုးမီတာ ကွန်ကရစ်တိုင်အသစ်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီမှစတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်စိုက်ထူခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး သာယာအေးရပ်ကွက်၊ မြို့မရပ်ကွက်၊ စံပြရပ်ကွက်၊ ဘူတာရပ်ကွက်၊ တမ္ပဝတီရပ်ကွက်နှင့် လွတ်လပ်ရေးရပ်ကွက်များတွင် ကိုးမီတာတိုင်ပေါင်း ၁၀၀ နှင့် ၁၁ကေဗွီ ဓာတ်အားလိုင်းအတွက် ၁၀ မီတာတိုင် ၁၄ တိုင်တို့ကို အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ၂၄ ရက်အတွင်း တိုင်ထူ၊ ကြိုးလဲလုပ်ငန်းများကို အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပြည်သူများလျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်စေရေးအတွက် ၁၁ ကေဗွီ ထရန်စဖော်မာလေးလုံးကိုလည်း လွတ်လပ်ရေး ရပ်ကွက်၊ တမ္ပဝတီရပ်ကွက်၊ ပြည်တော်သာရပ်ကွက်နှင့် ပုပ္ပားမြို့တို့တွင် ၂၀၁၅ နိုဝင်ဘာ ပထမပတ်တွင်အပြီးတည်ဆောက် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



# မကွေးမြို့နယ်တွင် ကျေးရွာ ၁၀ ရွာ၌ ဆိုလာမီးလင်းရေးလုပ်ငန်းဆောင်ရွက်ပေး

**မကွေး အောက်တိုဘာ ၂၃**

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၉ဒသမ ၉၁ သန်းဖြင့်ဆိုလာ ယူနစ်ပေါင်း ၇၈၉ ယူနစ်တပ်ဆင်ဆောင်ရွက်ပေးရေးလုပ်ငန်းအား Pro-Engineering ကုမ္ပဏီနှင့်ပူးပေါင်း၍ ဩဂုတ်လအတွင်းမှစတင်ကာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ်အတွင်းရှိ ဒဟတ်တော၊ သပွတ်ကျော၊ စမ်းရိုးကြီး၊ လက်ပံ ရွာသစ်၊ လွန်မြတ်ကန်၊ သမန်းတော(တောင်)၊ အောင်ပန်းပင်၊ လေးအိမ်၊ ဩဇာကုန်း၊ ရေထွက် စသည့်ကျေးရွာ ၁၀ ရွာအား ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါကျေးရွာ ၁၀ ရွာ ဆိုလာမီးတပ်ဆင်ရေးလုပ်ငန်းတွင် နောက်ဆုံးကျန်ရှိသည့် ရေထွက်ကျေးရွာအတွက် ဆိုလာ ၅၅ ယူနစ်ပေးအပ်ပွဲကို အောက်တိုဘာ ၂၀ ရက်က ရေထွက်ကျေးရွာတွင်ကျင်းပခဲ့သည်။

ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဝင်းနိုင်တို့က ကျေးရွာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိမ်ထောင်စုတစ်စုလျှင် ဆိုလာယူနစ်တစ်စုံပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဆိုလာယူနစ်တစ် စုံတွင် ၈၀W ဆိုလာပြားတစ်ချပ်၊ 3W LED မီးလုံးနှစ်လုံး၊ (10) w LED မီးချောင်းတစ်ချောင်း၊ 300W Controller Inverter နှင့် 65 Ah ဘက်ထရီတစ်လုံးတို့ပါဝင်ကာ ဖုန်းအားသွင်းနိုင်သော USB Port တစ်ခုပါဝင်ပြီး LED, LCD ၂၁လက်မတီဗွီတို့ကို တပ်ဆင်အသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ ၁၀ ရွာအတွက် ဆိုလာယူနစ်ပေါင်း ၇၈၉ ယူနစ်တပ်ဆင်ပေးခြင်းလုပ်ငန်းအား ဩဂုတ်လအတွင်းက စတင်ကာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအောက်တိုဘာလအတွင်း ကျေးရွာ ၁၀ ရွာလုံး လုပ်ငန်းအားလုံးပြီးစီးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က ပြောသည်။ **ကျော်ဇေယျ**

# မိုးစပါးပုလဲသွယ် စံကွက်ရိတ်သိမ်း

**ထန်းတပင် အောက်တိုဘာ ၂၃**

တောင်သူများစိုက်ပျိုးသည့် မိုးစပါးများအနက် ထွက်နှုန်းအကောင်းဆုံးဖြစ်သော ပုလဲသွယ် စံကွက်ရိတ်သိမ်းပွဲအား အောက်တိုဘာ ၂၁ ရက် ကပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်ဆိပ်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၄၆၄) ဦးပိုင်(၁၂၁/၁)ရှိ တောင်သူဦးမောင်ပု၏စံကွက် တစ်ဧကကို ရိတ်သိမ်းခဲ့ရာ (အစို) ၂၀၃ တင်းထွက်ခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသက်မောင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ခြံကြီး၊ ဆိပ်ကြီး၊ ချောင်းဝကျေးရွာအုပ်စုများမှ တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။

တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေယာပြုပြင်ခြင်း၊ မြေဆီဩဇာစနစ်တကျသုံးစွဲ၍ ပိုးမွှားအန္တရာယ်များ ကြိုတင်ကာကွယ်ခြင်းနှင့်ထွက်နှုန်းကောင်းမွန်သည့် ပုလဲသွယ်စပါးမျိုးစိုက်ပျိုးမည့် ဧရိယာချဲ့ထွင်နိုင်ရေးတို့အား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုစိုးက ရှင်းလင်းပြောကြားသည်။ **ကိုလွင်(ဆွာ)**

glamour

ကမ္ဘာကျော် Designer Brand များမှအသုံးပြုသောပြင်သစ်နိုင်ငံထုတ် "*Sophie hallette*" မှဇာများ၊ ထွစ်ဇာလန်ဇာများ၊ မြန်မာ့ရိုးရာ လွန်းရာကျော်စိုက်၊ ထိုင်းပိုးမျိုးစုံနှင့် ဇင်းမယ်မျိုးစုံတို့အား နိုင်ငံခြားမှ Designer ၊ မြန်မာ Designer များ၏ဆန်းသစ်လှပသေသပ်သောလက်ရာများဖြင့် ချုပ်လုပ်ပေးမည်ဖြစ်ပါသောကြောင့် *Glamour* ဆိုင်သစ်ဖွင့်ပွဲသို့ လာရောက်ကြည့်ရှုဝယ်ယူအားပေးနိုင်ပါကြောင်းသတင်းကောင်းပါးဖိတ်ကြားအပ်ပါသည်။

**Promotion Date**

24.10.2015 (စနေနေ့)

25.10.2015 (တနင်္ဂနွေနေ့)

26.10.2015 (တနင်္လာနေ့)

အမှတ်(၁၅၂/A) အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁-၅၅၆၀၀၈၊ ၀၉ ၅၀၃၆၃၈၈၊ ၀၉ ၅၀၀၆၆၈၃၊ ၀၉ ၅၀၃၂၀၀၀





# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

စာမေးပွဲ စနစ်သစ်ကို မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂသည် ချက်ချင်းပင် ကန့်ကွက်၏။ စနစ်သစ်ကို မပျက် ပျက်ရန် သပိတ်လက်နက်ကိုင်မည်ဟုလည်း ညာသံပေး၏။

အတိုက်အခံအင်အားအဖွဲ့က စာမေးပွဲစနစ်သစ်ကို ထောက်ခံသည်။ သမဂ္ဂသည် သပိတ်မှောက်က သပိတ်ပျက်ရန် အစီအစဉ်လုပ်ထားကြ၏။

ရဲခေါင်အဖွဲ့ကမူ ငြိမ်နေ၏။ တပ်ဦးတစ်အဖွဲ့က မဲပုံးထောင်ကာ ကျောင်းသား ကျောင်းသူများ၏ ဆန္ဒကို တောင်းသည်။ မဲဆန္ဒ၌ စာမေးပွဲ စနစ်သစ်ကို ထောက်ခံသူ ကျောင်းသား ကျောင်းသူ ခုနစ်ဆယ်ရာခိုင်နှုန်း ရှိ၏။

ကြားနေသူ နှစ်ဆယ်ရာခိုင်နှုန်းရှိ၏။ ကန့်ကွက်သူ ဆယ်ရာခိုင်နှုန်း ရှိ၏။

တပ်ဦးသစ်၏ နံရံကပ်ပိုစတာများ ထွက်လာသည်။

"တပ်ဦးဟောင်း. . . ခြေလှမ်း မလွန်နှင့်၊

တက္ကသိုလ်ကိစ္စကို သန်းထွန်းခိုင်းတိုင်း မလုပ်နှင့်"

တပ်ဦးဟောင်းကလည်း ပိုစတာများ ထုတ်ပြန်၏။

"သခင်စိုး တပည့်တို့ သစ္စာဖောက်ကုန်ပြီ။

ငနုနှင့် ကျော်ငြိမ်း တပည့်များနှင့် ပေါင်းသွားကုန်ပြီ။

ရဲဘော်တို့ မဟာအောက်တိုဘာအတွက် အဆင်သင့်ပြင်ထားကြ"

ခက်သည်မှာ ထိုအချိန်က ဦးနုနှင့် ဦးကျော်ငြိမ်းတို့သည် တစ်ဦးကို တစ်ဦး အပြုတ်နှံ့ခဲ့ပြီး ဖြစ်သည်။ ထို့မျှမက အနိုင်ရသော ဦးနု၏ ပ-ထ-စ ပါတီတွင် ကျော်မကောင်း ကြားမကောင်း ဦး-ဗိုလ်-သခင် ဟု ရက်ရက်စက်စက် ပက်ပက်စက်စက်ကွဲနေချိန်ဖြစ်၏။

တက္ကသိုလ်ကလည်း အလျှော့မပေး။ အောက်တိုဘာ စာမေးပွဲများကို စစ်ဖြစ်အောင် စစ်ရန် ကြိုးစား၏။ ကျောင်းသား ကျောင်းသူများက သမဂ္ဂ၏ ကြေညာချက်ကို ဂရုမစိုက်ဘဲ ကျောင်းတက်မြဲ တက်ကာ စာမေးပွဲဝင်ရန် ပြင်ကြ၏။

ထိုအခါ သမဂ္ဂက သပိတ်မှောက်လိုက်ပြီး လမ်းတို့ကို ပိတ်ဆို့ကာ သပိတ်တား၏။

အင်အားအဖွဲ့က ရေလွှမ်းသော ရွှံ့ညွှန်ကွင်းတို့တွင် လမ်းခင်းပေးပြီး ကျောင်းသား ကျောင်းသူများကို ကျောင်းတက်စေ၏။

သပိတ် ပြိုကွဲလေသတည်း။

သပိတ်မှောက် ကျောင်းသားအချို့သည် ဒုတိယအဓိပတိ ဦးဘစိန်၏ အိမ်ကို သွားဝိုင်းကြသည်။ မကြားဝံ့မနာသာ ဆဲကြ၏။ အိမ်ကို ခဲနှင့် ဝိုင်းပေါက်ကာ ဝင်းထရံကို မီးတင်ရှို့ကြ၏။

အဆောင်ပစ္စည်းများ၊ ခာတ်မီးလုံးများ၊ ကျောင်းဆောင်မှန်တံခါးတို့ကို ရိုက်ခွဲကြ၏။

ဂျစ်ကားပေါ်တွင် တင်ထားသော အသံချဲ့စက်နှင့် လိုက်ထိန်းနေသော မောင်စောနောင်ကို မြင်ရ၏။

"ရဲဘော်တို့. . . အကြမ်းမဖက်ကြပါနဲ့ အမှန်တရားကို သတ္တိရှိရှိရင်ဆိုင်ပါ။ ကျောင်းသားအများစုရဲ့ ဆန္ဒကို လေးစားကြပါ"

လူရမ်းကားကလေးများက သူ့ကိုပင် ချမ်းသာမပေးတော့။

"ခွေးမသား. . . သစ္စာဖောက်။ ဒါလား ဥက္ကဋ္ဌ. . . ဆော်ဟေ့ နှံဟေ့"

သူ့ဂျစ်ကားကိုလည်း ဝိုင်းချကြတော့၏။

ထိုညဉ့် မန္တလေးတက္ကသိုလ်ဝင်းအတွင်းသို့ သေနတ်ကိုင်ရဲသားများ ဝင်လာကြ၏။

ကျောင်းသားများက ခဲနှင့်ဆီးကြိုကြသည်။ ရဲသားများက မျက်ရည်ယိုဗုံးပစ်၍ ဖြိုခဲ့သည်။ မိသမျှကိုလည်း အချုပ်ကားကြီးများပေါ် ခေါ်တင်ယူသွားကြ၏။

ခဲမှန်သွားသဖြင့် နဖူးကွဲကာ သွေးယိုကျနေသော မောင်စောနောင်လည်း အချုပ်ကားပေါ် ပါသွားလေသတည်း။

တက္ကသိုလ်၏ ဗရုတ်သုတ်ခဇာတ်လမ်းသည် နိုင်ငံ၏ ဗရုတ်သုတ်ခဇာတ်လမ်းကို ရောင်ပြန်ဟပ်ပြခြင်းသာ ဖြစ်သည်။

ဦး-ဗိုလ်-သခင် အကွဲအပြဲကြောင့် အာဏာရ ပ-ထ-စ ပါတီသည် ဘာကိုမျှ ဖြစ်ဖြစ်မြောက်မြောက်မလုပ်ပြနိုင်။ မူလကတည်းက တစ်စုံတစ်ခု ဖြစ်ဖြစ်မြောက်မြောက် လုပ်ရန်လမ်းစဉ်နှင့် ဝါဒလည်းရှိဟန်မတူ။ လက်အောက်ငယ်သားတို့က ကွဲပြဲနေစဉ် ခေါင်းဆောင်လုပ်သူကလည်း သူနှင့် မဆိုင်သယောင် ခေါင်းရှောင်နေ၏။

ထိုအချိန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ပျော့ကွက်တစ်ကွက်ကို နှိုက်ကာ ပြည်နယ်ကိုယ်စားလှယ်အမည်ခံ ပဒေသရာဇ်တို့ကလည်း တစ်စခန်းထကြတော့၏။

သီးခြားပြည်နယ်ပေးရေး၊ ဖယ်ဒရယ်မူစသော ပြည်ထောင်စုပျက်ရေးငှက်ဆိုးထိုးသံမျိုးစုံကို ကြားနေရ၏။

မန္တလေးသည် ရှမ်းပြည်နယ်သို့ တက်သော . . . ရှမ်းပြည်နယ်မှ ပြန်လာသောလမ်း၏ ဗဟိုတစ်ခု ဖြစ်သည်။

တရုတ်ဖြူကိုလည်း တိုက်ရ၊ ပဒေသရာဇ်တပည့် ဓားပြတို့ကိုလည်း တိုက်ရနှင့် ဒုက္ခများကြရရှာသော တပ်မတော်သား၊ ဗိုလ်ကြီး၊ ဗိုလ်မှူးတို့သည် မန္တလေးသို့ အခါအခွင့်သင့်၍ ပြန်လာတိုင်း ကိုသက်ခိုင်ထံ ဝင်ကြ၏။

"ကျုပ်တို့တော့ သေနေကြရတာပဲဗျာ။ ဒါပေမယ့် ဘာအတွက် အသေခံနေကြရတယ်ဆိုတာကို ကျုပ်တို့ မသိတော့ဘူးဗျာ"

သူတို့ကို ကိုသက်ခိုင် ဘာမျှပြန်မဖြေနိုင်။ မဖြေနိုင်သည်မှာ ဖြေစရာ မရှိ၍မဟုတ်။ ဖြေစရာက ရင်၌ အပြည့်ရှိနေ၏။ အမှန်က ဖြေပြစရာမလို။ သူတို့ကလည်း အဖြေမှန်သိ၍ မျှော်လင့်နေကြပြီ ဖြစ်သည်။

တိုင်းပြည်ခေါင်းဆောင် ဆိုသူကမူ နိုင်ငံခြားဝန်ကြီးချုပ်တစ်ဦးကို ဖိတ်ခေါ်ကာ နောင်ဘဝရှိကြောင်း အကြီးအကျယ်သက်သေပြနေ၏။ ယခု လူ၏ဘဝနှင့်ယခု နိုင်ငံ၏ဘဝကို သူ မသိယောင်တကား။

မြစ်ဝကျွန်းပေါ်၌ ဦးရှင်ကြီးနတ်ကွန်း ဆောက်ရေး၊ ရန်ကုန်၌ ခွေးဂေဟာဆောက်ရေးစသော မဟာစီမံကိန်းကြီးများကမူ သတင်းစာများ၌ ဟိန်းနေအောင်ပါလာ၏။

ထိုနှစ်က မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနား ညဉ့်ဖျော်ဖြေရေးတာဝန်ခံအဖြစ် ကိုသက်ခိုင်သည် အရွေးအချယ်ခံရ၏။

ကိုသက်ခိုင်သည် ရေနံ့သာကိုစိုးလှိုင်၊ ရှေးဟောင်းနဲ့ဆရာကြီး နေမျိုးဟာသခေါင်၊ ဇာတ်မင်းသား ပန်တျာလှမြင့်၊ ပန်းချီဆရာ ကိုပေါ်ဦးသက်တို့နှင့်တွဲကာ 'ပုဂံ၏ဇာတ်လမ်းသစ္စာ'(The Vision of Pagan) ခေါ်ကဇာတ်ကို တင်သည်။

"တိုင်းကို ဆောက်၍ ပြည်ကို တည်ရာ၊ ဝိုင်းကူထောက်ဖို့ စုန်း နတ် တစ္ဆေ ဗေဒင် လက္ခဏာ၊ ဆေးဝါးမန္တန်မလိုပါ၊ မြေကိုချစ်တဲ့ တိုင်းရင်းသားတွေမှာ၊ တစ်ခေတ်ပြန်ဆန်း၊ မျက်နှာပန်းပွင့်ဖို့ရာ လယ်ကိုသစ်လို့ လွင်စေမှာ၊ ဆည်ကိုဖြစ်ဖို့ ညီညီညာ၊ တို့သမိုင်းက စေခိုင်းညွှန်းလာ၊ တော်လှန်ရေး. . . တော်လှန်ရေး. . လူမှုမင်္ဂလာ"

ဒါရိုက်တာသက်ခိုင်သည် သူ့ကဇာတ်ကို ဤသီချင်းနှင့် ဖွင့်သည်။ ကိုသက်ခိုင် အတွင်းရေးမှူးအဖြစ် လုပ်သော မန္တလေးတက္ကသိုလ် ဂီတပညာအသင်းသူအသင်းသားများက ဆိုကြသည်။ သဘင်သည်တို့နှင့်တွဲကာ သရုပ်ဆောင်ကြ၏။

ကိုသက်ခိုင်သည် ပါးစပ်ရာဇဝင်များ၊ နတ်သမိုင်းများကို ဆန့်ကျင်ကာ လယ်သမားဘုရင်ကြီး အနိရုဒ္ဓါ(အနော်ရထာ)၏ တိုင်းကိုဆောက်၍ ပြည်ကို တည်ပုံကိုပြ၏။

အနိရုဒ္ဓါသည် စုန်း နတ် တစ္ဆေ၊ နဂါး မြွေတို့ကို ပယ်ပုံကို ပြ၏။ ဗေဒင်စကား၊ နတ်နဂါးတို့ကို ပယ်ရုံမက မြစ်ကြီးချောင်းငယ်ဟူသော မြွေတို့ကို ခေါင်းဖြတ်၍ အနိရုဒ္ဓါ ဆည်တည်ပုံကို ပြသည်။ မိုးခေါင်ရေရှားအရပ်၌ လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်းဟု စာဆိုရအောင် ပုဂံလယ်သမားတို့ ကြွယ်ဝလာပုံကို ပြသည်။ အနိရုဒ္ဓါ၏ ဂုဏ်ကို ချီးကျူးရင်းလည်း တော်လှန်ရေးဟူသည်ကား လူမှုမင်္ဂလာပါတကားဟု နိမိတ်ဖတ်ကြွေးကြော်သည်။

သက်ခိုင်၏ ကျေးဇူးရှင် ဆရာဦးဆန်းထွန်းက မျက်ရည်ဝဲလျက်ချီးကျူးသည်။

"တပည့်ရေ. . . တစ်ခေတ်မှာတစ်ယောက်တော့ ထွန်းရမကွဲ့။ အေး . . . ဆရာ သိပ်ဝမ်းသာတာပဲ"

သက်ခိုင်၏ သူငယ်ချင်းတစ်ဦးဖြစ်သူ ဒေါက်တာဒီကလက်ဆွဲနှုတ်ဆက်၏။

"သူငယ်ချင်း. . . ခင်ဗျားဟာက အော်ပရာအစစ်ပဲ။ ဒါပေမယ့် လူတွေနားမလည်မှာ ကြောက်မိတယ်"

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ သက်ခိုင်၏ ရဲဘော်ဟောင်း ဗိုလ်ကြီး စိုးညွန့်(ထီလာစစ်သူ)က ဆို၏။

"သူငယ်ချင်း တင်ပြပုံက ရဲလွန်းအားကြီးတယ်။ အချိန်များ စောနေသေးသလား မသိဘူး"

နောက်တစ်နေ့တွင် မန္တလေးသတင်းစာများကလည်း ဝေဖန်ကြ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**








## အေးငြိမ်းသုခရိပ်သာ
## ဝိပဿနာ(၁၀)ရက်တရားစခန်းပွဲဖိတ်ကြားခြင်း

လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်း၊ အေးငြိမ်းသုခရိပ်သာ၌ ဆရာမ ဒေါ်အေးမင်းချို ဦးဆောင်၍ (သတ္တမ)အကြိမ် ဆင်ယင်ကျင်းပအပ်သော ဝိပဿနာ(၁၀)ရက်တရားစခန်းပွဲကို ၂၇-၁၀-၂၀၁၅ရက် ညနေမှ ၇-၁၁-၂၀၁၅ရက် နံနက်ထိ ကျင်းပပြုလုပ်ပါမည်။

တရားစခန်းဝင်လိုသော ယောဂီများ ၂၇-၁၀-၂၀၁၅ရက်၊ ညနေ ၃ နာရီအရောက် အေးငြိမ်းသုခရိပ်သာ၊ အမှတ်(၁၁၃)၊ အမှတ်(၃)လမ်းမကြီး၊ ကျွန်းရွှေဝါလမ်း၊ ရွှေနံ့သာဘားလား၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့သို့ အရောက် လာရောက်ကြရမည်ဖြစ်ပါသည်။

(ဆွမ်းစားစရိတ်ပေးရန်မလိုပါ၊ ရိပ်သာမှ ကျွေးမွေးပါမည်။)

လမ်းညွှန် -ဆူးလေမှ (၁၀၂၊၁၃၀၊ ၂၃၆)၊ ပုလဲ-၄၃၊ တပ်ရင်း-၉ ကားများစီးလာ၍ ပုလဲမြို့သစ်၊ ပတ္တမြား-နီလာမှတ်တိုင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း -၀၉-၄၃၁၃၄၁၅၈၊ ၀၉-၃၁၇၁၁၇၂၃၊ ၀၉-၅၀၅၅၆၅၅၊ ၀၉-၄၅၀၀၀၀၁၅၉**

**ဖခင်နှင့် မိခင်အမည်မှန်**

ဝါးခယ်မမြို့၊ အထက(ကနစိုးကုန်း) ဒသမတန်း(ခ)မှ မောင်အောင် မြတ်-စိုး၏ ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးရင်ထွေး[၁၄/ဝခမ(နိုင်) ၁၉၆၈၁၆]နှင့် ဒေါ်အေးအေးသွယ် [၁၄/ဝခမ (နိုင်) ၂၃၉၄၈၁]ဖြစ်ပါကြောင်း။

## "ပွင့်ဖူး" အင်ဒိုနီးရှားပါတိတ်၏ သီတင်းကျွတ်အထူးအစီအစဉ်

(၁) အင်ဒိုနီးရှားဒါးကြီးပါတိတ်၊ ဆေးရေးပါတိတ်၊ ၁၀၀%လက်ရေး Box ပါတိတ်၊ ပိုးရှပ်၊ ပါတိတ်ရှပ်၊ ဒီဇိုင်းသစ်မျိုးစုံတို့ကို အထူးလျှော့ဈေးဖြင့် လည်းကောင်း

(၂) Mami တံဆိပ်အင်ဒိုနီးရှားဆေးရေးပါတိတ်(၃)ထည်ဝယ်လျှင် (၁)ထည် မေတ္တာလက်ဆောင်

(၃) Super ဒါးကြီး 5Col & 11Col နှင့် Bee တံဆိပ်အင်ဒိုနီးရှား လက်ရေးပါတိတ်များကို (၄)ထည်ဝယ်လျှင် (၁)ထည် မေတ္တာလက်ဆောင် ရရှိနိုင်ပါသည်။

(၄) လက်ကား ဖောက်သည်များအတွက်လည်း အထူးအစီအစဉ်များ ရှိပါသည်။

အမှတ် (၁၃၅)သိမ်ဖြူလမ်းနှင့်ဒေါ်သိန်းတင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၆၅၄၉၊ ၀၁-၇၀၆၆၅၁၊ ၀၉-၅၁၁၉၀၈၁

အမှတ် (၇၇၉)၊ မြေညီထပ်၊ အဆင့်မြင့်မင်္ဂလာဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၇၂၉၃၂၁၅

ဆိုင်ဖွင့်ချိန် (နံနက် ၉း၃၀ နာရီမှ ည ၇း၃၀ နာရီ)
(၁၇-၁၀-၂၀၁၅ရက်မှ ၃၁-၁၀-၂၀၁၅ရက်)ထိ

# ကလေးဒေသရှိရေဘေးသင့်ပြည်သူများ အတွက် လူနေအိမ်များဆောက်လုပ်ပေး

**ကလေး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် နိုင်ငံတော်၏ စေတနာ၊ ပြည်သူများထဲမှ စေတနာအလှူရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကလေးဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် လူနေအိမ် ၃၅၈ လုံး ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကလေးမြို့နယ် ကျောက္ကာကျေးရွာတွင် ပျက်စီးသွားသည့် အိမ်များအစား လူနေအိမ်အလုံး ၁၀၁ ဆောက်လုပ်ရန် လျာထားရာမှ ယခုအခါ ဆန်းသစ်ဦး၊ အောင်မိုးမြေ၊ ဘုန်းမြတ်ဖြိုး၊ ပန်းမွန်၊ Holy Land နှင့် Myanmar Land ကုမ္ပဏီများက တာဝန်ယူဆောက်လုပ်ကြကာ လက်ရှိတွင် လူနေအိမ် ၂၅ လုံး ဆောက်လုပ်ပြီးစီးပြီး ဆောက်လုပ်ဆောင်ရွက်ဆဲ လူနေအိမ် ၄၅ လုံး ရှိကြောင်း သိရသည်။

ယင်းအပြင် အေးသာယာကျေးရွာတွင် အိမ် ၃၆ လုံးဆောက်လုပ်ပေးရန် လျာထားရာမှ လက်ရှိအချိန် တောင်ဇလပ်ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိရာ အောက်တိုဘာ တတိယအပတ်တွင် လူနေအိမ် ၂၀ ဆောက်လုပ်ပြီးစီးပြီး အိမ်ခြောက်လုံး အမိုးမိုးပြီးဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မှုများ အမြန်ပြီးစီးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်က အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လများက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေ၊ မြောင်းရေများ လျှံတက်ကာ ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေ၊ အိုးအိမ်နှင့် အခြား ကြီးမားသောပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

**ဂျိုးနက်**

❐





# တစ်ပိုင်တစ်နိုင် တံမြက်စည်းထုတ်လုပ်သူများအဆင်ပြေ

**ပုဗ္ဗသီရိ အောက်တိုဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာ၌ လက်မှုပညာဖြင့် တစ်ပိုင်တစ်နိုင် တံမြက်စည်းထုတ်လုပ်သူများ လက်လီရောင်းချခြင်းနှင့် အလုံးစျေးဖြင့် မှာယူရောင်းချသူများပြားလာ၍ လုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

တံမြက်စည်းထုတ်လုပ်ရန်အတွက် ကုန်ကြမ်းတံမြက်ပင်များကို တပို့တွဲလတွင် အများအပြားထွက်ရှိပြီး ယင်းအချိန်တွင် တံမြက်ပင် ၃၆ လက်မတစ်ထုံး ကျပ် ၈၀၀၀၊ အိတ်စပို့ကြိုးတစ်ထုံး ကျပ် ၄၀၀ ဖြင့် တစ်နှစ်စာ အပြည့်အထိ ဝယ်ယူသိုလှောင်ထားရကြောင်း ၎င်းတို့ကပြောသည်။

"စမအလုံးငယ်များလုံးခြင်း၊ ခေါင်တွဲခြင်း၊ အချောင်းပတ်ခြင်း၊ ကော်အဖုံးထိပ်စွပ်ခြင်း လုပ်ငန်းတို့ဖြင့် နေ့စဉ်အလုပ်သမားခြောက်ယောက်လောက်ဖြင့် လုပ်ကိုင်ရပါတယ်။ တပေါင်းနောက်ပိုင်းဆိုရင် အပင်တွေထွက်ရှိမှုလျော့နည်းလာခြင်းနဲ့ အလုပ်သမားရှားပါးမှုတွေက တံမြက်စည်းထုတ်လုပ်ရာမှာ အနည်းငယ်အခက်အခဲတွေ့ရပါတယ်" ဟု အဆိုပါလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးကပြောသည်။

တံမြက်စည်းဖောက်သည်များမှာ တပ်ကုန်းမြို့သာမကမိတ္ထီလာ၊ မြင်းခြံအထိ တံမြက်စည်း အများအပြားမှာယူသုံးစွဲကြပြီး တံမြက်စည်းထုတ်လုပ်မှုကို ရှေးမိရိုးဖလာလက်မှုပညာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်လျက်ရှိသည်။

တံမြက်ပင်များ တောင်ပေါ်နေရာအနှံ့ သဘာဝအလျောက် ပေါက်ရောက်ပြီး တံမြက်စည်းပင်များကို တစ်ပိုင်တစ်နိုင်ခုတ်ယူရောင်းချသူများမှ ထုတ်လုပ်သူများထံသို့ ရောင်းချသဖြင့် ဝင်ငွေများရရှိလျက်ရှိသည်။

ထို့အပြင် အဆိုပါလုပ်ငန်းကြောင့် လုပ်ငန်းအဆင့်ဆင့်လုပ်ကိုင်သည့် အလုပ်သမားများ၊ တစ်ပိုင်တစ်နိုင် တံမြက်စည်းလုပ်ငန်းလုပ်ကိုင်သူများ မိသားစုအတွက် ဝင်ငွေအဆင်ပြေလျက်ရှိကြောင်း သက်မှူးအိမ် တံမြက်စည်းလုပ်ငန်းမှ မဟေမာစိုးက ပြော သည်။

**တင်စိုးလွင်(ပြန်/ဆက်)**

Royal Material Co.,Ltd.
နိုင်ငံတကာ အရည်အသွေးမီ
အိမ်တွင်းအလှဆင်ပစ္စည်းများ အရောင်းပြခန်းနှင့်
အိမ်တွင်းအလှဆင်လုပ်ငန်း
Royal ABS Home Door, Steel Door& Acrylic Sheet

အမှတ် (၃၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ငုဂါလမ်းအနီး)၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01 215 080, 01 508 132, 09 731 260 52, 09 5102423

အောက်ပါ ဘာသာရပ်များဖြင့် **နိုင်ငံတော်သမ္မတ** ၏ ပညာတော်သင်ဆု ရရှိထားသော ကျောင်းသူကျောင်းသားများအတွက် နိုင်ငံခြားတွင် ဆက်လက်ပညာသင်ကြားရန် **အထူးအခွင့်အရေး**

ဆေးပညာဘာသာရပ်၊ အင်ဂျင်နီယာဘာသာရပ်၊ ကွန်ပျူတာဘာသာရပ်၊ စီးပွားရေးဘာသာရပ်
ဆရာအတတ်ပညာဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ အင်္ဂလိပ်စာနှင့်ဘာသာစကားဘာသာရပ်
သတင်းအတတ်ပညာဘာသာရပ်၊ ဥပဒေဘာသာရပ်၊ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်

ထို့အပြင် Fashion Design, Beauty Therapy နှင့်အခြားသောပညာရပ်များအတွက် UK, USA, CANADA, AUSTRALIA, NEWZELAND နှင့် SINGAPORE နိုင်ငံများတွင်ရှိသော ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် တက်ရောက်နိုင်ရန်အတွက် ပညာရေးအကြံပေးဆွေးနွေးမှုများ၊ ကျောင်းဝင်ခွင့်လျှောက်ပေးခြင်းများ ဗီဇာဝင်ခွင့် စာရွက်စာတမ်းလိုအပ်ချက်များ၊ နေထိုင်ရေးနှင့် ခရီးစဉ်ပြင်ဆင်မှုများကို

တိကျမှန်ကန်စွာ **အခမဲ့** လက်ခံဆောင်ရွက်ပေးနေပါသည်။

FORTRUST education services
20 YEARS EXCELLENCE

www.fortrust.com | Fortrust Myanmar Edu | Email: Yangon@fortrust.com

Contact Us: 092 6133 5445
092 6133 5446
Address: 206-E, Level-1, La Pyayt Wun Plaza.
Alan Pya Pagoda Road, Dagon Tsp, YGN.

## ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်း သင်တန်းသားများခေါ်ယူခြင်း

၁။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့ပူးပေါင်း၍ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ဘွဲ့လွန် စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

| | |
|---|---|
| (က) သင်တန်းအမည် | - ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်း |
| (ခ) သင်တန်းကာလ | - (၁) နှစ် |
| (ဂ) ပညာအရည်အချင်း | - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ |
| (ဃ) သင်တန်းအချိန် | - နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၂၀နာရီထိ |
| (င) သင်တန်းဖွင့်လှစ်မည့်နေ့ရက် | - ၂၃-၁၁-၂၀၁၅ ရက် |
| (စ) ပေးအပ်မည့်ဒီပလိုမာ | - ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာ Post Graduate Diploma in Library Management |
| (ဆ)သင်တန်းတည်နေရာ | - အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ်(၈၅-က)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၂၆-၁၀-၂၀၁၅ ရက်မှစ၍ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ အမှတ်(၈၅-က)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ၉-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး ဝင်ခွင့်ရသူများစာရင်းကို ၁၈-၁၁-၂၀၁၅ရက်တွင် ကြေညာမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဖုန်း-၀၁-၆၅၇၈၂၈၊ ၀၁-၆၆၂၄၇၀၊ ၀၉-၄၂၁၁၂၈၀၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများမိတ္ထီလာမြို့၌ ဟောပြော

**မိတ္ထီလာ အောက်တိုဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက အ-ထ-က(၁) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဆွေတင်ကြူးက စားသုံးသူအကာအကွယ်ပေးရေးဆိုသည်မှာ ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်း၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးခြင်းဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း လုပ်ဆောင်၍ မရနိုင်ကြောင်း၊ အစိုးရဌာန၊ NGOအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာလျှင် ထိရောက်အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က စားသုံးသူများ၏ အခွင့်အရေးများနှင့် သတိပြုရမည့်အချက်များကို ပြောကြားခဲ့ပြီး Myanmar Consumers Union မှ အတွင်းရေးမှူး ဦးမောင်မောင်က စားသုံးသူများဆိုင်ရာ သိကောင်းစရာများ၊ ကုန်အမှတ်တံဆိပ်က ပြောသော စကားလုံးများ စသည့်ခေါင်းစဉ်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်လာကြသော ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းများက ခင်းကျင်းပြထားသော စားသုံးရန် လုံခြုံစိတ်ချမှုရှိသော အသင့်ထုပ်ပိုးပစ္စည်းများကို ကြည့်ရှုကြပြီး သိလိုသည်များကို မေးမြန်းရာ Myanmar Consumers Unionမှ အတွင်းရေးမှူး ဦးမောင်မောင်က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## စဉ့်ကိုင်မြို့နယ်တွင် ကြက်စိမ့်-လက်ဝဲ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်



**စဉ့်ကိုင် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ရာတွင် ကြက်စိမ့်-လက်ဝဲကျေးရွာချင်းဆက်လမ်းအား အရှည်ပေ ၁၃၂၀ ကို မြေသားလမ်းမှ ဂဝံ(ဂျင်း) ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ်သိန်း ၄၀၀ ခွင့်ပြုပေးခဲ့ရာ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ တံတားများပြုပြင်ခြင်း၊ ပြွန်များ တပ်ဆင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

၎င်းလမ်း ပြီးစီးသွားပါက ကြက်စိမ့်-လက်ဝဲလမ်းမှတစ်ဆင့်စဉ့်ကိုင်ကြီး-ပင်းချားကျေးရွာချင်းဆက်လမ်းမှ ရန်ကုန်-မန္တလေးလမ်းမကြီးသို့ စဉ့်ကိုင်မြို့အနောက်ဘက်ခြမ်းရှိပြည်သူများ အချိန်တိုအတွင်းအလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်၍ လယ်ယာထွက်ကုန်ပစ္စည်းများ လျင်မြန်လွယ်ကူစွာစီးဆင်းနိုင်မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## ရန်ကုန်-ပြည်-မန္တလေး ကားလမ်းပိုင်း အဆင့်မြှင့်

**တောင်သာ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်နှင့် ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အကြားရှိ ရန်ကုန်-ပြည်-မန္တလေးကားလမ်းပိုင်း အဆင့်မြှင့်ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၁၇ ရက်က မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းပိုင်းသည် မူလ ၁၂ ပေအကျယ် ကတ္တရာခင်းမှ ၁၈ ပေအကျယ် ကတ္တရာခင်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိတိုးမြှင့်ဆောင်ရွက်နေသော လမ်းပိုင်းတွင် ထိပ်ဝအကျယ် ငါးပေ၊ အရှည်ပေ ၄၀ ရှိသော ပိုက်ရေပြွန်တံတား ၁၅ စင်းပါရှိပြီး ၁၅ မိုင်ရှည်လျားကာ လုပ်ငန်းတင်ဒါရ ကုမ္ပဏီခြောက်ခုမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ထွေးတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းမီဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးတို့ကို ပြောကြားခဲ့သည်။

ရန်ကုန်-ပြည်- မန္တလေး ကားလမ်းပိုင်းတိုးချဲ့ဆောင်ရွက်နေရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ထွေး၊ ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်၊ တောင်သာမြို့နယ် လမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့လိုက်ပါ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## မဟာအေးစေတီတော်တွင် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးညှိနှိုင်း

**ချောက် အောက်တိုဘာ ၂၃**

ချောက်မြို့နယ်တွင်မြို့နယ်သူ၊ မြို့နယ်သားများ တည်ထားကိုးကွယ်ရာ မဟာအေးစေတီ(၈၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မဟာအေးစေတီမြတ်စွာ ဘုရားကျောင်းဆောင်တွင် အောက်တိုဘာ ၂၁ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။


ယင်းနောက် အေးစေတီကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတီလောအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ရွှေသိန်းက သာသနာရေးကိစ္စများလျှောက်ထားပြီး အကျိုးတော်ဆောင်ဂေါပကဥက္ကဋ္ဌ ဦးကြည်စိန်က ပွဲတော်ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် တစ်နှစ်စာရငွေ၊ သုံးငွေစာရင်းများကို ဘုရားဂေါပကအဖွဲ့ စာရင်းစစ် ဦးစိန်သန်းက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဘုရားပွဲတော်ကို နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်များ လှည့်လည်ပူဇော်ခံခြင်း၊ ဇာတ်သဘင်ပွဲ၊ ဆို၊ ပျော်နှင့် ကျောက်ဆည်ဆင်ကများ၊ မော်မင်းသားမျက်လှည့်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပွဲတော်တွင် ပြည်သူများ ငြိမ်းချမ်းစွာ ကြည့်ရှုနိုင်ရေး လုံခြုံရေးဆိုင်ရာကိစ္စများကို ဆရာတော်သံဃာတော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘုရားဂေါပကအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်ဆက်)**










# THE LEAF Residence

A f f o r d a b l e **L u x u r y**

**ပထမဆုံး ဝယ်ယူသော အခန်း 60 အား**
**45 သိန်း မှ သိန်း 240 အထိ**
**ဈေးနှုန်းလျှော့၍ ရောင်းချပေးပါမည်။**

1Sq Ft **125 USD** နှင့်ညီမျှသော
ကျပ်ငွေ မှစတင်၍ ... ... ...
(၁ နှစ် / ၃ နှစ် / ၅ နှစ် ငွေပေးချေမှုပုံစံ)

အရောင်းပွဲတော် ကျင်းပမည့် နေ့ရက်နှင့် နေရာ

| | |
|---|---|
| October 23,24,25 | Junction Square |
| October 28 | Hledan Centre |
| Oct 31, Nov 1 | Parami Sein Gay Har |

**လှိုင်မြို့နယ်ရှိ ၂.ရ ဧက ကျယ်ဝန်းသော နှစ် (၆၀) ဂရန်မြေပေါ်တွင် ၁၂ ထပ်ခွဲအမြင့်ရှိ တာဝါ (၄) ခုဖြင့် တည်ဆောက်သည်။**

Architect & Interior Designer
dwp Thailand
dwp | architecture + interior design

Local Architect
SPINE ARCHITECTS
SPINE architects

Civil & Structure Designer and Consultant
A&A Consultants

Mechanical & Electrical Designer and Consultant
PESKO MYANMAR
PESKO MYANMAR

Project Manager
Singapore Surbana
Surbana International Consultants Pte Ltd. (Myanmar)

Contractor
IME Construction Co., Ltd.

Sales Gallery
No.457/A, Pyay Road, 8th Quarter, Kamayut Tsp,
Yangon, Myanmar. (Next to Novotel Hotel)

**Hot Line :**
**09 977700033, 09 977700066**


Diabetasol®
Diabetes Nutrition Solution
'ဆီးချို သွေးချိုရှိသူများ၏ အာဟာရအတွက် အသင့်တော်ဆုံးရွေးချယ်မှု'
ဒိုင်ယာဘီတဆော
Diabetasol (၄)မျိုး ..
Zero Calorie Sweetener ..
Chocolate Flavour Nutrition Powder ..
Cappuccino Flavour Nutrition Powder ..
Vanilla Flavour Nutrition Powder ..
Clinically Proven
START 3C CONTROL
Count
Classify
Comply
Chocolate Flavour
Cappuccino Flavour
Vanilla Flavour
Zero Calorie Sweetener
KALBE Customer Care 01-2399800
KALBE


NEO
MIXAGRIP
အအေးမိတုပ်ကွေး အတွက်ဆို
နီယို
မစ်ဆာဂရစ် ရဲ့
COLD CAPLET MIXAGRIP
NEO MIXAGRIP
KALBE


PRENAGEN
(ပရီနာဂင်)
သံဓာတ်ချို့တဲ့မှုကို
လျှော့ချပေးသည့် BioFe နှင့်
Folic Acid ကြွယ်ဝစွာပါဝင်သော ...
ကိုယ်ဝန်ဆောင်မိခင်နှင့်
နို့တိုက်မိခင်တို့အတွက်
ပြီးပြည့်စုံသောအာဟာရ
PRENAGEN mommy
PRENAGEN lactamom
CLINICALLY PROVEN
KALBE Customer Care 01-2399800
PRENAGEN (ပရီနာဂင်)
KALBE


morinaga
JAPAN QUALITY PRODUCT
ဉာဏ်ရည်ဉာဏ်သွေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် ကိုယ်ခံစွမ်းအားအတွက်
အကောင်းဆုံးရွေးချယ်မှု
chil-school
BRAIN CARE
BODY DEFENSE
KALBE Customer Care 01-2399800
KALBE

## သီတင်းကျွတ်အကြို အထူးဈေးရောင်းပွဲ

20 % to 80%

Fashion Euphoria၏ အစဉ်အလာနှင့်အညီ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါကျွတ်ကာလ အကြိုဈေးရောင်းပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်းနှင့် ဝယ်ယူအားပေးကြသော မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအနေနှင့် စိတ်ကျေနပ်နှစ်သက်ဖွယ် အထူးဈေးနှုန်းများဖြင့် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေ့ရက် - (၂၄-၁၀-၂၀၁၅)ရက်နေ့ မှ (၂၆-၁၀-၂၀၁၅) ရက်နေ့အထိ

အချိန် - နံနက် ၉: ၀၀နာရီ မှ ညနေ ၆: ၀၀နာရီအထိ

နေရာ - အမှတ်(၅၀၂)၊သုတလမ်းထိပ်(၄)ရပ်ကွက်၊
ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်

ဆက်သွယ်ရန်ဖုန်း ၀၉-၅၁၀၅၄၇၁၊ ၀၉-၃၃၄၇၉၀၄၂၊ ၀၁-၅၇၀၀၂၁




**ပျောက်ဆုံးကြောင်း** ကျွန်တော် ဦးတင်ကိုကိုသောင်း၊၁၂/ဥကတ (နိုင်)၁၃၇၂၇၄၊၏ (CDC 20614) (D.S.D, S.S.A) လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးတင်ကိုကိုသောင်း**

**အမည်မှန်** ဒဂုံမြို့သစ်မြောက်ပိုင်း အထက(၁)နဝမတန်း (C)တွင် ပညာသင်ကြားနေသော (အဖ) ဦးမင်းစိုး၊၉/မမန(နိုင်)၀၂၆၅၉၇၊၏သား အမည်မှန်မှာ မောင်ခွန်ဖုန်း ဖြစ်ပါကြောင်း။ **မောင်ခွန်ဖုန်း**

**အမည်ပြောင်း** လှိုင်သာယာမြို့နယ် မြတ်ပညာ(NEC)ကိုယ်ပိုင်အထက်တန်းကျောင်း ပထမတန်းမှ ဦးဝေလင်း၊၁၂/လမန(နိုင်)၁၃၉၅၈၁၊၏ သား မောင်နေခန့်ထည်အား ယနေ့မှစ၍ မောင်ဆက်ရန်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဆက်ရန်နိုင်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ခု၊ ပညာသင်နှစ်အတွက် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ည) ရေနံအင်ဂျင်နီယာ
(ဋ) သတ္တုဗေဒအင်ဂျင်နီယာ
(ဌ) ဗိသုကာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း (Course Work) (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၂)နှစ်၊ အနည်းဆုံး (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်း (Course Work) စာမေးပွဲကို သတ်မှတ်အရည်အချင်းဖြင့် ဖြေဆိုအောင်မြင်သူများကိုသာ ပါရဂူဘွဲ့ သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃ ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရမည်။)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ M.E/M.Arch (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခု ရရှိထားသူ ဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ၁၃-၁၁-၂၀၁၅ရက်(သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက ၁၇-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)တွင် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာ | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) | အင်္ဂလိပ်စာ | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |
| ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၂၇-၁၁-၂၀၁၅ရက်(သောကြာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊ ၀၁-၉၆၆၅၇၅၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# အထူးကျေးဇူးတင်ရှိပါကြောင်း

ဇွန်/ဇူလိုင်လများတွင် ထူးကဲမိုးရွာသွန်းပြီး လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်ရှိ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများ၌ ရေကြီးရေလျှံဖြစ်ကာ လယ်ယာမြေ အမြောက်အမြား ဆုံးရှုံးမှုရှိသဖြင့် ဆန်စျေးနှုန်းများ အဆမတန် မြင့်တက်ခဲ့ပြီး အချို့နေရာဒေသများတွင် ဆန်ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပါသည်။

ထို့ကြောင့် ရခိုင်ပြည်နယ်၌ ဆန်စျေးနှုန်းများကျဆင်းတည်ငြိမ်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဦးဇော်အေးမောင်နှင့် အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက် မိသားစုတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆန်တစ်အိတ်လျှင် (၁၉၅၀၀) ကျပ်စျေးဖြင့် ရောင်းချပေးနိုင်ရေးအတွက်-

၁။ ဆန်အိတ် (၃၀၀၀၀) သုံးသောင်းအား ရန်ကုန်မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခွင့်ပြုခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့။
၂။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့။
၃။ သင်္ဘောတန်ဆာခ ၅၀ % လျှော့ပြီး သယ်ယူပို့ဆောင်ပေးခဲ့သော အမ်ဗွီ-ချမ်းအေးသာဇံ သင်္ဘောပိုင်ရှင် ဦးခင်မောင်သန်း မိသားစု။
၄။ ဆန်တစ်အိတ်လျှင် (၁၇၅၀၀) ကျပ်စျေးဖြင့် ရောင်းချပေးခဲ့သော ဦးအောင်သန်းဦး(ဒု-ဥက္ကဌ) ဆန်ကုန်သည်ကြီးများအသင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

**"ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီးဦးဇော်အေးမောင်နှင့် အောင်ဇေကမ္ဘာ ကုမ္ပဏီလီမိတက်မိသားစု"**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် (9G-6997)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
က. ည. န (ခရိုင်ရုံး)
(ရန်ကုန်အနောက်ပိုင်းခရိုင်)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် (6G-5663) ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
က. ည. န( ရွာသာကြီး)



# ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန

## ကြော်ငြာခပေးသွင်းရန် ပျက်ကွက်သည့်လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန (ယခင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)သည် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ် များအား ကျသင့်အခွန်ငွေ ပေးသွင်းစေပြီး စိုက်ထူခွင့်ပြုခဲ့ရာ၌ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် သက်တမ်းတိုးရန် ကြော်ငြာဆိုင်းဘုတ်(အဟောင်း) (၁၈၀)ခု အနက်(၁၃၆)ခုမှာ ကျသင့်အခွန်ငွေ ပေးသွင်းပြီးစီးခဲ့ပြီး အောက်ဖော်ပြပါ ကြော်ငြာဆိုင်းဘုတ်(၄၅)ခုအတွက် လုပ်ငန်းရှင်(၁၀)ဦးသည် အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ၂၀-၁၀-၂၀၁၅ရက်အထိ ကျသင့်အခွန်ငွေပေးသွင်းခြင်းမရှိသည့်အပြင် ဌာနသို့ တစ်စုံတစ်ရာဆက်သွယ်မှု ပြုလုပ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | အမည် | တာဝန်ခံကြော်ငြာကုမ္ပဏီ | ကြော်ငြာတည်နေရာ | ကြော်ငြာဆိုင်းဘုတ်အရွယ်အစား | အရေအတွက် | ကျသင့်ငွေ |
|---|---|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်း | တာလီရွှေစိန်ရတနာဆိုင် | (၁၁၅)မိုင် | ၃၀×၁၅ | ၄ | ၉၀၀၀၀၀ိ/- |
| | ။ | ။ | မိတ္ထီလာယာဉ်ရပ်နားစခန်း | ၃၀×၁၅ | ၁ | ၂၂၅၀၀၀ိ/- |
| | ။ | ။ | (၀/၄)မိုင် | ၃၃×၁၃ | ၁ | ၂၁၄၅၀၀ိ/- |
| ၂။ | ဦးဝင်းမြင့် | Loi Hein | (၀/၀)မိုင် | ၃၀×၁၅ | ၂ | ၄၅၀၀၀၀ိ/- |
| | ။ | ။ | ပဲခူးခရိုင်အတွင်း | ၃၀×၁၅ | ၈ | ၁၈၀၀၀၀၀ိ/- |
| ၃။ | ဦးဝင်းမြတ်ဦး | Myanmar Online | ရန်ကုန်တိုင်းဒေသကြီးအတွင်း | ၆၀×၂၀(နှစ်ဖက်မြင်) | ၅ | ၆၀၀၀၀၀၀ိ/- |
| | ။ | ။ | ပဲခူးခရိုင်အတွင်း | ၆၀×၂၀(နှစ်ဖက်မြင်) | ၁ | ၁၂၀၀၀၀၀ိ/- |
| | ။ | ။ | (၃၉/၀)မိုင် | ၃၀×၁၅ | ၅ | ၁၁၂၅၀၀၀ိ/- |
| ၄။ | ဦးခင်မောင်ဆွေ | Strong Light | လှည်းကူးမြို့နယ်အတွင်း | ၃၀×၁၅(နှစ်ဖက်မြင်) | ၂ | ၉၀၀၀၀၀ိ/- |
| | ။ | ။ | (၁၁၅)မိုင် | ၃၀×၁၅ | ၂ | ၄၅၀၀၀၀ိ/- |
| ၅။ | ဦးခင်မောင်ကျော် | United KMK | (၃၂၅/၀)မိုင် | ၆၀×၂၀ | ၁ | ၆၀၀၀၀၀၀ိ/- |
| ၆။ | ဦးမောင်လေး | Myanmar Gold Outdoor | (၁၁၅/၂)မိုင် | ၃၀×၁၅ | ၃ | ၆၇၅၀၀၀ိ/- |
| ၇။ | မအိသန္တာသိန်း | Royal Mandalay | စကားအင်းအပိုင်း | ၃၀×၁၅(နှစ်ဖက်မြင်) | ၁ | ၆၀၀၀၀၀ိ/- |
| ၈။ | ဦးခင်မောင်စန်း | Super Myanmar Advertising | စကားအင်းအပိုင်း | ၃၀×၁၅ | ၂ | ၄၅၀၀၀၀ိ/- |
| | ။ | ။ | တံခွန်တိုင် | ၃၀×၁၅ | ၁ | ၂၂၅၀၀၀ိ/- |
| ၉။ | ဦးတင်ထွဋ် | Dragon Co.,Ltd | (၁၁၅)မိုင် | ၃၀×၁၅ | ၂ | ၄၅၀၀၀၀ိ/- |
| | ။ | ။ | နေပြည်တော် R/C | ၃၀×၁၅ | ၁ | ၂၂၅၀၀၀ိ/- |
| ၁၀။ | ဦးမောင်မောင်ဦး | အောင်ပြည့်ဖြိုးဦး ကုမ္ပဏီ | (၂/၅)မိုင် | ၃၀×၁၅ | ၁ | ၂၂၅၀၀၀ိ/- |
| ၁၁။ | ဦးမောင်မောင်လွင် | သပြေရိပ်စားသောက်ဆိုင် | ပဲခူးခရိုင်အတွင်း | ၃၀×၁၅ | ၂ | ၄၅၀၀၀၀ိ/- |

၂။ သို့ဖြစ်ပါ၍ အပိုဒ်(၁)ဖော်ပြပါ ငွေပေးသွင်းခြင်းမရှိသည့် ကြော်ငြာလုပ်ငန်းရှင်များအနေဖြင့် ၅-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ ငွေပေးသွင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်း မပြုပါက လမ်းမကြီးများ ဥပဒေ ၈(စ)အရ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တရားစွဲဆိုခံရပါက ထောင်ဒဏ်(၆)လအထိ ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဖြစ်ပါသည်။ ထို့အပြင် စိုက်ထူထားပြီးကြော်ငြာဆိုင်းဘုတ်များအား စိုက်ထူသည့်ကာလအတွက် ငွေပေးသွင်းစေမည့်အပြင် ဌာနအစီအစဉ်ဖြင့် ဖြုတ်သိမ်း၍ ဖြုတ်သိမ်းကုန်ကျစရိတ်၏ (၃)ဆအား ဒဏ်ကြေးအဖြစ် ပေးဆောင်စေရမည်ဖြစ်ပြီး ပြန်လည်စိုက်ထူလိုပါက အသစ်ပြန်လည်လျှောက်ထားရန်ဖြစ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန**
**လမ်းအခွန်ထိန်းသိမ်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၄၀၇၄၇၀**


**ချစ်ခင်ပွန်း ဦးမျိုးမြင့်သောင်း သို့ . . .**

ကို့ ရဲ့ ယနေ့ကျရောက်သော မွေးနေ့မှသည် နောင်နှစ်များစွာတိုင်အောင် ကို ချစ်တဲ့ သမီးလေး၊ ညီမလေး နဲ့အတူ သက်ရှည် ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ထိုးကောင်းနှစ်တန် လောကစံကို အောင်မြင်ကျော်လွှား နိုင်ပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးများ သယ်ပိုးရွက်ဆောင်နိုင်ပါစေလို့ မေတ္တာများစွာဖြင့် . . .

ချစ်ဇနီး--သက်ထားအောင် ( ညီမလေး )
ချစ်သမီးလေး--ဆုလဘ်ရတနာ ( ချစ်ဆုလေး )



**ကျော်တောင်မှာပါ**

မှာသူများလို့ ချက်ချင်းမရောက်ရင် စိတ်မဆိုးကြပါနဲ့
09 5095 095, 01-682844



## JOB VACANCY

We are looking for qualified employees with attractive salary package+Commission

**Sale Supervisor : M(10)Posts**

- University graduated.
- Age must be between 22 to 35 years old.
- Must have driver license.
- At least 2-4years working experience in car business, constructional machinery is more preferred.
- Good in English Language (4 Skills).
- Must have good communication and active in working hours.
- Can use in Microsoft Office, Outlook Mail and Internet.
- Willing to learn new things.

Applications can be submitted to 255/257, 5(A), 5th Floor, Bo Myat Tun Street (Upper Block), Bo Ta Htaung Township, Yangon from Monday to Friday during office hours.

Contact No: 09-253 417765, 09-250153062, 09-730 97937.

Please bring your recent passport size photo with a copy of NRC card, family registration, police clearance letter, labor registration card and other certificates.




ကြော်ငြာ

## အမ်ဗွီ-ချမ်းအေးသာဇံသင်္ဘောပိုင်ရှင် ဦးခင်မောင်သန်း မိသားစုအား အထူးကျေးဇူးတင်ရှိပါကြောင်း

ဇွန်/ဇူလိုင်လများတွင် ထူးကဲမိုးရွာသွန်းပြီး လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်ရှိ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများ၌ ရေကြီးရေလျှံဖြစ်ကာ လယ်ယာမြေ အမြောက်အမြား ဆုံးရှုံးမှုရှိသဖြင့် ဆန်ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့ပြီး အချို့နေရာဒေသများတွင် ဆန်ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပါသည်။

ထို့ကြောင့် ရခိုင်ပြည်နယ်၌ ဆန်ဈေးနှုန်းများ ကျဆင်းတည်ငြိမ်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် နှင့် အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်မိသားစုတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆန်အိတ်ရေ (၃၀၀၀၀)သုံးသောင်းတိတိကို ရန်ကုန်မှစစ်တွေသို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်ပြီး ဆန်တစ်အိတ်လျှင် (၁၉၅၀၀)ကျပ်ဈေးဖြင့် ရောင်းချပေးနိုင်ရေးအတွက် သင်္ဘောတန်ဆာ ၅၀% လျှော့ပြီး သယ်ယူပို့ဆောင်ပေးခဲ့သော အမ်ဗွီ-ချမ်းအေးသာဇံ သင်္ဘောပိုင်ရှင် ဦးခင်မောင်သန်းမိသားစုနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သော ပုဂ္ဂိုလ်များအား အထူး ကျေးဇူးတင်ရှိပါကြောင်း။

**ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဦးဇော်အေးမောင်နှင့် အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်မိသားစု**

■ အငြိမ်းစားပါမောက္ခကြီးများ ကိုယ်တိုင်လမ်းညွှန်ပို့ချချက်များ
■ စာသင်သားတိုင်းအတွက် အခန်းလိုက်ပို့ချချက်များ
■ လေ့ကျင့်ခန်းများနှင့်စံပြအဖြေများ ပါဝင်သည်။

အတွဲ ၁၀၊ အမှတ် ၁၁၊ ၁၂ / နီးရာစာအုပ်ဆိုင်တွင်ပေးဝယ်ပါ။ ထွက်ပြီ

ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများမှ ငွေကြိုပို့ပြီး မှာကြားပါက စာတိုက် (သို့မဟုတ်) ကားဂိတ်များမှတဆင့် ပို့ပေးမည်။

ဆက်သွယ်ရန် Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားအငှားယာဉ်/ဆိုက်ကားမြင်း
Ph: 209077, 209388

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

## May Madi Mining Company မှ အောက်ပါရိုးသားကြိုးစားပြီး အမှန်တကယ် အလုပ်လုပ်လိုသူများ အလိုရှိပါသည်

၁။ အရောင်းဝန်ထမ်း
Customer နှင့်ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့ပြီး စကားချိုသာစွာ ပြောဆိုနိုင်သူဖြစ်ရပါမည်။ အရောင်းအတွေ့အကြုံ လုပ်သက် အနည်းဆုံး(၃)နှစ်ရှိရမည်။ ကျား/မ(၅)ဦး

၂။ Marketing ဝန်ထမ်း
(၁) အရောင်းမြှင့်တင်ရေးနှင့်ဈေးကွက်ထိုးဖောက်နိုင်ရမည်၊
(၂) စက်ရုံများနှင့် လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်၊
(၃) အရောင်းအဝယ်နှင့်ပတ်သက်ပြီး သွက်လက်ချက်ချာရမည်။ အရောင်းကိစ္စချိုသာစွာဆက်ဆံတတ်ရမည်၊
(၄) ဈေးကွက်မြှင့်တင်ရေး Plan ရေးဆွဲနိုင်ပြီး Team အဖွဲ့ကို ဦးဆောင်နိုင်ပြီး လိုအပ်ပါကနယ်ခရီးထွက်နိုင်ရမည်၊
(၅) စက်ရုံများနှင့် ဆက်ဆံခဲ့သော အတွေ့အကြုံရှိသူကို ဦးစားပေးမည်၊ ကျား(၅)ဦး

၃။ ဆိုက်ကြီးကြပ်ဝန်ထမ်း
မိုင်းလုပ်ငန်းအတွေ့အကြုံရှိသူ၊ စေ့စပ်စိတ်ရှည်သူ၊ လုပ်သက်အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်၊ ကျား(၅)ဦး

၄။ ကွန်ပျူတာစာစီ/စာရိုက်ကျွမ်းကျင် ဝန်ထမ်း
(၁) Microsoft word, Excel, Pagemaker ကျွမ်းကျင်ရမည်၊ Email/Internet အသုံးပြုနိုင်ရမည်၊
(၂) မြန်မာ၊ အင်္ဂလိပ်စာ၊ စာစီစာရိုက်ကျွမ်းကျင်ရမည်။ ကျား(၅)ဦး

၅။ မော်တော်ယာဉ်မှူး
(၁) ဘက်ဖိုး၊ လိုဒါနှင့် DUMP Truck ကားများ၏ ခရီးမိုင်အလိုက်သုံးဆီနှင့် အသုံးစရိတ်နားလည်အုပ်ချုပ်နိုင်ရမည်၊
(၂) ၎င်းစက်ကြီးများနှင့် DUMP Truck ကားများ၏ စက်ပစ္စည်းပြုပြင်မှုပိုင်းတွင် နားလည်ပြီး စီမံခန့်ခွဲနိုင်သူဖြစ်ရမည်၊
(၃) သက်ဆိုင်ရာအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်၊ ကျား(၃)ဦး

၆။ စာရင်းကိုင်ဝန်ထမ်း
(၁) ငွေစာရင်း၊ ဆီစာရင်း စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်၊
(၂) LCCI Level II ပြီးသူ (or)သက်ဆိုင်ရာဘွဲ့ တစ်ခုခုရထားသူဖြစ်ရမည်၊
(၃) ငွေစာရင်းကို ပိုင်နိုင်ရမည်။
(၄) စာရင်းပိုင်းစေ့စပ်သေချာပြီး လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်၊
(၅) ကွန်ပျူတာကျွမ်းကျင်ရမည်၊ ကျား(၅)ဦး

၇။ ငွေကိုင်ဝန်ထမ်း
(၁) အရက်သေစာသောက်စားမှုကင်းရှင်းရမည်၊
(၂) ငွေကိုင်လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။
(၃) နောက်ဆုံးလုပ်ခဲ့သည့်ကုမ္ပဏီ၏ထောက်ခံချက်ပါရှိရမည်။ ကျား(၅)ဦး

၈။ စတိုမှူးဝန်ထမ်း
(၁) ယာဉ်စက်ပစ္စည်းထိန်းသိမ်းမှုကျွမ်းကျင်နိုင်နင်းသူဖြစ်ရမည်။
(၂) လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်၊ ကျား(၃)ဦး

အမှတ်စဉ်(၃)၊ (၄) (၅)၊ (၆)၊ (၇)၊ (၈)အတွက် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့၊ သီပေါမြို့နယ်များတွင် စရိတ်ငြိမ်း တာဝန်ထမ်းဆောင်နိုင်ရမည်၊

အလုပ်လျှောက်ထားလိုသူများသည် ကြော်ငြာသည့်ရက်မှ (၁၀)ရက်အတွင်း CV Form၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာနှင့်တကွ ဒာမဏီကွန်ပေါင်းဓာတ်မြေဩဇာဆိုင်းဘုတ်ပါခြံဝင်းအတွင်း ငွေရည်ပုလဲကျောက်မီးသွေးရုံ၊ (၆၂)လမ်း၊ ပန်းခြံလမ်း၊ F-4၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ ဖုန်း-၀၉-၇၈၉၈၉၉၅၄၉၊ ၀၉-၇၃၁၉၆၆၁၂၊ ၀၉-၄၀၂၅၇၀၉၅၆



Hot Line No-0930500100

# ဟားခါးမြို့ သဘာဝဘေးသင့်နေအိမ်များအား ဒီဇင်ဘာလအတွင်း မြို့သစ်တွင် နေရာချထားပေးသွားမည်

**ဟားခါး အောက်တိုဘာ ၂၃**

ချင်းပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်အဆောက်အအုံ သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါ အဆောက်အအုံသစ်ရှေ့မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စည်ကားသိုက်မြိုက်စွာဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြို့ကွက်သစ် ဖော်ထုတ်နေမှုများအား လှည့်လည်ကြည့်ရှုကြပြီး ရှင်းလင်းဆောင်၌ မြို့သစ်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီး ဦးငွန်ဆန်းအောင်က ဟားခါးမြို့သစ်၌ ဘေးသင့်ပြည်သူများ ပြန်လည်နေရာချထားရေး အစီအမံများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က မြို့သစ်ထပ်မံတိုးချဲ့မည့် စီမံကိန်းဆိုင်ရာများကို လည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



ကလေးမြို့နယ် ပြင်သာကျေးရွာတွင် ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီးသွားသော အိမ်ထောင်စုများအတွက် ပြန်လည်တည်ဆောက်ပေးထားသော လုံးချင်းအိမ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

## ယနေ့ မာတိကာ


တိုးတက်သည့် နိုင်ငံသားများ စာဖတ်
စာမျက်နှာ - ၂

ဆူနာမီရေလှိုင်း ကြိုတင်သတိပေးစနစ် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တပ်ဆင်
စာမျက်နှာ - ၄

အဆင့်မြင့်နည်းပညာများ သုံးကာ မြေငလျင် ကြိုတင်သတိပေးရေး၊ ရေသယံဇာတအသုံးချမှု စီမံခန့်ခွဲသွားမည်
စာမျက်နှာ - ၁၁


# MNL ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် တန်းဆင်းဇုန်မှ အသင်းများ ရုန်းကန်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁)ကို အောက်တိုဘာ ၂၄ နှင့် ၂၅ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ MNL ပြိုင်ပွဲမှာ ပြီးဆုံးတော့မည်ဖြစ်သောကြောင့် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။


# ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးအားကစားသမား ၁၀ ဦးစာရင်းတွင် လီယွန်နယ်မက်ဆီ ပါဝင်လာခြင်းမရှိ

၂၀၁၅ ခုနှစ်အတွက် အမေရိကန်၏ စီးပွားရေးမဂ္ဂဇင်းဖြစ်သည့် ဖောဘိစ်က သတ်မှတ်ဖော်ပြခဲ့သည့် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးအားကစားသမား ၁၀ ဦး စာရင်းတွင် ကမ္ဘာ့အကောင်းဆုံးကစားသမားဟု သတ်မှတ်ခြင်းခံထားရသည့် ဘာစီလိုနာအသင်းနှင့် အာဂျင်တီးနားအသင်း တိုက်စစ်မှူး လီယွန်နယ်မက်ဆီ ပါဝင်လာခဲ့ခြင်းမရှိကြောင်း သိရသည်။

တိုက်စစ်မှူး မက်ဆီသည် ၂၀၁၄ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၂ သန်းဖြင့် ဖောဘိစ်က သတ်မှတ်ဖော်ပြခဲ့သည့် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးအားကစားသမား ၁၀ ဦးစာရင်းတွင် အဆင့်(၉)နေရာ၌ ရပ်တည်ခဲ့သော်လည်း ၎င်း၏ တန်ဖိုးသည် ယမန်နှစ်ကထက် အမေရိကန်ဒေါ်လာ တစ်သန်းလျော့ကျခဲ့ခြင်းကြောင့် ယခုနှစ်တွင် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးအားကစားသမား ၁၀ ဦး စာရင်းတွင် မပါဝင်လာခဲ့ပေ။

ဖောဘိစ်ကသတ်မှတ်ခဲ့သည့် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးအားကစားသမားများကို ဖော်ပြရမည်ဆိုပါက တိုက်ဂါးဝုဒ်သည် အမေရိကန်ဒေါ်လာသန်း ၃၀ ဖြင့် အဆင့်(၁)၊ ဖီးလ်မစ်ကယ်ဆန်သည် အမေရိကန်ဒေါ်လာ ၂၈ သန်းဖြင့် အဆင့်(၂)၊ လီဘရွန်းဂျိမ်းစ်သည် အမေရိကန်ဒေါ်လာ ၂၇ သန်းဖြင့် အဆင့်(၃)၊ ရော်ဂျာဖက်ဒရားသည်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻









themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ
The Mirror
ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ
# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ
အထူးကဏ္ဍအချပ်ပို
အောက်တိုဘာ ၂၄ ရက်၊ ၂၀၁၅ ခုနှစ် (စနေနေ့)

ဆောက်လုပ်ရေးဝန်ကြီးဌာန

## တန်ဖိုးနည်းအိမ်ရာများကို တစ်နိုင်ငံလုံး လွှမ်းခြုံတည်ဆောက်ပေးလျက်ရှိ

**အိမ်ရာစီမံကိန်းများ**

၂၀၁၁-၂၀၁၂ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကာလအတွင်း ဝင်ငွေနည်း ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများကို အဓိကထား၍ တန်ဖိုးနည်းအိမ်ရာများကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည့်အပြင် ဝင်ငွေအလယ်အလတ်ရှိပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း၍ တန်ဖိုးမြင့်အိမ်ရာများ တည်ဆောက်ဖြည့်ဆည်းပေးခဲ့သည်။

ထိုသို့တည်ဆောက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာများအနေဖြင့် အပိုင်း (၁) ၆ ခန်းတွဲ ၄ ထပ် ၃၂ လုံး ပေါင်း ၇၆၈ ခန်း၊ အပိုင်း (၂) ၈ ခန်းတွဲ ၄ ထပ် ၁၆ လုံးပေါင်း ၄၉၆ ခန်း၊ အပိုင်း (၃) ၆ ခန်းတွဲ ၄ ထပ် ၂၁ လုံး ပေါင်း ၅၀၄ ခန်းစုစုပေါင်း ၁၇၆၈ ခန်း။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ ၁၄ ရပ်ကွက် တန်ဖိုးနည်းအိမ်ရာများအနေဖြင့် **စာမျက်နှာ ၂ သို့ »»**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ဆောက်လုပ်လျက်ရှိသော ဇေယျာဝဏ်-ရတနာ တန်ဖိုးသင့်အိမ်ရာစီမံကိန်းကို တွေ့ရစဉ်။

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၏ အဓိကဦးစားပေးကဏ္ဍ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကို ဦးစားပေးတဲ့လုပ်ငန်းတွေ၊ တန်ဖိုးမြင့် ပို့ကုန်ဦးစားပေးတဲ့ လုပ်ငန်းတွေနဲ့ အဆင့်မြင့် နည်းပညာကိုအခြေခံတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တွေကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိပါတယ်။ လုပ်သားအင်အား အများအပြားအသုံးပြုရတဲ့ စက်မှုလုပ်ငန်းတွေဖြစ်တဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုကဏ္ဍတွေဟာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမှာ အဓိက ဦးစားပေးကဏ္ဍတွေ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့ (၆) ကြိမ်မြောက် ရောဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

သတ္တုတွင်းဝန်ကြီးဌာန

## နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ကူ၊ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်း

သတ္တုတွင်းဝန်ကြီးဌာနသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ နိုင်ငံတော်၏ စီးပွားရေးဖော်ဆောင်မှု မူဝါဒများနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုဆိုင်ရာ မူဝါဒရေးဆွဲ၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ပုလဲ မိုမီ ၁၅ သန်းကျော်**

သတ္တုတွင်းဝန်ကြီးဌာန၏ တွင်းထွက်စက်မှုကုန်ကြမ်း ထုတ်လုပ်မှု လျာထားချက် ၄၅၂၉၁၆၈ မက်ထရစ်တန်တွင် အမှန်ထုတ်လုပ်နိုင်မှု ၇၀၃၉၀၈၉ ဒသမ ၁၄ မက်ထရစ်တန်၊ ကျောက်မျက်ထုတ်လုပ်မှု လျာထားချက် ကရက်ထောင်ပေါင်း ၄၃၉၈၈ ကရက်တွင် အမှန်ထုတ်လုပ်နိုင်မှု ကရက်ထောင်ပေါင်း ၅၂၈၃၁ ကရက် ၊ ပုလဲထုတ်လုပ်မှု လျာထားချက် ၁၃၂၅၆၂၁ ဒသမ ၇၃ မိုမီတွင် အမှန်ထုတ်လုပ်နိုင်မှု ၁၅၃၀၆၈၅ ဒသမ ၇၂ မိုမီတို့ကို ထုတ်လုပ်နိုင်ခဲ့ပြီး လျာထားချက်ထက်ပိုမိုထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

သတ္တုထုတ်လုပ်မှုလျာထားချက် ၅၄၆၀၁၆ ဒသမ ၅၂ မက်ထရစ်တန်တွင် အမှန်ထုတ်လုပ်နိုင်မှု ၃၂၉၄၀၉ ဒသမ ၀၄ မက်ထရစ်တန်၊ ရွှေထုတ်လုပ်မှု လျာထားချက် ၂၁၉၆၇၈ ဒသမ ၀၉ ထရိုင်အောင်စတွင် အမှန်ထုတ်လုပ်နိုင်မှု ၁၅၃၈၉၅ ဒသမ ၈၃ ထရိုင်အောင်စ၊ ကျောက်စိမ်းထုတ်လုပ်မှု လျာထားချက် ကီလိုထောင်ပေါင်း ၁၇၅၃၄၅ ကီလိုတွင် အမှန်ထုတ်လုပ်နိုင်မှု ကီလိုထောင်ပေါင်း ၁၀၆၅၀၁ ကီလို ထုတ်လုပ်နိုင်ခဲ့သည်။

**ကျပ်သန်းပေါင်း တစ်သန်းကျော်**

သတ္တုတွင်းဝန်ကြီးဌာန၏ ဦးစီးဌာနနှင့်လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုမှ ဝင်ငွေရရှိမှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လျာထားချက် ကျပ်သန်းပေါင်း ၆၂၄၃၅ ဒသမ ၅၈ သန်းတွင် ရရှိငွေမှာ ကျပ်သန်းပေါင်း ၈၆၆၀၆ ဒသမ ၅၇ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ လျာထားချက် ကျပ်သန်းပေါင်း ၂၆၃၈၆၈ ဒသမ ၇၀ သန်းတွင် **စာမျက်နှာ ၃ သို့ »»**



ပြည်ပကျောက်မျက်ကုန်သည်တစ်ဦး မြန်မာ့ကျောက်စိမ်းအား အရည်အသွေး စစ်ဆေးနေစဉ်။

ကြေးမုံ Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ





၂၀၁၅ ခုနှစ် မေလ ၉ ရက်က ဖွင့်လှစ်ခဲ့သော မြန်မာ - လာအိုချစ်ကြည်ရေးတံတားကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

၄ ခန်းတွဲ ၃ ထပ် ၅ လုံး ပေါင်း ၆၀ ခန်း၊ ၄ ခန်းတွဲ ၄ ထပ် ၇ လုံးပေါင်း ၁၁၂ ခန်း၊ ၈ ခန်းတွဲ ၄ ထပ် ၁၄ လုံးပေါင်း ၄၄၈ ခန်း စုစုပေါင်း အခန်း ၆၂၀။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် တန်ဖိုးသင့်အိမ်ရာများအဖြစ် အပိုင်း (၁) ၆ ခန်းတွဲ ၃ ထပ် ၈ လုံးနှင့် ၄ ခန်းတွဲ ၃ ထပ် ၇ လုံးပေါင်း ၂၂၈ ခန်း၊ အပိုင်း (၂) ၄ ခန်းတွဲ ၄ ထပ် ၉ လုံး ပေါင်း ၁၄၄ ခန်း စုစုပေါင်း ၃၇၂ ခန်း။

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၅၁)လမ်း အကျိုးတူအိမ်ရာ စီမံကိန်းအဖြစ် ၁၂ ထပ်ခွဲ (B,C) ၂ လုံး၊ ၁၅ ထပ်ခွဲ (A,D) ၂ လုံး၊ မူလနေ ၂၂၄ ခန်း၊ ဌာနအခန်း ၁၆၀၊ ကုမ္ပဏီ ၁၄၂ ခန်း စုစုပေါင်း ၅၂၆ ခန်း။

မန္တလေးတိုင်းဒေသကြီး မြရည်နန္ဒာ တန်ဖိုးသင့်အိမ်ရာများအဖြစ် ၄ ခန်းတွဲ ၄ ထပ် ၂၇ လုံးပေါင်း ၄၃၂ ခန်း။

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ စိတ္တရမဟီဝန်ထမ်းအိမ်ရာ အဆင့်မြှင့်တင်ခြင်းအဖြစ် ၄ ခန်းတွဲ ၆ ထပ် ၁ လုံး၊ ၄ ခန်းတွဲ ၇ ထပ် ၁ လုံး၊ ၄ ခန်းတွဲ ၉ ထပ် ၂ လုံး၊ ၄ ခန်းတွဲ ၁၀ ထပ် ၁ လုံး စုစုပေါင်းအခန်း ၁၄၀။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မနောသုခတန်ဖိုးသင့်အိမ်ရာများ အဖြစ် ၄ ခန်းတွဲ ၆ ထပ် ၁၈ လုံး၊ ၄ ခန်းတွဲ ၃ ထပ် ၁၂ လုံး စုစုပေါင်း ၄၄၄ ခန်း။

မကွေးတိုင်းဒေသကြီး ချမ်းမြေ့သာယာ တန်ဖိုးနည်းအိမ်ရာများအဖြစ် ၈ ခန်းတွဲ ၄ ထပ် ၉ လုံး ၂၈၈ ခန်း၊ ၄ ခန်းတွဲ ၃ ထပ် ၄ လုံး ၃၈ ခန်း စုစုပေါင်း ၃၂၆ ခန်း။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝန်ထမ်းအိမ်ရာများအဖြစ် ၂ ခန်းတွဲ ၂ ထပ် ၁လုံး၊ ၄ ခန်းတွဲ ၂ ထပ် ၁လုံး၊ ၄ ခန်းတွဲ ၄ ထပ် ၁၀လုံး၊ ၆ ခန်းတွဲ ၂ ထပ် ၁ လုံး စုစုပေါင်း ၁၈၄ ခန်း။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝန်ထမ်းအိမ်ရာများအဖြစ် ၄ ခန်းတွဲ ၄ ထပ် ၅ လုံး၊ ၄ ခန်းတွဲ ၂ ထပ် ၁ လုံး၊ ၆ ခန်းတွဲ ၂ ထပ် ၃ လုံး၊ ၂ ခန်းတွဲ ၂ ထပ် ၂ လုံး စုစုပေါင်း ၃၇၆ ခန်း။

**ပြည်ပအကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် လမ်းစီမံကိန်းများ**

**ထိုင်းနိုင်ငံအစိုးရ ကူညီသည့် လမ်းစီမံကိန်း**

Department of Highway (Thailand) ၏ အကူအညီအထောက်အပံ့ (Grant) ဖြင့် မြဝတီ-သင်္ကန်းညီနောင် လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပထမ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် သင်္ကန်းညီနောင်-ကော့ကရိတ်လမ်းသစ် ဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၃၀-၈-၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါလမ်းအား လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

Neighbouring countries Economic Development Association (NEDA) ၏ အကူအညီအထောက်အပံ့ဖြင့် သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၏ ဘုရားသုံးဆူမှ ချောင်းဆုံအထိ လမ်းပိုင်း(၈)မိုင်အား အဆင့်မြှင့်တင်ရန်၊ ဘုရားသုံးဆူ မြို့ရှောင်လမ်း လမ်းအသစ်ဖောက်လုပ်ရန်နှင့် Border Control Facility လုပ်ငန်းဆောင်ရွက်ရန်အတွက် ဖြစ်နိုင်စွမ်းလေ့လာမှု (Feasibility Study)အား ၂၆-၂-၂၀၁၄ ရက်နေ့မှ စတင်၍ ဆောင်ရွက်ခဲ့သည်။

**အိန္ဒိယနိုင်ငံအစိုးရ ကူညီသည့်လမ်းစီမံကိန်း**

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ် -ပူတာအိုလမ်းနှင့် ကညင်တန်း-အလယ်သံကျော်-အငူမော်လမ်းတို့အတွက် လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြစ်နိုင်စွမ်းလေ့လာမှု (Feasibility Study)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

**အာရှဖွံ့ဖြိုးရေးဘဏ် ကူညီသည့်လမ်းစီမံကိန်း**

အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank-ADB) ၏ အကူအညီ အထောက်အပံ့ဖြင့် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း ပြန်လည်တည်ဆောက်ခြင်းအတွက် ဖြစ်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အိန္ဒူ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင် တိုးတက်ပြုပြင်ခြင်းအတွက် ဖြစ်နိုင်စွမ်း လေ့လာမှုမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော လမ်းအရည်အသွေးစီမံခန့်ခွဲမှုစနစ်အတိုင်း လမ်းများကို စီမံခန့်ခွဲနိုင်ရန် (Developing the Asset Management Program for Myanmar Roads) စီမံကိန်းကို ADB ၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ ၆၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ကျန်ရှိသောအပိုင်းအား ADB အကူအညီဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများ၏ လမ်းအခြေအနေကို Roadroid ဖြင့် တိုင်းတာပြီး လမ်းများ စီမံခန့်ခွဲမှုစနစ် HDM-4 ကိုအသုံးပြု၍ လမ်းသက်တမ်းအလိုက် ပြင်ဆင်ထိန်းသိမ်းမှုကုန်ကျစရိတ်များဆန်းစစ်၍ လမ်းပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်သွားရန်အတွက် Data Based အစီအစဉ်ကိုဆောင်ရွက်လျက်ရှိပါသည်။

**ကိုရီးယားနိုင်ငံအစိုးရ ကူညီသည့်လမ်းစီမံကိန်း**

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများ၏ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်စေရန် Korea International Cooperation Agency (KOICA) ၏ နည်းပညာအကူအညီဖြင့် (Master Plan for Arterial Road Network Development in Myanmar) လုပ်ငန်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

လမ်းများအား လက်ရှိကျင့်သုံးနေသော (Naming System)ဖြင့် အမည်ပေးသတ်မှတ်ခြင်းမှ ယခုအခါ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော(Numbering System) သို့ ပြောင်းလဲသတ်မှတ်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

နှစ်ရှည်ပင်မစီမံကိန်းအရ အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် အဓိကအသက်သွေးကြောလမ်းမကြီးများဖြစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းအပါအဝင် အရှေ့-အနောက်လမ်းမကြီး ခုနစ်ခုနှင့် တောင်-မြောက်လမ်းမကြီး ငါးခု (7× 5 Expressway)၊ Main Arterial Road Network အဖြစ် အရှေ့အနောက်လမ်းမကြီး ခြောက်ခု၊ တောင်မြောက်လမ်းမကြီး ၁၂ ခု (6 ×12 Main Arterial Road )နှင့် Sub Arterial Road Network များအဖြစ် ဆောင်ရွက်သွားရန် ရေးဆွဲလျက်ရှိသည်။

**JICA (ODA) ချေးငွေဖြင့် ဆောင်ရွက်သည့် လမ်းလုပ်ငန်းများ**

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Japan International Cooperation Agency-JICA) မှ ချေးငွေဖြင့် လမ်း ၁၄ လမ်းကို လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် Pilot Project အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်းနှင့် မကြီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်းတို့ကို စတင်ဆောင်ရွက်ခဲ့ရာ မကြီးကန်-ငှက်အော်စမ်း-ကျိုက်ထော်လမ်းမှာ ၁၀၀ ရာခိုင်နှုန်း လုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် JICA ချေးငွေဖြင့် လမ်း ၁၂ လမ်းကို တင်ဒါခေါ်ယူ၍ လုပ်ငန်းများဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

**တံတားကြီးပေါင်း ၉၀ တည်ဆောက်**

၂၀၁၁ ခုနှစ်တွင် မမြချောင်းတံတား၊ နန့်ခွင်တံတား၊ အောက်နတ်ချောင်းတံတား၊ မြို့ချောင်းတံတား၊ နဂါးပေါက်ချောင်းတံတား၊ စစ်တောင်းတူးမြောင်းတံတား၊ ကျားထူးတံတား၊ ဧရာဝတီမြစ်ကူးတံတား (ညောင်တုန်း)၊ ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ)၊ ဘုန်းတော်ပြည့်တံတားနှင့် ပြင်ရွာချောင်းတံတား စုစုပေါင်း တံတား ၁၁ စင်း တည်ဆောက်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ရဲနွယ်ချောင်းတံတား၊ ဧရာဝတီမြစ်ကူးတံတား (စင်းခန်း)၊ ပေပင်မြစ်ကူးတံတား၊ ရွှေချောင်းတံတား (၁)၊ တုံဟုံးတံတား၊ နမ့်ပန်ချောင်းတံတား၊ ငလိုက်ချောင်းတံတား၊ စစ်တောင်းတံတား (နတ်သံကွင်း)၊ ကျောက်အိုက်ချောင်းတံတား၊ လှိုင်းဘွဲတံတား၊ စွန်ချောင်းတံတား (တောင်တွင်းကြီးမြို့သစ်လမ်း)၊ သဲဖြူချောင်းတံတားနှင့် သုံးခွချောင်းတံတားတို့အပါအဝင် စုစုပေါင်း တံတား ၁၉ စင်း တည်ဆောက်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် တုံစီတံတား၊ ဧရာဝတီမြစ်ကူးတံတား(မလွန်)၊ မိချောင်းရဲတံတား၊ ဘူးရိုးချောင်းတံတား၊ အမ်းချောင်းတံတား၊ လှော်ချောင်းတံတား၊ ဟောင်သရောတံတား၊ ရတနာသိမ်တံတား၊ ဆိပ်ကြီးခနောင်တိုတံတား၊ ကျုံကူးတံတား၊ ရိုးပင်ချောင်းတံတား၊ ခွန်နန်းချောင်းတံတား၊ အကျော်တံတား၊ ကျုံတနီးတံတား၊ ပေါက်စိန်ကျချောင်းတံတား၊ ဆင်သေတံတား၊ မိုးစစ်ချောင်းတံတားနှင့် ကင်းချောင်းတံတားတို့အပါအဝင် စုစုပေါင်းတံတား အစင်း ၄၀ တည်ဆောက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မူးမြစ်ကူးတံတား (ပင်လယ်ဘူး)၊ ဝါးရဲချောင်းတံတား၊ ရေနံချောင်းတံတား၊ ပွန်ချောင်းတံတား (ဘောလခဲ)၊ သီရိမင်္ဂလာတံတား (လှိုင်ကော်)၊ ဘုရင့်နောင်တံတား (အမှတ် -၂)၊ အမှတ် (၂) ရေပြာတံတား၊ ဘိုကလေးတံတား၊ ဆင်ခုံတိုင်တံတားနှင့် စွန်ရဲတံတား စုစုပေါင်းတံတား ၁၂ စင်း တည်ဆောက်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ဟိုင်းကြီးကျွန်းတံတား၊ ထန်းပင်ကုန်းတံတား၊ သံလွင်တံတား(ဖားဆောင်း)၊ ဆမီးကြိုးတံတား၊ မြန်မာ-လာအိုချစ်ကြည်ရေးတံတား၊ မဒေါက်ကလေးတံတား၊ အမှတ်(၁) ပေါက်တံတား(အုန်းတော)၊ ကော့ပေါ်အင်းတံတားနှင့် ဧရာဝတီတံတား(ထီးချိုင့်) စုစုပေါင်း တံတား ကိုးစင်း တည်ဆောက်ခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားများ၊ အိမ်ရာစီမံကိန်းများအပြင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❑❑❑

# ကမ္ဘာ့စီးပွားရေးနှင့် ရင်ပေါင်တန်းဖို့အရေး အခြေခံအုတ်မြစ်များ ကြိုးစားချမှတ်

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ - မေဦးမိုး၊
တင်စိုး(မြန်မာ့အလင်း)

ရုပ်သံဇာတ်လမ်းများတွင် စတော့ပွဲစားများ ကွန်ပျူတာရှေ့၌ တစ်နေကုန်ထိုင်ကာ ရောင်စုံ Graph များပေါ်တွင် အချိန်နှင့်အမျှ ပြောင်းလဲနေသည့် ကာလာမျဉ်းကြောင်းများကို စက္ကန့်မလပ် စောင့်ကြည့်နေကြသူများ၊ ဖုန်းတစ်လုံးဖြင့် ငွေကြေးနှင့်စတော့ဈေးနှုန်းအတက်အကျ ပြောဆိုခန့်မှန်းကာ ငွေကြေးဈေးကွက် ပုံဖော်ကြသူများကို မြင်ဖူးကြပါလိမ့်မည်။

ဆယ်စုနှစ်အတန်ကြာ ရေပွက်ရာ ငါးစာချကာ စီးပွားရှာနေကြသည့် တစ်စနပ်စားလူတန်းစားများကြောင့် ဆင်းရဲချမ်းသာကွာဟချက်များအပြင် စီးပွားရေးပိတ်ဆို့မှုကြောင့် ပျက်စီးလုနီးနီး ပြည်တွင်းလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာ မူဝါဒအရှုပ်အရှင်းများကို ယခုအခါ ပယ်ရှားကျော်လွှားကာ ရေရှည်တည်တံ့ခိုင်မာသည့် ငွေကြေးဈေးကွက်နှင့် စီးပွားရေးမူဝါဒများကို နိုင်ငံအတွင်းဆွဲကိုင်ကာ အောင်မြင်မှုထံသို့ ဦးတည်နေသည်ကို စီးပွားရေးသမားများ အားလုံးမျှော်လင့်ကြသည်။

မြန်မာ့ငွေဈေးကွက်သည်လည်း တည်ငြိမ်မှု၊ အားကောင်းမှုနှင့် ဘဏ်များ၏ခိုင်မာမှုများနှင့်အတူ ဗဟိုဘဏ်မှ နည်းစနစ်အားကောင်းစွာ ပုံမှန်လည်ပတ်မှုနှင့် ဥပဒေ၊ နည်းဥပဒေများ အသက်ဝင်မှုကြောင့် ငါးနှစ်တာကာလအတွင်း အမြင့်ဆုံးအားကောင်းမှု ငွေကြေးဈေးကွက်ရောင်နီဦးများ ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း ငွေကြေးလုပ်ငန်းကျွမ်းကျင်သူများက ကောက်ချက်ချသည်။

"လေးနှစ်တာကာလမှာ မြန်မာ့စီးပွားရေးနဲ့ ငွေကြေးဈေးကွက်ကို ပြန်ကြည့်ရင် အများကြီးပြောင်းလဲတိုးတက်လာခဲ့တာကို မြင်နိုင်ပါတယ်။ အတိုးနှုန်းမူဝါဒတွေ၊ ဖွံ့ဖြိုးလာတဲ့ပုဂ္ဂလိကနဲ့ နိုင်ငံခြားဘဏ်တွေ၊ ငွေချေးစာချုပ်ရောင်းဝယ်ဖို့တွေနဲ့ အပြောင်းလဲဆုံးကတော့ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ကစပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို ထိန်းကျောင်းမှုရှိတဲ့ နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်သစ်ကို ဖွင့်ပေးနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒီဇင်ဘာဆိုရင်လည်း စီးပွားရေးလုပ်ငန်းရှင်တွေအားလုံး ရင်ခုန်စောင့်စားနေတဲ့ ရန်ကုန်စတော့အိတ်ချိန်းကို ထူထောင်နိုင်မယ့်ကိစ္စရပ်တွေဟာ မြန်မာ့စီးပွားရေးနဲ့ ငွေကြေးဈေးကွက်သမိုင်းတစ်လျှောက်မှာ စံချိန်တင်ပြောင်းလဲမှုတွေဖြစ်တယ်"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ပြောကြားသည်။

ထို့ပြင် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင်များ၏ အခက်အခဲတင်ပြမှုများအပေါ် အခြေခံကာ ဗဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဝယ်ယူတင်သွင်းခွင့်ရရှိနိုင်ရေးအတွက် ဖြေလျှော့မှုများကို လုပ်ငန်းအချို့တွင် ယခုနှစ်အတွင်း ပြုလုပ်ပေးခဲ့ခြင်းကြောင့် ပြည်တွင်းစက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများမှာ open market ပွင့်လင်းလာခဲ့ပြီး အခြားသော လုပ်ငန်းများတွင်လည်း ရည်ညွှန်းဈေးအပေါ် အခြေခံကာ ပိုမိုပွင့်လင်းမြင်သာမှုရှိစေခဲ့ကြောင်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နိုင်ငံတကာနဲ့ ရင်ပေါင်တန်းတဲ့အထိ စီးပွားရေးအောင်မြင်မှုကိုရဖို့ မှန်ကန်တဲ့ ငွေကြေးဈေးကွက်နဲ့ အာမခံချက်ရှိတဲ့ ဘဏ်စနစ်တွေရှိလာဖို့ လိုအပ်ပါတယ်။ လက်ရှိမှာ မြန်မာ့စီးပွားရေးကို ဦးဆောင်မယ့် ငွေကြေးဈေးကွက်က မြန်မာငွေကြေးတန်ဖိုးကျဆင်းနေတာတော့ရှိပါတယ်။ သို့သော် သွင်းကုန်နဲ့ ထွက်ကုန်သာ မျှတလာမယ်၊ ဘဏ်တွေရဲ့ ငွေကြေးလည်ပတ်မှုတွေ အားကောင်းလာမယ်ဆိုရင် မြန်မာငွေကြေးက မြင့်မားလာမယ့် အနေအထားရှိပါတယ်။ ဒါ့အပြင် စတော့ရှယ်ယာဈေးကွက်က စနစ်တကျအကောင်အထည်ဖော်လာမယ်ဆိုရင် ငါးပွက်ရာ ငါးစာချနေကြတဲ့ အိမ်ခြံမြေ ဈေးကစားမှုတွေ၊ ဒေါ်လာဈေးနဲ့ ရွှေဈေးကစားမှုတွေကို ထိန်းချုပ်လာနိုင်ပြီး စစ်မှန်တဲ့ နိုင်ငံတကာအဆင့်မီ ငွေကြေးဈေးကွက်ရုပ်လုံးပေါ်လာနိုင်တယ်"ဟု ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်တွင် ပထမဆုံးပေါ်ထွက်လာမည့် မြန်မာစတော့အိတ်ချိန်းကို ဒီဇင်ဘာပထမပတ်တွင် စတင်ဖွင့်လှစ်သွားနိုင်ရန် စီစဉ်လျက်ရှိပြီး စတင်ချိန်တွင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ဂျပန်နိုင်ငံမှ တိုကျိုစတော့အိတ်ချိန်းနှင့် ဒိုင်ဝါသုတေသနဌာနများဖြင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။





၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်စတော့အိတ်ချိန်းအဆောက်အအုံ။

> နိုင်ငံတကာနဲ့ ရင်ပေါင်တန်းတဲ့အထိ စီးပွားရေးအောင်မြင်မှုကိုရဖို့ မှန်ကန်တဲ့ ငွေကြေးဈေးကွက်နဲ့ အာမခံချက်ရှိတဲ့ ဘဏ်စနစ်တွေရှိလာဖို့ လိုအပ်ပါတယ်။ လက်ရှိမှာ မြန်မာ့စီးပွားရေးကို ဦးဆောင်မယ့် ငွေကြေးဈေးကွက်က မြန်မာငွေကြေးတန်ဖိုး ကျဆင်းနေတာတော့ရှိပါတယ်။ သို့သော် သွင်းကုန်နဲ့ ထွက်ကုန်သာ မျှတလာမယ်၊ ဘဏ်တွေရဲ့ ငွေကြေးလည်ပတ်မှုတွေ အားကောင်းလာမယ်ဆိုရင် မြန်မာငွေကြေးက မြင့်မားလာမယ့်အနေအထား ရှိပါတယ်။

စတော့အိတ်ချိန်းစတင်ချိန်တွင် လုပ်ဆောင်ရန် ရည်ရွယ်ထားပြီး ပြည်တွင်းဘဏ်အချို့ ပါဝင်မည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်က ၅၁ ရာခိုင်နှုန်း၊ ဒိုင်ဝါသုတေသနကုမ္ပဏီက ၃၀ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ဂျပန်စတော့အိတ်ချိန်း ဖက်စပ်ကုမ္ပဏီက ၁၈ ဒသမ ၇၅ ရာခိုင်နှုန်းထည့်ဝင်မည်ဖြစ်ကြောင်း ဒိုင်ဝါသုတေသနကုမ္ပဏီက ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မှုနှုန်းများကို လိုက်လျောညီထွေဖြစ်စေမည့် ငွေကြေးမူဝါဒကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်ရည်ရွယ်၍ အဓိကငွေကြေးမူဝါဒများအဖြစ် သီးသန့်ငွေလိုအပ်ချက်၊ အတိုးနှုန်းမူဝါဒနှင့် ငွေကြေးဈေးကွက်တွင် ငွေချေးစာချုပ်များကဒိုင်ရောင်းဝယ်ခြင်း နိုင်ငံခြားငွေလဲလှယ်နှုန်း Exchange Rate တွက်ချက်သတ်မှတ်ပေးခြင်းနှင့် ပြည်တွင်းဘဏ်များ၏ နိုင်ငံခြားငွေရောင်းဝယ်လိုခြင်းများအတွက် နေ့စဉ် Auction ဆောင်ရွက်၍ ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေ (Foreign Exchange Reserve) အား စီမံခန့်ခွဲခြင်းစသော နည်းလမ်းများကို အသုံးပြုကာ ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်ကိုက်ညီသည့် ငွေရေးကြေးရေးကဏ္ဍနှင့် ဈေးနှုန်းများတည်ငြိမ်ရေးကို ထိန်းသိမ်းရန်နှင့် မြန်မာကျပ်ငွေတန်ဖိုး ခိုင်ခံ့တည်မြဲစေရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဝန်ထမ်းအင်အား ၂၅၂၅ ဦးကနေ ငွေကြေးဆိုင်ရာကိစ္စရပ်တွေကို ဖြေရှင်းပေးနေပြီး ဗဟိုဘဏ်ရဲ့ လက်ရှိအတိုးနှုန်းက တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ အပ်ငွေအနည်းဆုံးအတိုးနှုန်းက တစ်နှစ်မှာ ၈ ရာခိုင်နှုန်းရှိပြီး အများဆုံးအတိုးက ၁၃ ရာခိုင်နှုန်းအထိ ဖြစ်လာပါပြီ။ ဒါ့အပြင် ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘဏ်အရေအတွက် ၂၂ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်တယ်"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဖွံ့ဖြိုးမှုအားကောင်းလာသည့် လက်ရှိအနေအထားတွင် မြန်မာ့ငွေကြေးတန်ဖိုးခိုင်မာစေရေးနှင့် ရေရှည်တည်တံ့စေမည့် လုပ်ငန်းများ အားကောင်းလာစေရေးအတွက် အဓိကထား အစိုးရလက်ထက်ဆောင်ရွက်ထားရှိမှုများကြောင့် လာမည့်နှစ်အနည်းငယ်အတွင်း စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှု မူဘောင်များနှင့် စီမံကိန်းများအား လက်တွေ့ကျနစွာ ပိုမိုကျင့်သုံးလာနိုင်မည်ဖြစ်ကာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အားကောင်းခြင်းနှင့်အတူ ပြည်တွင်းစက်မှုလက်မှုဖွံ့ဖြိုးလာနိုင်သည့်အပြင် သွင်းကုန်ပို့ကုန် ငွေကြေးတန်ဖိုးများလည်း မြင့်တက်လာနိုင်ပြီး နိုင်ငံ့စီးပွားရေး အားကောင်းလာမည်ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးဖြစ်သူ ဒေါက်တာအောင်ထွန်းသက်က မြန်မာ့အလင်း၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့ဖူးသည်။

ထို့ပြင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်ကာ စီးပွားရေးပိတ်ဆို့သည့်ကာလတစ်လျှောက် ပြည်ပနိုင်ငံများနှင့် ငွေကြေးဝန်ဆောင်မှုများ ချိတ်ဆက်ပေးခဲ့သော စင်ကာပူဘဏ်များအပြင် နိုင်ငံခြားဘဏ်ခွဲ ကိုးခုကို ဗဟိုဘဏ်မှ ခွင့်ပြုခဲ့ပြီး Cooperate Banking စနစ်ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား ပြည်တွင်းဘဏ်များမှတစ်ဆင့် ငွေချေးယူနိုင်မည့်အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့ကြောင်း ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်ထံမှ သိရသည်။

"နိုင်ငံတကာမှာ အသုံးပြုနေတဲ့ Visa ကတ်တို့ Master ကတ်တို့ကိုလည်း သုံးစွဲနိုင်သလို MPUနဲ့ ATM ကတ်ဝန်ဆောင်မှုတွေ အသုံးပြုပြီး ငွေကြေးဈေးကွက်အကောင်အထည်ဖော်နေတာ အားရစရာကောင်းပါတယ်။ ဒါပေမယ့် Visa နဲ့ Master ကတ်က ပုဂ္ဂလိကဘဏ်တစ်ခုချင်းစီနဲ့ ချိတ်ဆက်လုပ်ဆောင်ပြီး တရုတ် CUP ကတ်နဲ့ ဂျပန် JCB ကတ်က ပြည်တွင်းဘဏ်များ ပူးပေါင်းဖွဲ့စည်းထားတော့ MPU (Myanmar Payment Union) နဲ့ ချိတ်ဆက်ထားရပါတယ်။

MPU ကတ်တွေက ဘယ်ငွေထုတ်စက်မှာမဆို ထုတ်ယူနိုင်သလို Visa နဲ့ Master ကတ်တွေ၊ အဲဒါတွေနဲ့ ချိတ်ဆက်ထားတဲ့ ဘဏ်တွေရဲ့ ငွေထုတ်စက် ATM တွေမှာ မြန်မာငွေကိုပါ ထုတ်ယူနိုင်တာဟာ နိုင်ငံတကာစီးပွားရေးသမားတွေရော၊ ပြည်တွင်းလုပ်ငန်းရှင်တွေအတွက်ပါ အလားအလာကောင်းပါတယ်။ ဒါပေမယ့် အခြေခံအဆောက်အအုံလိုအပ်ချက်၊ ချို့ယွင်းချက်တွေက အများကြီးပဲ။ ရုတ်တရက် မီးအားကျသွားတာတို့၊ ရာသီဥတုမကောင်းလို့ ငွေချက်ချင်းထုတ်မရတာတို့လို အခြေခံလိုအပ်ချက်အခက်အခဲတွေကိုတော့ လုပ်ဆောင်ဖြည့်ဆည်းနေပါတယ်"ဟု ကမ္ဘောဇဘဏ်မှ အကြံပေးဦးသန်းလွင်က ပြောကြားသည်။

❑❑❑